# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းက သာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၃၅)


# မြို့တော်စည်ပင်နယ်နိမိတ်အတွင်း ခွင့်ပြုချက်မဲ့အဆောက်အအုံတည်ဆောက်ခြင်းနှင့် ခွင့်ပြုအထပ်ရေထက် ပိုမိုဆောက်လုပ်ပါက အရေးယူလျက်ရှိ

**သော်တာနမ့်စန်**

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွင့်ပြုချက်မဲ့အဆောက်အအုံများ တည်ဆောက်ခြင်း၊ ခွင့်ပြုအထပ်အရေအတွက်ထက် ပိုမိုဆောက်လုပ်နေခြင်းနှင့်စပ်လျဉ်း၍ အစိုးရသစ်ကာလတွင် သေချာစွာ စိစစ်ဆောင်ရွက်လျက်ရှိပြီး နှစ်ဖက်ဖြစ်သောပြဿနာဖြစ်ကြောင်း၊ ခွင့်ပြုချက်မဲ့အဆောက်အအုံများ ခွင့်ပြုပုံစံကွဲလွဲဆောက်လုပ်သော အဆောက်အအုံများကို စစ်ဆေးတွေ့ရှိပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းများ ရပ်ဆိုင်းစေကာ ခွင့်ပြုချက်ရရှိရန် အသိပေးအကြောင်းကြားကြောင်း၊ လိုက်နာမှုမရှိဘဲ ဆက်လက်ဆောက်လုပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တရားလိုပြုလုပ်၍ သက်ဆိုင်ရာ တရားရုံးတွင်

*စာမျက်နှာ ၄ ကော်လံ ၁* ❍



**ယနေ့ မာတိကာ**


**မောင်တောဒေသအကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များအား သွားရောက်သတင်းရယူခဲ့သည့် ပြည်တွင်းပြည်ပ မီဒီယာတချို့၏ စကားသံများ** စာ » ၆

**မတ်ပဲနှင့် ပဲစင်းငုံဈေးကျသော်လည်း ပြည်တွင်းစားသုံးမှုများသည့် ပဲဈေးနှုန်းများမြင့်တက်လျက်ရှိ** စာ » ၁၁

**မာရဝီတောင်ပိုင်းရှိ ကျန်ဒေသများကို ပြန်လည်သိမ်းပိုက်နိုင်ရေး အစိုးရတပ်ဖွဲ့များ ဆက်လက်ထိုးစစ်ဆင်** စာ » ၁၄


## မောင်တောဒေသတွင် ကောလာဟလထုတ်လွှင့်ခြင်းနှင့် လုပ်ကြံသတင်းမှားများ ဖြန့်ချိခြင်း မပြုလုပ်ကြရန် သတင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂

**ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်တိုက်ဖျက်ရေး၊ ပြည်သူများဘေးကင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေစဉ် ပဋိပက္ခများ မဖြစ်ပွားစေရန်အတွက် ကောလာဟလထုတ်လွှင့်ခြင်းနှင့် လုပ်ကြံသတင်းမှားများ ဖြန့်ချိခြင်းမပြုလုပ်ကြရန် သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ရက်စွဲဖြင့် တိုက်တွန်းချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။**

အဆိုပါထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက်မှစတင်၍ ARSA အစွန်းရောက် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများအားသတ်ဖြတ်ခြင်း၊ လက်လုပ်မိုင်းများထောင်၍ နေအိမ်များအားမီးရှို့ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ၊ တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် မောင်တောဒေသအတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်၍လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာချက်များ ထုတ်ပြန်၍လည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထား၍လည်းကောင်း အကြမ်းဖက်တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ချိန်တည်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပိတ်မိနေသော ရွာသူရွာသားများအား ရွှေ့ပြောင်းကယ်ထုတ်ခြင်း၊ ဒေသခံများဘေးကင်းလုံခြုံရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၅* ✻

## မောင်တောမြို့နယ်အတွင်းမှ အေးချမ်းစွာ နေထိုင်လိုကြသည့် အစ္စလာမ်ဘာသာဝင်များအား လုံခြုံရေးနှင့် ထောက်ပံ့ကူညီရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ရခိုင်ပြည်နယ်မြောက်ခြမ်း၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လူမဆန်စွာအကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များကြောင့် နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စိုးရိမ်ကြောင့်ကြမှု ကင်းဝေးစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေး ဆောင်ရွက်လျက်ရှိရာ အေးချမ်းစွာနေထိုင်လိုကြသည့် အစ္စလာမ်ဘာသာဝင်များကလည်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကို လုံးဝလက်မခံနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ညနေပိုင်းတွင် သတင်းထုတ်ပြန်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✪


Established in 1958

ကိန္နရီ ®

အဆင့်မြင့်ချည်ချောလုံချည်

*The Ultimate Quality and Fastness.*

အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့ အသုံးစွန်

ပင်ရင်း- **ကိန္နရီ** အထည်စက်၊ သဲတောမြို့၊ ဖုန်း - ၀၆၄ - ၂၀၅၀၁၃၁၊ ၀၆၄ - ၂၀၅၀၃၂၅

ရန်ကုန်ဖြန့်ချိရေး - အမှတ်(၂၀၇) မဟာဗန္ဓုလ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၁ ၂၂၈

မြန်မာ့အလင်း

## မြန်မာ့စီးပွားရေး အလားအလာကောင်းများ

နေပြည်တော်တွင် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုဆိုင်ရာဖိုရမ်တွင် စီးပွားရေးအသွင်ကူးပြောင်းမှုနှင့်ပတ်သက်သော ဆွေးနွေးဝိုင်းတစ်ခုလည်း ပါဝင်ခဲ့ပါသည်။ ထိုစကားဝိုင်းသုံးသပ်ချက်ကို ယေဘုယျဖော်ပြရလျှင် စီးပွားရေးနေးကွေးမှု တစ်စုံတစ်ရာရှိသော်လည်း ရှေ့တွင်ကောင်းမွန်သည့် အလားအလာများစွာ ရှိသည်ဟု သုံးသပ်ကြခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးကို ယခင်အစိုးရလက်ထက် ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ဖော်ပြ၍ သုံးသပ်မှုများလည်းရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်က နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)သည် ၉ ဒသမ ၄ ဘီလီယံဒေါ်လာ ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် FDI ၆ ဒသမ ၆ ဘီလီယံအထိ ကျဆင်းခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် အစိုးရသစ်၏ ပထမတစ်နှစ်တာသည် အစိုးရပြောင်း၊ မူဝါဒပြောင်းနှင့် တာဝန်ခံမှုပြောင်းလဲသောနှစ်ဖြစ်၍ စောင့်ကြည့်လေ့လာရသော နှစ်ပင်ဖြစ်ပါသည်။

သို့သော် ပထမနှစ်ချင်းယှဉ်လျှင်ပင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် FDI ၄ ဒသမ ၆ ဘီလီယံဒေါ်လာသာ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအစိုးရ၏ ပထမနှစ်ဖြစ်သော ၂၀၁၆-၂၀၁၇ တွင် ၆ ဒသမ ၆ ဘီလီယံဒေါ်လာ ဝင်ရောက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ ယခုနောက်ဆုံးသိရှိရသော ကိန်းဂဏန်းများအရ ၂၀၁၆ ခုနှစ်မှ ၂၀၁၇-၂၀၁၈ (၈) လပိုင်းအထိ တစ်နှစ်ခွဲကာလအတွင်း FDI ဝင်ရောက်မှုမှာ ၁၅ ဒသမ ၂၀၇ ဘီလီယံ ရှိသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကိုကြည့်လျှင် တရုတ်နိုင်ငံသည် ၁၉ ဘီလီယံကျော်ဖြင့် အများဆုံးနေရာတွင် ရှိနေသော်လည်း ထိုအထဲမှ အများစုသည် အစောပိုင်းကာလမြှုပ်နှံမှုများဖြစ်ပြီး နောက်ပိုင်းတွင် တရုတ်ရင်းနှီးမြှုပ်နှံမှု လျော့နည်းသွားခဲ့သည်။ ထို့ပြင် တရုတ်ပြည်၏ ရင်းနှီးမြှုပ်နှံမှုမှာ စွမ်းအင်ကဏ္ဍတွင် အများဆုံးဖြစ်ခဲ့ရာ အလုပ်အကိုင်ဖန်တီးမှု အများအပြားမရရှိခဲ့ပေ။ ယခုနောက်ပိုင်းတွင် တစ်ဟုန်ထိုးတိုးတက်လာသည်မှာ စင်ကာပူရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမလေးလအထိ ရင်းနှီးမြှုပ်နှံမှုအပါအဝင် စုစုပေါင်း ဒေါ်လာ ၁၆ ဘီလီယံအထိရှိလာသည်ကို တွေ့ရသည်။ ထို့အတူ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၀ မတိုင်မီအထိ ဒေါ်လာ ၂၃ သန်းသာ ရှိရာမှ ယခု ဒေါ်လာ နှစ်ဘီလီယံကျော်ဖြင့် တတိယနေရာတွင် ရှိနေပါသည်။

ထို့အပြင် ယခုရင်းနှီးမြှုပ်နှံမှုများမှာ စက်မှုကုန်ထုတ်လုပ်ငန်း၊ ဆက်သွယ်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုများပြားစွာ ဝင်ရောက်လာခြင်းဖြစ်သည်။ သီလဝါစက်မှုဇုန်၏ အောင်မြင်မှုက မြန်မာ့စီးပွားရေးအတွက် အထောက်အကူများစွာ ရရှိစေခဲ့သည်ကို တွေ့ရပါသည်။ ယခင်က ပြည်တွင်းစီးပွားရေးကိုကြည့်လျှင် တိုင်းပြည်၏သယံဇာတအရင်းအမြစ်များကို ထုတ်ယူရောင်းချရေးကဏ္ဍကိုသာ အများဆုံးလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းနှင့် လူအချို့၏ လက်ဝယ်သာရှိခြင်းတို့ကြောင့် အခွန်တိမ်းရှောင်မှုများပြားခဲ့ပြီး လူထုတစ်ရပ်လုံးသို့ ဝင်ငွေဖြန့်ခွဲရောက်ရှိမှု နည်းပါးခဲ့သည်။ ထိုသို့သော စီးပွားရေးများ အရှိန်သတ်သွားခြင်းသည် 'ပြောင်းလဲချိန်တန်ပြီ' ဆိုသည့်အတိုင်း စနစ်ပြောင်း၊ မူဝါဒပြောင်းလဲမှုများတွင် မဖြစ်မနေတွေ့ကြုံ ရတတ်သော ဆေးခါးကြီးတစ်ခွက်ပင်ဖြစ်သည်။

ဩဂုတ် ၂၄ ရက်က ရန်ကုန်မြို့နိုဗိုတယ်ဟိုတယ်မှာ ကျင်းပခဲ့သော ဆွေးနွေးပွဲတစ်ခုတွင် စီးပွားရေးပညာရှင် ပါမောက္ခ ရှောင်တန်နဲလ်က ပြောကြားရာတွင် ယခင်အစိုးရ၏ နောက်ဆုံးသုံးနှစ်သက်တမ်းတွင် ဘတ်ဂျက်လိုငွေ ဆက်တိုက်မြင့်တက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လိုငွေ ၁၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၁၅-၂၀၁၆ တွင် ဘတ်ဂျက်လိုငွေ ၃၁ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ ငွေကြေးဖောင်းပွမှုမှာလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၄ ရာခိုင်နှုန်းအထိရှိလာခဲ့သည်။ ထိုအခြေအနေကို NLD အစိုးရဆက်ခံခဲ့ရခြင်းဖြစ်ရာ မထိန်းနိုင်ဘဲ ဆက်လက်ကြီးထွားလာမည်ဆိုလျှင် အစိုးရတစ်ရပ်လုံး ဒေဝါလီခံရမည့် အရေးနှင့်ပင် ကြုံတွေ့နိုင်သည်ဟု ပြောခဲ့ပါသည်။

ယခု ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ နှစ်ဆန်းတွင် ၆ ဒသမ ၉၇ ရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့ပြီး နောက်ဆုံးဇူလိုင်လကုန် စာရင်းများအရ ၄ ဒသမ ၉ ရာခိုင်နှုန်းသာရှိတော့သည်ကို တွေ့ရသည်။ လတ်တလော ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တစ်ခုအရ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းမှာ ၃၁ ရာခိုင်နှုန်းကျော်ရှိရာမှ ယခု ၁၉ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ဟု ဆိုပါသည်။ ထို့ကြောင့် အစိုးရအသုံးစရိတ်များ အကြီးအကျယ်လျှော့ချခဲ့ခြင်း၊ သယံဇာတစီးပွားရေးမှ ပုံမှန်စီးပွားရေးသို့ တဖြည်းဖြည်းကူးပြောင်းခြင်း၊ စီးပွားရေးကို မှန်ကန်သော ပေါ်လစီများအတိုင်း တဖြည်းဖြည်းချင်းပြောင်းလဲလာစေခြင်းတို့ကြောင့် အနာဂတ်အတွက် ကောင်းမွန်သော အလားအလာများ တွေ့မြင်ရပြီဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုသည်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်က ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာမှ လတ်တလော IMF ၏ ခန့်မှန်းမှုအရဆိုလျှင် ၂၀၁၇-၂၀၁၈ အတွင်း ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိလာမည်ဟု သိရပါကြောင်း တင်ပြရပါသည်။ ။

## မုံရွာတက္ကသိုလ်မှ အိမ်ရှင်အဖြစ် ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့်ကျင်းပရန် စီစဉ်လျက်ရှိ

**မုံရွာ စက်တင်ဘာ ၂**

မြန်မာ့ဝန်းကျင်သိပ္ပံနှင့် မုံရွာတက္ကသိုလ်ဘူမိဗေဒဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့် (The First Myanmar National Conference On Earth-Science 2017) ကို မုံရွာတက္ကသိုလ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကွန်ဖရင့်မှာ စာတမ်းဖတ်ကြားလိုတဲ့ တက္ကသိုလ်အသီးသီးက ပါမောက္ခတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေနဲ့ ပြင်ပပညာရှင်တွေအနေနဲ့ စာတမ်းအကျဉ်းကို admin@mynces.org အီးမေးလ်ကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားပေးပို့နိုင်ပါတယ်။ ကွန်ဖရင့်ပြီးရင်လည်း စစ်ကိုင်းတိုင်းအတွင်း မုံရွာဝန်းကျင်ကိုလေ့လာရေးကွင်းဆင်းဖို့ စီစဉ်ထားပါတယ်" ဟု မုံရွာတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ဇော်မြင့်နီက ပြောသည်။

အဆိုပါကွန်ဖရင့်ကို မုံရွာတက္ကသိုလ်နှင့် အခြားကျောင်းများမှ ဆရာ ဆရာမများအတွက် ပထမဆုံးအကြိမ်အဖြစ် မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နိုင်ငံတော်အဆင့် လက်ခံကျင်းပသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေသိပ္ပံ ဘူမိဗေဒနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရန်၊ သုတေသနလုပ်ငန်းတိုးတက်ရန်၊ လူမှုဝန်းကျင်သုတေသနများတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးမှ ပထဝီ၊ ရေအရင်းအမြစ်၊ သစ်တောနှင့် ဘူမိစသည့် သုတေသနစာတမ်းများကို ကွန်ဖရင့်တွင် လာဖတ်၍ရအောင် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သံတိုင်ထွန်း**

## ထင်သာမြင်သာ ပြုပြင်စရာ

### တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း၌ လမ်းပေါ်ရောက် ဈေးရောင်းသူများကြောင့် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်

တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းသည် တောင်ငူမြို့တွင် လမ်းအသုံးပြုသူအများဆုံးဖြစ်သည်။ ဗိုလ်မှူးဖိုးကွန်းလမ်းတွင် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ဖုန်းအရောင်းဆိုင်များနှင့် စတိုးဆိုင်များတည်ရှိနေခြင်းကြောင့် တစ်နေ့တာ၏ ညနေခင်းတွင် လမ်းသွားလမ်းလာများ၊ ရောင်းသူဝယ်သူများဖြင့် စည်ကားအရှုပ်ထွေးဆုံးသောလမ်းဖြစ်သည်။ တောင်ငူတက္ကသိုလ်နှင့် ဆရာအတတ်သင်ကျောင်းသို့



သွားရာတွင်လည်း အဆိုပါလမ်းကို အသုံးပြုကြရသည်။

ဗိုလ်မှူးဖိုးကွန်းလမ်း၏ အကျယ်သည် ပေ ၄၀ ဝန်းကျင်ခန့်ရှိပြီး လူသွားလမ်းအဖြစ်ထားရှိသည့် ပလက်ဖောင်းများသည် ဈေးဆိုင်ခန်းများ၏အခင်းအကျင်းဖြင့် ပျောက်ဆုံးနေသည်။ နေ့တစ်နေ့၏ နံနက်ခင်းနှင့် ညနေခင်းတို့တွင် ရုံးသွားရုံးပြန်၊ ကျောင်းသွား ကျောင်းပြန်များ၊ အလုပ်သွား အလုပ်ပြန်များက ဆိုင်ကယ်ကိုယ်စီဖြင့် သွားလာနေချိန်တွင် စီးပွားရေးအရ ဖုန်းပရိုမိုးရှင်းပြုလုပ်ရာ၌ ယာယီရွက်ဖျင်မိုးကာများ၊ လေဖောင်းအရုပ်များကို လမ်း၏ သုံးပုံတစ်ပုံခန့် နေရာယူထားရှိပြီး လက်ကမ်းစာစောင်ဝေခြင်းများဖြင့် လမ်းသွားလမ်းလာများကို အရောင်းမြှင့်တင်မှု ပြုလုပ်ကြသည်။

ထိုသို့ပြုလုပ်ရာတွင် လမ်းတစ်ဖက်ပိတ်ဆို့နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုမကြာခဏဖြစ်ပေါ်နေပြီး ယာဉ်အန္တရာယ်စိုးရိမ်ရသည်။ နေ့စဉ် ဖြတ်သန်းသွားလာနေသည့် တောင်ငူတက္ကသိုလ် ကျောင်းသူတစ်ဦးက" ညီမတို့က နေ့စဉ် နှစ်ကြိမ်ဒီလမ်းပေါ်ကနေ သွားလာနေကြရတာ၊ လမ်းပိတ်တာကတော့ မကြာခဏ ကြုံနေရတယ်၊ ဈေးဆိုင်တွေမှာ ဈေးဝယ်လာသူတွေရဲ့ ဆိုင်ကယ်တွေ စနစ်တကျမရပ်တာနဲ့ ဆိုင်ကယ်၊ ကားနှစ်ထပ်ရပ်တော့ လမ်းကပိတ်သွားရော၊ ရောင်းသူရော၊ ဝယ်သူရော စနစ်တကျရှိမယ်ဆိုရင် လမ်းပိတ်တဲ့ဒုက္ခ မရှိတော့ဘူးလို့ ထင်ပါတယ်" ဟု ပြောသည်။ သို့ဖြစ်၍ ဗိုလ်မှူးဖိုးကွန်းလမ်းပေါ်၌ ဈေးဝယ်ဈေးသည်များကြောင့် လမ်းပိတ်ဆို့ခြင်းမရှိစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်ထိန်းသိမ်းပေးနိုင်ရန် တင်ပြလိုက်ရပါသည်။

(၁၂၃)

### ကျောင်းသား ကျောင်းသူများကို မူးယစ်ဆေးဝါး အသိပညာပေး ဟောပြော

**သထုံ စက်တင်ဘာ ၂**

မွန်ပြည်နယ် ပေါင်မြို့ ဇင်းကျိုက်နယ်မြေရဲကင်းမှူး ရဲအုပ် အောင်မင်းထွန်း ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် ကတွန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ စုစုပေါင်း ၃၀၀ ခန့်ကို မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၈ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၆ ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၂ ・၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・၂၁၄ |
| တရုတ် | တစ်ယွမ် | ၂၀၅ ・၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ・၁၁ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၂**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံး၏ဖိတ်ကြားချက်အရ ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်နှစ်ဦးတို့လည်း လိုက်ပါသွားကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်တွေ့ဆုံခြင်း၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားဆက်ဆံရေး ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လွှတ်တော်တွင်းလေ့လာခြင်း၊ တရားရေးဝန်ကြီးဌာနသို့ သွားရောက်ခြင်း၊ အကျဉ်းထောင်သို့လေ့လာခြင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့နှင့် တွေ့ဆုံခြင်း၊ Prague မြို့ရှိ Burma Centre အဖွဲ့နှင့်တွေ့ဆုံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ ရတနာပုံမြို့သစ်စီမံကိန်း(ဧက-၁၀၀၀၀) ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှု ကော်မတီ၏ (၁/၂၀၁၇) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရတနာပုံတယ်လီပို့ အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ရတနာပုံမြို့သစ် တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကား ပြောကြားရာတွင် - နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူ့အတွက် အကျိုးရှိအောင် ရတနာပုံမြို့သစ်စီမံကိန်းကို ပြန်လည်အကောင်အထည်ဖော်ရန်၊ မြန်မာနိုင်ငံ၏ နည်းပညာဗဟိုအချက်အချာတစ်ခုဖြစ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာအဆင့်မီနည်းပညာ ဗဟိုတစ်ခုဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ဧက တစ်သောင်း ကျယ်ဝန်းသော ရတနာပုံမြို့သစ်စီမံကိန်းကို (၂၀၀၅-၂၀၀၆) ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၀ နှစ်ကျော်ကြာမြင့်ပြီးဖြစ်တဲ့အတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရတနာပုံမြို့သစ် စီမံကိန်းသည် အကောင်အထည်ဖော်ပြီးသားဖြစ်သည့်အတွက် လုပ်ငန်းစတင်နိုင်ရန် လွယ်ကူအဆင်ပြေသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကဏ္ဍအသီးသီးမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ဖို့လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ လက်ရှိ ဆက်သွယ်ရေးကဏ္ဍ လုပ်ဆောင်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၎င်းနောက် ရတနာပုံမြို့သစ် တည်ဆောက်ရေးကြီးကြပ်မှုကော်မတီတွဲဖက် အတွင်းရေးမှူး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ယခင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ရတနာပုံမြို့သစ် တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌမှ ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရတနာပုံမြို့သစ် တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ အစည်းအဝေးအပြီးတွင် ရတနာပုံတယ်လီပို့စီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီလုပ်ငန်းရှင်များက တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရှေ့ဆက်လက်ဆောင်ရွက်ရန် ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးမှ ပေါင်းစပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားသည်။

ထို့နောက် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းအခြေအနေများနှင့် Brust Transmission Co,.Ltd. မှ ကင်မရာ၊ မှန်ဘီလူးနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် မွန်းလွဲပိုင်းတွင် Oriental Highway Co,.Ltd. မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ပြင်ဦးလွင်-မန္တလေး လမ်းပိုင်းအား စက်ယန္တရားများဖြင့် အောက်ခံလမ်းသားအမာခံရရှိအောင် ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ကတ္တရာ ကွန်ကရစ်(AC) ခင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

***ရှေ့ဖုံးမှ***

လုံခြုံရေးများဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာများ ဖြန့်ဝေခြင်း၊ အကြမ်းဖက်ရန်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများအားရှာဖွေ၍ ဘေးကင်းလုံခြုံရာနေရာများသို့ ပို့ဆောင်ပေးခြင်း၊ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီခြင်း စသည်တို့ကို တပ်မတော်နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မောင်တောဒေသအတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို တုံ့ပြန်နှိမ်နင်းရေး၊ ပြည်သူများဘေးကင်းလုံခြုံရေး၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အထူးဦးစားပေး၍ ဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့အရေးကြီးသော အချိန်အခါတွင် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ ကောလာဟလများ ဖြန့်ချိခြင်းကြောင့် ဦးစားပေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့်ပြည်သူများအတွက် အခက်အခဲများ ဖြစ်ပေါ်စေနိုင်ကြောင်း။

စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီခန့်က ကျောက်တော်မြို့နယ် ပြည်တော်သာရပ်ကွက်အနီး ပိုက်သည်ရပ်ကွက် သင်္ချိုင်းဟောင်းရှိ ဇရပ်ဟောင်း ဖျက်ဆီးခံနေရကြောင်း ကောလာဟလများ ထုတ်လွှင့်ပြီး ဆူပူမှုဖြစ်စေလိုသူအချို့မှ သွေးထိုးလှုံ့ဆော်လျက်ရှိသဖြင့် တာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

အလားတူ စက်တင်ဘာ ၁ ရက် ညပိုင်းတွင်လည်း ကျောက်ဖြူမြို့နယ် စေတီတောင်ရပ်ကွက်တွင် ရုံးခန်းဖွင့်လှစ်ထားသော လူငယ်အားမာန်အဖွဲ့ (Youth Strength Association - YSA) ရုံးအား ကျောက်ဖြူခရိုင် လူငယ်အဖွဲ့မှ အင်အားအချို့ လာရောက်စုရုံးဝိုင်းဝန်းမှုဖြစ်ပေါ်ခဲ့သော်လည်း တာဝန်ရှိသူများက အချိန်မီသွားရောက်တားဆီးနိုင်ခဲ့သဖြင့် ပြဿနာ တစ်စုံတစ်ရာမရှိဘဲ ည ၉ နာရီကျော်တွင် အေးချမ်းစွာ လူစုကွဲသွားခဲ့ကြောင်း။

သို့ဖြစ်ပါ၍ မလိုလားအပ်သော ပဋိပက္ခများ ဖြစ်ပွားလာခြင်းမရှိစေရန်အတွက် ကောလာဟလထုတ်လွှင့်ခြင်းနှင့် လုပ်ကြံသတင်းမှားများ ဖြန့်ချိခြင်းများ မပြုလုပ်ကြပါရန်နှင့် မောင်တောဒေသအတွင်း အကြမ်းဖက်အန္တရာယ်မှ တုံ့ပြန်ချေမှုန်းနိုင်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလျက် သတင်းထုတ်ပြန်အပ်ပါကြောင်း ဖော်ပြထားသည်။
**(သတင်းစဉ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုကြောင့် ယနေ့အထိ သေဆုံးသူ ၃၆ ဦးရှိခဲ့

**နေပြည်တော် စက်တင်ဘာ ၂**

ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်မှစ၍ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူများကို စောင့်ကြပ်ကြည့်ရှုခဲ့ပြီး ဩဂုတ် ၇ ရက် နောက်ပိုင်းမှစ၍ ဖြစ်ပွားမှုများ စတင်ကျဆင်းလာကြောင်း၊ ဆေးရုံတက်ရောက်ကုသသူလူနာ ၁၀၂၉ ဦးတွင် ပိုးတွေ့လူနာ ၃၆၉ ဦး ရှိပြီး စုစုပေါင်း ၃၆ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ယနေ့မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့မွန်းလွဲ ၂ နာရီအထိ လွန်ခဲ့သော ၁၀ ရက်အတွင်း သံသယလူနာ ၁၈၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ၅၂ ဦးတွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူ သုံးဦးရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၁၀၂၉ ဦးအနက် Seasonal Influenza A(H1N1)pdm09 ပိုးတွေ့လူနာ စုစုပေါင်း ၃၆၉ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူဦးရေမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်ဦးနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၁၀ ဦး စုစုပေါင်း ၃၆ ဦးရှိကြောင်း။

လက်ရှိအချိန်တွင် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများ၌ အတွင်းလူနာ စုစုပေါင်း ၂၅ ဦး ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ဆေးရုံတက်ရောက်ကုသသူဦးရေမှာလည်း တစ်နေ့တခြားသိသိသာသာ ကျဆင်းလျက်ရှိကြောင်း၊ စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့်ဂေဟာများ၊ အခြားလူစုလူဝေးရှိသောနေရာများတွင် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ ထပ်ပေါင်းဖြစ်ပွားမှု (Cumulative incidence of Influenza Like Illness symptoms) အခြေအနေမှာ လျော့နည်းသွားသဖြင့် ကူးစက်မှုနှုန်းမှာ ကျဆင်းလာကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးကို မဖြစ်မနေထိုးရမည်ဟု သတ်မှတ်ထားခြင်းမရှိသော်လည်း လူနာနှင့်ထိတွေ့ရသည့် ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးပေးလျက်ရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံအများစုတွင်လည်း ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တွင် ထိုးနှံပေးခြင်းမရှိပါကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲတိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

(မိုး/ဇလ)

# နေပြည်တော်၌ ကြံသီးနှံစိုက်ပျိုးတောင်သူများအား စိုက်ပျိုးနည်းစနစ်ပညာပေးခြင်းနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာအတွင်းရှိ စက်စက်ယိုစိုက်ကွင်းတွင် ကြံစိုက်ပျိုးတောင်သူများအား စိုက်ပျိုးနည်းစနစ်ပညာပေးခြင်းနှင့် ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့် (စက်မှုသီးနှံစိုက်ပျိုးမှုပညာပေးရေး)နှင့် ဝန်ထမ်းများက ကြံစိုက်ပျိုးနည်းစနစ်များဖြစ်သည့် တစ်ဆစ်ချင်းစိုက်နည်း၊ ပုံမှန်စိုက်နည်း၊ တန်းကျယ်စိုက်နည်းနှင့် မျိုးယှဉ်ပြိုင်စိုက်နည်းစနစ်များကို ကွင်းသရုပ်ပြရာ တာဝန်ရှိသူများနှင့် ကြံသီးနှံစိုက်ပျိုးတောင်သူများ ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်စက်ယိုစိုက်ကွင်းအတွင်းရှိ ကြံသီးနှံစိုက်နည်းစနစ်နှင့် စိုက်ပျိုးထားသည့် မျိုးယှဉ်ပြိုင် စံပြကွက်များအား ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

မျိုး(နေပြည်တော်)



# လူငယ်များအနာဂတ်ကောင်းမွန်ရေး၊ လူသားကောင်းများဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးစားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းမျက်မမြင်ကျောင်း၌ အမြင်အာရုံနည်းပါးသော အခြေခံပညာသင် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ တစ်ဦးချင်းစီအား ကျောပိုးအိတ်တစ်လုံး၊ ဗလာစာအုပ် တစ်ဒါဇင်စီနှင့် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၂၃ သိန်း နှစ်သောင်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူး၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ပညာရေးဝန်ထမ်းများက သင်ကြားရေးဆိုင်ရာ၊ ရာထူးခန့်ထားရေးနှင့် ရာထူးတိုးမြှင့်ရေးဆိုင်ရာ၊ ပါရဂူဘွဲ့သင်တန်းဆိုင်ရာ၊ ပညာရေးဘွဲ့ စာပေးစာယူသင်တန်းဝင်ခွင့် ရွေးချယ်ရေးဆိုင်ရာ စသည့်သိရှိလိုသည်များကို မေးမြန်း၊ ဆွေးနွေးအကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များအနာဂတ်ကောင်းမွန်ရေး၊ လူသားကောင်းများဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။





ယင်းနောက် မန္တလေးမြို့ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆင့်များတိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း၊ အခမဲ့အခြေခံပညာရေးကို အကောင်အထည်ဖော်ပေးခြင်း၊ လူတိုင်းအကျုံးဝင်ပညာရေးကို ဆောင်ရွက်ပေးခြင်း၊ ကျောင်းထောက်ပံ့ကြေးများ၊ ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရန်အားပေးခြင်းစသည်တို့ကြောင့် ကျောင်းနေနှုန်း၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားလာပြီး ကျောင်းထွက်နှုန်းလျော့ပါးကျဆင်းလာခဲ့ကြောင်း၊ ပညာအရည်အသွေးမြင့်မားရေးအတွက် မိဘဆရာအသင်းနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်လိုက်လျောညီထွေဖြစ်စေမည့် သင်ကြားသင်ယူမှုမျိုးဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင်က သင်ကြားသင်ယူမှုအရည်အသွေးပြည့်ဝအောင် အစဉ်တစိုက်ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ရှေ့ဖုံးမှ

ကျူးလွန်သူကို တရားစွဲကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။

ယမန်နေ့က ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မရမ်းကုန်းမဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ခွင့်ပြုချက်မဲ့ အဆောက်အအုံများတည်ဆောက်ခြင်း၊ ခွင့်ပြုအထပ်အရေအတွက်ထက် ပိုမိုဆောက်လုပ်နေခြင်းအား ထိရောက်စွာ တားမြစ်သွားနိုင်ရန် ယခုထက် ပိုမိုထိရောက်သော ဒဏ်ငွေများတိုးမြှင့်ကောက်ခံသွားရန်၊ ထိုသို့သောဖြစ်စဉ်များမပေါ်ပေါက်ရေးအတွက် ပြည်သူလူထုအားပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ငါးထပ်ထက်မပိုသော အဆောက်အအုံများတည်ဆောက်ရန် ခွင့်ပြုပါမစ်များကို စာရွက်စာတမ်းပြည့်စုံပါက မည်သည့်ရက်အတွင်း ခွင့်ပြုမိန့်ချထားပေးပြီး ပါမစ်လွယ်ကူစွာ ရက်အနည်းငယ်အတွင်း ရရှိနိုင်ရေးအတွက် အစီအစဉ်များချမှတ် ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားရာတွင် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ(၆၈)တွင် မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း(သို့) လိုက်နာရန် ပျက်ကွက်ကြောင်းကို ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူအား ထောင်ဒဏ်(၁)နှစ်ဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ငွေကျပ် တစ်သောင်းမှ အများဆုံးငွေဒဏ်ကျပ်ငါးသိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု လည်းကောင်း၊ ပုဒ်မ(၆၉)တွင် ပုဒ်မ(၆၈)အရ ပြစ်ဒဏ်ချမှတ်ထားခြင်းခံရသူသည် အဆိုပါပြဋ္ဌာန်းချက်ကို ဆက်လက်ဖောက်ဖျက်ကျူးလွန်လျှင်၊ လိုက်နာရန်ပျက်ကွက်လျှင် ထိုပျက်ကွက်သည့်နေ့ အသီးသီးမှစ၍ တစ်နေ့လျှင် ဒဏ်ငွေကျပ်တစ်သောင်းမှ အများဆုံးကျပ်ငါးသောင်းထိ (သို့)ထောင်ဒဏ်(၁)နှစ်ထိဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း သိရသည်။

ခွင့်ပြုချက်မဲ့ အဆောက်အအုံနှင့် ခွင့်ပြုချက်ထက် ပို၍ဆောက်လုပ်သော အဆောက်အအုံများအား တရားရုံးချမှတ်သော ပြစ်ဒဏ်များကျခံစေသည့်အပြင် ကြိုတင်ဆောက်လုပ်သည့်အတွက် ဒဏ်ကြေးငွေကောက်ခံ၍ ခွင့်ပြုမိန့်ရရှိရေးကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ဒဏ်ကြေးတိုးမြှင့်ကောက်ခံမှုမရှိပါကြောင်းနှင့် ၂၀၁၃ ခုနှစ် တည်ဆဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်နေရကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ခွင့်ပြုချက်မဲ့ဆောက်လုပ်မှုများသော သဃ်န်းကျွန်း၊ လှိုင်၊ မရမ်းကုန်း၊ တောင်ဥက္ကလာ၊ ဒေါပုံ၊ အင်းစိန်၊ စမ်းချောင်းနှင့် ကြည့်မြင်တိုင်မြို့နယ်များသို့ အင်ဂျင်နီယာဌာန အဆောက်အအုံနှင့် ဌာနမှူးတို့သွားရောက်၍ ဌာနဆိုင်ရာနှင့် ပြည်သူတို့အား ခွင့်ပြုချက်မဲ့ အဆောက်အအုံဆောက်လုပ်ခြင်း၊ လိုင်စင်မဲ့ကန်ထရိုက်ဖြင့် ဆောက်လုပ်မှုကြောင့် ရရှိမည့်ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေးအသိပေးပါကြောင်း။

ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်းမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မဲ့ဆောက်လုပ်ခြင်းကို ထိရောက်စွာ အရေးယူတော့မည် ဖြစ်ပါကြောင်း အများပြည်သူ သိရှိရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သတင်းစာတွင် သုံးကြိမ် အသိပေးကြေညာခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင် ၇ ရက်ကလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနအဆောက်အအုံတွင် စာနယ်ဇင်းများကို ဖိတ်ကြား၍ ခွင့်ပြုချက်မဲ့ဆောက်လုပ်သူများအား ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း။

အဆောက်အအုံ ဆောက်လုပ်ခွင့်အား သတ်မှတ်စာရွက်စာတမ်းပြည့်စုံပြီး မြေပြင်အချက်အလက်များဖြင့် ကိုက်ညီပါက မြေပိုင်ဆိုင်မှု မှန်ကန်သော မြေကွက်တို့တွင် လေးထပ်အောက် အထပ်မြင့်ဆောက်လုပ်ခွင့်များကို ၂၁ ရက်၊ လေးထပ်မှ ကိုးထပ်အောက် အထပ်မြင့်အဆောက်အအုံများကို ၄၅ ရက်နှင့် မြေပိုင်ဆိုင်မှုအတည်မပြုနိုင်သော အရပ်စာချုပ်ဖြင့် လျှောက်ထားသည့် သုံးထပ်နှင့်အောက် အထပ်ငယ် အဆောက်အအုံတို့ကို ၃၅ ရက်အတွင်းစိစစ်၍ ခွင့်ပြုနေသည့်အပြင် ပိုမိုလွယ်ကူလျင်မြန်စေရန် E- Government စနစ်ဖြင့်လျှောက်ထားမှုကိုလည်း လက်ခံဆောင်ရွက်ပေးနေပါကြောင်းဖြင့်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

### အမှိုက်ပြဿနာ

ထို့နောက် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံ၏ ယခုလုပ်ဆောင်နေသော လုပ်ငန်းများပြီးစီးသွားပါက အမှိုက်ပြဿနာများ ထပ်မံမဖြစ်ပွားစေရန် မည်ကဲ့သို့ထိန်းသိမ်းသွားမည်၊ နောက်ဖေးလမ်းကြား အမှိုက်စွန့်ပစ်နေမှုအား မည်သို့သောဥပဒေစီစဉ်ဆောင်ရွက်သွားမည်နှင့် စည်ပင်သာယာရွေးကောက်ပွဲ ဆောင်ရွက်နိုင်မှုတို့ မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မိုးရာသီ ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေကြီးရေလျှံလျော့ပါးစေရန် ရေမြောင်းများချဲ့ထွင်ခြင်း၊ ရေထုတ်ပြွန်များ ဆောင်ရွက်ခြင်းနှင့် ရေတံခါးဟောင်းနှင့် တံခါးရွက်များ လဲလှယ်အသစ်တပ်ဆင်ခြင်း၊ ချောင်းကြီးမြောင်းကြီးများရှင်းလင်း၍ မြောင်းနံရံများ အင်္ဂတေဖြင့် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေကြီးရေလျှံတတ်သောနေရာများလျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပြီး မြောင်းများ ရေရှည်တည်တံ့စေရန် သဘာဝအမှိုက်နှင့် လူလုပ်ဆောင်သောအမှိုက်များ ရေမြောင်းများအတွင်း မစွန့်ပစ်ကြရန် ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် ရေစီးရေလာ ပိုမိုကောင်းမွန်၍ ရေကြီးရေလျှံမှုလျော့နည်းသွားမည် ဖြစ်ပါကြောင်း။

လိုက်နာခြင်းမရှိသူများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များဖြင့် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပြီး တာဝန်ထမ်းဆောင်ရမည့် ဝန်ထမ်းအဆင့်ဆင့်ကိုလည်း မိမိထမ်းဆောင်ရမည့် တာဝန်နှင့်ဝတ္တရားများအား ကျေပွန်စွာဆောင်ရွက်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်ကလည်း ကွပ်ကဲသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ၏အကျိုးကို ရှေးရှု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးလျက်ရှိပြီး စည်ပင်သာယာရွေးကောက်ပွဲနှင့် ပြန်လည်ရေးဆွဲနေသော စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေများကို လွှတ်တော်ပိုင်းဆိုင်ရာအဖွဲ့ထံ တင်ပြထား၍ များမကြာမီကာလတွင် အကောင်အထည်ဖော်လာမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ ကြယ်ပွင့်ပြမေးမြန်းသော မေးခွန်းကိုးခုကို တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းဖြေကြားခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပခြင်းကို နံနက် ၁၁ နာရီ ၂၃ မိနစ်တွင်ရပ်နားခဲ့သည်။

# အကြမ်းဖက်မှုကြောင့် ခေတ္တတိမ်းရှောင်လာသူတိုင်းရင်းသားများအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ခေတ္တရဲချုပ်၊ နယ်ခြားစောင့်ရဲကွပ်ကဲရေးမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုက်ကန်းပြင်ဌာနချုပ်မှ ဘူးသီးတောင်မြို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ခွဲသို့ရောက်ရှိပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ထောက်ပံ့ငွေပေးအပ်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူးရုံးခန်း၌ ကျဆုံးတပ်ဖွဲ့ဝင်၏ ဇနီးနှင့် ဒဏ်ရာရတပ်ဖွဲ့ဝင်တို့အား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဘူးသီးတောင်အကျဉ်းထောင်၌ လုံခြုံရေးဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဘူးသီးတောင်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသနေသော သံဃာတော်များ၊ တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ အလယ်သံကျော်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လည်းကောင်း၊ မောင်တောအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မောင်တောခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် မောင်တောမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပတ်ဝန်းကျင်ကျေးရွာများမှ တိမ်းရှောင်လာသူ တိုင်းရင်းသားများအား လည်းကောင်း၊ မောင်တောမြို့ မြို့မမြောက်ရပ်ကွက် အမှတ်(၃)အခြေခံမူလတန်းလွန်ကျောင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ရောက်ရှိလာသည့် ဟိန္ဒူလူမျိုးများနှင့် ဩဂုတ် ၂၆ ရက်က အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသော ဟိန္ဒူလူမျိုးများ၏ မိသားစုဝင်များကိုလည်းကောင်း၊ မောင်တောမြို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ မိသားစုဝင်များအားလည်းကောင်း ရင်းနှီးစွာတွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် မောင်တောမြို့တွင် ရောက်ရှိနေသော ဝဥ္ဏကျော်ဖောင်ဒေးရှင်းသို့လည်း အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နေရပ်စွန့်ခွာတိမ်းရှောင်လာသူများအား ပြည်နယ်ဝန်ကြီးချုပ် စားသောက်ကုန်များ ကူညီထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ခထီးလှကျေးရွာ အလကကျောင်း၊ မောင်တောမြို့နယ် ရန်အောင်မြင်ကျေးရွာနှင့် မင်းကြီးကျေးရွာတို့၌ ခေတ္တခိုလှုံလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများအား ဆန်၊ ဆီ၊ ဆေးဝါးနှင့် စားသောက်ကုန်များ သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။



ခရီးစဉ်အတွင်း ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လတ်တလောတွင် စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကအစ ပူပင်ကြောင့်ကြမှု မဖြစ်ကြစေလိုကြောင်း၊ အထူးသဖြင့် လုံခြုံရေးပိုင်းဆိုင်ရာအတွက် နေရာအနှံ့အပြားတွင် လုံခြုံရေးအင်အားများကို တိုးချဲ့ထားပြီးဖြစ်ကြောင်း မှာကြားခဲ့သည်။

စုရပ်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ဝန်ကြီးချုပ်နှင့် တွေ့ဆုံရာတွင် မိမိတို့အနေဖြင့် အထူးစိတ်ပူပင်မှုများဖြစ်နေရကြောင်း၊ သို့သော်လည်း စည်းစည်းလုံးလုံးဖြင့် ကြံ့ကြံ့ခံနေထိုင်လျက်ရှိပါကြောင်း၊ စားသောက်မှုရှားပါးနေသောအချိန်တွင် ဆန်၊ ဆီ၊ စားသောက်ကုန်များနှင့် ဆေးဝါးများကို အခုလို ကူညီထောက်ပံ့ပေးသောကြောင့် ဝန်ကြီးချုပ်နှင့်အဖွဲ့အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်တောဒေသတွင်း၌ စေတနာဖြင့် လာရောက်ကူညီသော ပြင်ပဆရာဝန်အဖွဲ့အား အားပေးစကားပြောကြားပြီး ဘူးသီးတောင်၊ မောင်တောဒေသတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နေရပ်အသီးသီးသို့ ပြန်လိုသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအား ဘူးသီးတောင်မြို့နှင့် စစ်တွေမြို့များသို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ခေါ်ယူခဲ့ကြောင်း သတင်းရရှိသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁ ရက် ညနေပိုင်းက မကျည်းမြို့ရပ်ကွက်ရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်ပြီး အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ အရိယဝံသအား ဖူးမြော်ကာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ စားနပ်ရိက္ခာများ ထောက်ပံ့ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများအား ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် အလိုတော်ပြည့် ဆရာတော်က အကြမ်းဖက်မှုဖြစ်ပွားရာ မောင်တောဒေသအတွင်းရှိ ဒေသခံတိုင်းရင်းသား သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အမျိုးသမီးများအား လုံခြုံစိတ်ချရသည့်နေရာတွင် ပြောင်းရွှေ့ထားရှိရန် မိန့်ကြားရာ ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားပြီး အဆိုပါကျောင်းဝင်းအတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် စိုးရိမ်ကြောက်ရွံ့ပြီး နေရပ်စွန့်ခွာထွက်ပြေးလာသည့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ညပိုင်းတွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုဏ္ဏားကျွန်းမြို့သို့ သွားရောက်ပြီး လောကမာရဇိန် ဘုရားကြီးသိမ်တော်၌ ပညာပါရမီစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တဣန္ဒဝံသာဘိဝံသနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ပြီး အဆိုပါသိမ်တော်သို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာ ပြည်သူများအား တွေ့ဆုံအားပေးကာ လတ်တလောစားသောက်မှု အဆင်ပြေစေရေးအတွက် ငွေကျပ်ငါးသိန်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်တော်မြို့နယ် ဒုက္ကန်ချောင်းကျေးရွာ ဒုက္ကန်ချောင်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာ ပြည်သူများ လတ်တလောစားသောက်မှု အဆင်ပြေစေရေးအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပြီး ကျောက်တော်မြို့ မြို့နယ်သာသနာ့ဗိမာန်တော်ကြီးတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာ ပြည်သူများအားလည်း အလှူငွေကျပ် ငါးသိန်း လှူဒါန်းကာ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း စစ်တွေ၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့တို့တွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများအား တစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရေသန့်ဘူးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ✪ *ကျောဖုံးမှ*

အလားတူ စက်တင်ဘာ ၁ ရက် ညအချိန် မိုင်းဖြတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝမ်လုံးကျေးရွာနှင့် မကာကျေးရွာသွားကားလမ်း နမ့်ဖတ်ချောင်းကူးတံတား အရှည် ပေ ၃၀ ၊ အကျယ် ၁၂ ပေ၊ သံပေါင်ကွန်ကရစ်တံတားမှာ ရေစီးနောက် မျောပါ၍ ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ထို့ပြင် နမ့်လောက်အုပ်စု၊ နမ့်လောက်ကျေးရွာနှင့် ဝမ်ဆာကျေးရွာကားလမ်းကြား အရှည်ပေ ၂၀၊ အကျယ် ၅ ပေ၊ လူကူးဝါးတံတားမှာ ရေစီးနောက်မျောပါ၍ ပျက်စီးသွားခဲ့သည်။ ထို့အပြင် မိုင်းဖြတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမပေါ်ရှိ ဝမ်မိုင်ရပ်ကွက်ရှိ အရှည်ပေ ၃၀၊ အကျယ် ၃၄ ပေရှိ ကွန်ကရစ်တံတားတစ်ဖက် ကျိုးသွားသောကြောင့် ဖြတ်သန်းသွားလာသည့် ယာဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် နယ်မြေခံတပ်နယ်တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ/စစ်သည်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ ဦးစီးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ယာယီသွားလာနိုင်စေရေးအတွက် သဲ/ကျောက်သယ်ယာဉ် သုံးစီးဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်ပြီး စက်တင်ဘာ ၁ ရက် ညအချိန် မိုးသည်းထန်းစွာ ရွာသွန်းမှုကြောင့် မိုင်းဖြတ်-ကျိုင်းတုံသွား ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ်(၇၁၀/၇၁၁)ကီလိုမီတာအကြား မြေထိန်းနံရံပြိုကျခဲ့သဖြင့် ကားလမ်းမပေါ်သို့ အမြင့် နှစ်ပေခန့် လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုင်းဖြတ်မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးမှူး ဦးတင်မိုးနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်ယန္တရားများဖြင့် လမ်းပိတ်ဆို့မှုအား ဖယ်ရှားခဲ့ကြောင်း သိရသည်။

ထို့အပြင် မိုင်းယောင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေ စီးဆင်းမှုကြမ်းသဖြင့် မုန်းလိုက်အုပ်စု၊ ရှေခင်ကျေးရွာအဝင် အရှည် ပေ ၁၂၀၊ အကျယ် ၁၉ ပေရှိ သံမဏိကြမ်းခင်း နမ့်ယောင်းချောင်းကူးတံတားမှာ ချောင်းအတွင်းသို့ ပြုတ်ကျပျက်စီးသွားခဲ့ရာ နယ်မြေခံတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဇေယျာမောင်မောင်နှင့် တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး နိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မိုင်းယောင်း ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် ဒေသခံပြည်သူများက တံတားအား ပူးပေါင်းပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တာလေမြို့လယ်ရှိ နမ့်လင်းချောင်း(ခေါ်)တာလေချောင်းမှာ ရေများသိသိသာသာ တက်လာသည့်အတွက် ချောင်းရေနှင့်အတူ မျောပါလာသည့်အမှိုက်များ၊ သစ်ကိုင်းများကြောင့် တံတားအား ထိခိုက်မှုမရှိစေရန်နှင့် ချောင်းအတွင်းအမှိုက်များ မတင်ကျန်ခဲ့စေရန်အတွက် တာလေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက အဆိုပါ ချောင်းအတွင်း ဆယ်ယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

## ◆ *ကျောဖုံးမှ*

အိမ်ရှင် မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းအသင်းတို့ ပါဝင်လျက် ရှိသည်။ အုပ်စုပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲ(သို့မဟုတ်) သုံးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ပုံမှန်ကျင်းပမည်ဖြစ်ကာ အုပ်စု(က)တွင် ခြောက်သင်းပါဝင်နေသောကြောင့် တစ်နေ့လျှင် သုံးပွဲကစားရမည်ဖြစ်ရာ ညနေ ၃ နာရီတွင် ကစားမည့်တစ်ပွဲကို အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ညနေ ၃ နာရီနှင့် ညနေ ၆ နာရီတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲအားလုံးကို ညနေ ၆ နာရီ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၅ ရက်တွင် အင်ဒိုနီးရှား၊ စက်တင်ဘာ ၉ ရက်တွင် ဘရူနိုင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ဖိလစ်ပိုင်၊ စက်တင်ဘာ ၁၃ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆုံးပွဲနှင့် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။

မြန်မာ ယူ-၁၈ အသင်းသည် ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်ပြီး **အုပ်ချုပ်သူ -** ဦးမိုးဝေအောင်၊ **နည်းပြချုပ် -** ဘန်လာဘီ၊ **လက်ထောက်နည်းပြ -** ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ **ဂိုးနည်းပြ -** ဦးမြကိုမင်း၊ **ဂိုးသမား -** ထက်ဝေယံစိုး၊ ထွန်းနန္ဒာဦး၊ အောင်မြင့်မြတ်၊ **နောက်တန်း -** အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးဝေ၊ နိုင်ကိုကို၊ ပြည့်ဖြိုးမောင်၊ စည်သူမိုးခန့်၊ စိုးမိုးကျော်၊ သန်းထိုက်ဇင်၊ သက်ပိုင်ထွေး၊ **အလယ်တန်း-** အံ့မော်ဦး၊ လွင်မိုးအောင်၊ မင်းထူးအိမ်လင်း၊ မြတ်ကောင်းခန့်၊ သက်ပိုင်ထူး၊ ဝေလင်းအောင်၊ **ရှေ့တန်း -** ဟိန်းထက်အောင်၊ ထက်ဖြိုးဝေ၊ ပြည့်စုံနိုင်၊ ဝေယံဦး၊ ဝင်းနိုင်ထွန်း၊ ဇော်မင်းထွဋ်တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၈ အသင်းကို ပြင်သစ်လူမျိုး ဘန်လာဘီက ကိုင်တွယ်လျက်ရှိပြီး အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်ထားသည်။ မြန်မာ ယူ-၁၈ အသင်းသည် ရွေးချယ်ထားသည့် ပဏာမလက်ရွေးစင်ကစားသမားများ အတွေ့အကြုံရစေရန် ဖီးနစ်အသင်းအမည်ဖြင့် ပထမတန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဩဂုတ်လဆန်းပိုင်းမှစ၍ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယင်းနေ့တွင် အုပ်စု(က)ပွဲစဉ်များ ကျင်းပမည်ဖြစ်ကာ မြန်မာအသင်းပါဝင်သော အုပ်စု(ခ)ပွဲစဉ်များကို စက်တင်ဘာ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

# မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအား သွားရောက်သတင်းရယူခဲ့သည့် ပြည်တွင်းပြည်ပမီဒီယာတချို့၏ စကားသံများ

တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွှေး


ဒေါ်အိအိတင်(ဖူဂျီတီဗွီ )


ဦးနေထက်ဇော်ဝင်း(အဆာဟိရှင်ဘွန်း)


ဦးမိုးမြင့်(ရောဝတီသတင်းဌာန)


ဒေါ်ဆင့်ဆင့်အောင်(နီပွန်တီဗွီ)


ဦးဇေယျာမော် (မဇ္ဈိမသတင်းဌာန)

**ARSA** အစွန်းရောက်အကြမ်းဖက်သမားများ ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သတင်းများရယူရန် လာရောက်သည့် ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရခိုင်ပြည်နယ် အတွင်း သတင်းရယူခဲ့ပြီး စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါပြည်တွင်း ပြည်ပမီဒီယာအဖွဲ့သည် ခရီးစဉ်အတွင်း ၎င်းတို့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ကြသည်။

**ဒေါ်အိအိတင်(ဖူဂျီတီဗွီ )**

အရင်တစ်ခေါက်သွားခဲ့တဲ့ ပြီးခဲ့တဲ့နှစ် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်တုန်းက အကြမ်းဖက်သမားတွေရဲ့လက်ထဲမှာ လက်နက်ဆိုလို့ တုတ်၊ ဓားလောက်ပဲပါတယ်။ အခုဖြစ်စဉ်က လက်လုပ်မိုင်းတွေ၊ ကားမိုင်းတွေ၊ တခြားလက်နက်တွေပါ ပါလာတဲ့အတွက်ကြောင့် ကျွန်မတို့ စိုးရိမ်ခဲ့တယ်။ အဲဒါကြောင့် ကျွန်မတို့အဖွဲ့သွားချင်တဲ့နေရာတွေကို တာဝန်ရှိသူတွေက လုံခြုံရေးစီစဉ်ပေးခဲ့တယ်။ ကျွန်မတို့သတင်းအဖွဲ့ လာမယ်ဆိုတာကို အကုန်လုံးကလည်း အံ့အားသင့်ကြတယ်။ ဒီလိုဖြစ်စဉ်တွေ ဖြစ်နေတဲ့အချိန်မှာ ဒီလိုသွားနိုင်တယ်ဆိုတာဟာ နယ်မြေလုံခြုံရေးကို ထိန်းချုပ်နိုင်တာကို ပြတာပဲဆိုပြီး ကျွန်မတို့လည်း သတ္တိရှိရှိနဲ့ အားတင်းပြီး သွားရောက် သတင်းယူခဲ့တယ်။ မောင်တောဒေသ ဖြစ်စဉ်ဖြစ်ပွားတဲ့ နေရာတော်တော်များကို သွားရောက်သတင်းယူနိုင်ခဲ့ပါတယ်။

ကျွန်မတို့ မောင်တောမြို့နယ် သုံးမိုင်၊ လေးမိုင်ကျေးရွာတွေအနားမှာရှိတဲ့ တိုင်းရင်းသားတွေစုနေတဲ့ စခန်းတွေကို သွားရောက်သတင်းယူတဲ့အခါ အဲဒီမှာ မြိုတိုင်းရင်းသားတွေ၊ ရခိုင်တိုင်းရင်းသားတွေကို တွေ့လိုက်ရတော့ ကျွန်မ တော်တော် စိတ်မကောင်းဖြစ်မိတယ်။ အဲဒီမှာကလေးတွေ အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ ကျောင်းလည်းမတက်ရ ဖြစ်နေတာတွေလည်း တွေ့ရတဲ့အတွက် စိတ်မကောင်းပါဘူး။ မောင်တောမြို့ပေါ် မှာဆိုရင် မြို့မဈေးကြီးက ပိတ်ထားတာတွေ့ရတယ်။ ရောင်းတဲ့ သူတွေမရှိကြတော့ ဈေးကြီးကလည်း ခြောက်ကပ်၊ မြို့ကြီးကလည်း ခြောက်ကပ်နေတော့ မြို့အင်္ဂါရပ်နဲ့မညီတဲ့အခါမျိုး မြင်တွေ့ရတဲ့အတွက် စိတ်မကောင်းပါဘူး။ အပြင်ဈေးတန်းမှာ တိုင်းရင်းသားဆိုင်ဆိုလို့ နည်းနည်းလေးပဲ တွေ့ရတယ်။ ဒါပေမယ့်လည်း မြို့ရဲ့နေရာတိုင်းမှာတော့ လုံခြုံရေးအပြည့် ချထားတာတွေ့ရတော့လည်း အားပြန်တက်မိတယ်။

ကျွန်မတို့ မောင်တောကအပြန် ဘူးသီးတောင်ဆေးရုံကို ဝင်တဲ့အခါမှာ အကြမ်းဖက်သမားတွေ လက်ထဲက သေနတ် ဒဏ်ရာနဲ့ အသက်ဘေးလွတ်လာတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ဆုံမေးမြန်းခဲ့တယ်။ သူပြောတဲ့စကားက ဟိန္ဒူဘာသာ စကားဆိုတော့ ဆေးရုံက သူနာပြုဆရာမတစ်ယောက်က ဘာသာပြန်ပေးတယ်။ သူက ဖြစ်စဉ်ဖြစ်တုန်းက သူတို့ ဟိန္ဒူမိသားစုတွေနဲ့ ဆံပင်သွားညှပ်ပြီးအပြန်မှာ အကြမ်းဖက်မှု ဖြစ်တယ်ဆိုတော့ ဆောက်လက်စ ခရိုင်တရားရုံးအဆောက် အအုံကြီးပေါ် ပြေးတက်သွားတယ်။ အဲဒီအချိန်မှာ အကြမ်းဖက် သမားတွေရောက်လာပြီး သူတို့ကိုဓားနဲ့ခုတ်တယ်။ အဲဒီ အမျိုးသမီးကတော့ ရင်အုံကိုသေနတ်မှန်ပြီး သွေးတွေနဲ့ လဲကျသွားတယ်လို့ဆိုတယ်။ သူနဲ့ပါလာတဲ့ကလေးတစ်ယောက်နဲ့ အမျိုးသမီး တစ်ယောက်က စည်ပိုင်းကြီးထဲ ဝင်ပုန်းနေတဲ့ အခါကျတော့ လွတ်လာကြတယ်လို့ သိရတယ်။

ဒီခရီးစဉ်ကို အခုလိုစီစဉ်ပေးတဲ့အတွက် ကျွန်မတို့အနေနဲ့လည်း တာဝန်ရှိသူတွေကို အများကြီးကျေးဇူးတင်ပါတယ်။ ဒီဒေသမှာ ရိုက်ကူးထားတဲ့ ဖြစ်စဉ်အမှန်တွေကို ကျွန်မတို့ဌာနေကို ပြန်ရောက်ရင် ကမ္ဘာကသိအောင် ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။

**ဦးမိုးမြင့်(ရောဝတီသတင်းဌာန)**

အခုဖြစ်ပွားတဲ့ မောင်တောဒေသအကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဖြစ်စဉ် အခုလိုပူပူနွေးနွေးအချိန်မှာ ပြည်တွင်း ပြည်ပမီဒီယာတွေကို အစိုးရအနေနဲ့ သတင်းရယူနိုင်အောင် စီစဉ်ပေးတာ တော်တော်ကောင်းပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက လုံခြုံရေးပိုင်းဆိုင်ရာ အကန့်အသတ်ကြောင့်လားတော့ မသိဘူး။ သတင်းသွားယူရတဲ့အချိန်က နည်းတော့ နည်းတယ်။ အချိန်မလောက်ဘူးဖြစ်နေတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ သူတို့ရဲ့အသံဖိုင်တွေရော၊ ဗီဒီယိုဖိုင်တွေပါ ယူနေရတော့ အချိန်ယူရတယ်။ ပြီးတော့ တစ်ယောက်တည်းကိုပဲ ဝိုင်းမေးကြရတာထက် ကျန်တဲ့သူတွေကိုလည်း မေးဖို့လိုတယ်။ အထူးသဖြင့် ဟိန္ဒူဘာသာဝင်တွေရှိတဲ့ စခန်းတွေကို သွားတဲ့ အခါမျိုးမှာ ဘာသာစကား အခက်အခဲရှိတယ်။ ဘာသာပြန်ပြီး ယူရတော့ ပုံမှန်ငါးမိနစ်ဆို ကျွန်တော်တို့အချိန် ၁၀ မိနစ်လောက်ကြာတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ဒါကြောင့် အစိုးရတာဝန်ရှိသူတွေဘက်က အခုလို အစီအစဉ်မျိုးဆိုရင် အချိန်ကို နည်းနည်းလောက် ပိုပေးသင့်တယ်လို့မြင်တယ်။ ဒီလိုမျိုးစီစဉ်ရင် နည်းနည်းလိုအပ်ချက်တစ်ခုရှိတာက တကယ်ဖြစ်ပြီး ဆေးရုံတက်ရတဲ့သူတွေ၊ အကြမ်းဖက်မှုတွေကို ကြုံတွေ့ခံစားခဲ့ရတဲ့သူတွေ ဒီလူတွေရဲ့ ပြောကြားချက်ကို ကျွန်တော်တို့ တကယ် ထဲထဲဝင်ဝင် သိဖို့လိုတယ်။

ဥပမာ-ဟိုတစ်နေ့က ဟိန္ဒူခြောက်ယောက်အသတ်ခံရတဲ့ ဖြစ်စဉ်လိုမျိုးမှာဆိုရင် အမျိုးသမီးတစ်ဦးမသေဘဲ ဆေးရုံတက်ပြီး ဆေးကုသနေတယ်လို့သိတယ်။ အဲဒါကြောင့် အဲဒီ အမျိုးသမီးဆေးကုသနေတဲ့ ဘူးသီးတောင်ဆေးရုံဝင်ပေးဖို့ ပြောခဲ့တယ်။ ခရီးစဉ်ထဲမှာမပါပေမယ့်လည်း တာဝန်ရှိသူတွေအနေနဲ့ အစီအစဉ်ကိုထပ်တိုးပြီး အားလုံးသွားရောက် သတင်းယူခွင့်ရတာမျိုးလည်း ရှိပါတယ်။

အကြမ်းဖက်သမားတွေက သတ်ပစ်လို့ သေပြီလို့ထင်ခဲ့ပြီး ထားခဲ့တဲ့အမျိုးသမီးတစ်ဦး အသက်ရှင်ကျန်ရစ်ခဲ့တယ်။ အဲဒီအမျိုးသမီးပြောပြခဲ့တဲ့ တကယ့်ခံစားခဲ့ရတဲ့ ဖြစ်စဉ်တွေကို ကြားရတာကလည်း တော်တော်စိတ်ဝင်စားဖို့ကောင်းပါတယ်။ တကယ်ဖြစ်တဲ့နေရာတွေကိုလိုက်ပြတာ အရေးကြီးသလို တကယ်တွေ့ကြုံခံစားခဲ့ရတဲ့သူတွေဆီက အသံတွေကလည်း အရေးကြီးပါတယ်။ ကျွန်တော် အားမရတာတစ်ချက်က ဘူးသီးတောင်လိုနေရာမျိုးမှာ သတင်းသမားတွေကို နေခွင့်ပေးသင့်တယ်လို့ မြင်တယ်။ ကျန်တာတွေကတော့ လိုက်ပို့ပေးတာတွေရော၊ ခရီးစဉ် စီစဉ်ပေးတာတွေပါ အားလုံးအဆင်ပြေပါတယ်။

**ဒေါ်ဆင့်ဆင့်အောင်(နီပွန်တီဗွီ)**

မောင်တောကို အခုလိုလာပြီး သတင်းယူရတာ အဆင်ပြေပါတယ်။ စစ်တွေ ပြန်ရောက်တော့ ကိုယ့်အိမ်ကို ပြန်ရောက်လာသလို ဖြစ်သွားတယ်။ ဩဂုတ် ၃၁ ရက်က မောင်တော ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ရောက်တဲ့နေ့မှာပဲ အဲဒီရုံးအနီးအနားမှာ မီးလာရှို့လို့ မီးတွေလောင်နေတာ တွေ့ရတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ရှင်းလင်းခဲ့ရတယ်။ ကျွန်မတို့သွားကြည့်တဲ့အခါ အိမ်တွေမှာ လူတွေမရှိကြဘူး။ သို့သော်လည်း မီးလင်းနေတာမျိုးတွေ၊ အသုံးဆောင်အိတ်ကလေးတွေ တွေ့ရတော့ ဝင်လိုက်ထွက်လိုက် ပုံစံမျိုးတော့ရှိတယ်လို့ ယူဆရတယ်။ သေနတ်ပစ်သံတွေလည်း ကြားရတယ်။ အဲဒီအချိန်တုန်းက စိုးရိမ်စိတ်တော့ ရှိတာပေါ့။

ကျွန်မတို့ မောင်တောလာဖို့အတွက် ဘူးသီးတောင်ရောက်နေချိန် သုံးမိုင်ရွာမှာ တိုင်းရင်းသား ငါးဦး အသတ်ခံရတယ်ဆိုတဲ့သတင်းကြားရတော့ ကျွန်မတို့လည်း တော်တော်ကို စိတ်မကောင်းဖြစ်မိတယ်။ ရဲတပ်ဖွဲ့နဲ့တွေ့တော့ အတည်ပြုချက်ရလိုက်တယ်။ နောက်ပြီး ဟိန္ဒူဘာသာဝင်တွေ အသတ်ခံရတဲ့ ဆောက်လုပ်ဆဲ အဆောက်အအုံနေရာကိုလည်း တွေ့ခဲ့ရတယ်။ နောက်ပြီး ရခိုင်တိုင်းရင်းသားစခန်းတွေကိုလည်း ရောက်ခဲ့တယ်။ ဟိန္ဒူဘာသာဝင်တွေနေတဲ့ နေရာလည်းရောက်ခဲ့တယ်။ ရခိုင်တိုင်းရင်းသားတွေက ဘာပြောလဲဆိုတော့ တပ်မတော်ကို အားကိုးပါတယ်။ အကြမ်းဖက်သမားတွေမရှိမှကို ဖြစ်မယ်လို့ ပြောကြတယ်။

နောက်တစ်ခုက ရခိုင်တိုင်းရင်းသားတွေက သူတို့ရဲ့ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့ ပြောတယ်။ ကျန်းမာရေးအခြေအနေကိုလည်း ပိုပြီးတော့ ကောင်းကောင်းမွန်မွန်ဖြစ်စေချင်တဲ့အကြောင်း ပြောတယ်။ ဟိန္ဒူဘာသာဝင်တွေရဲ့စခန်းမှာလည်း သူတို့က ကျန်းမာရေးနဲ့ပတ်သက်ပြီး လိုအပ်တာတွေ ပြောတယ်။ ကျန်းမာရေးအတွက် ဆေးဝါးကလည်းနည်းတဲ့အကြောင်း၊ မီးမရှိတဲ့အကြောင်းတွေ ပြောတယ်။

ထပ်ပြီးတော့ မြိုတိုင်းရင်းသားတွေဆီကို သွားတော့လည်း သူတို့မှာ အစောင့်အရှောက်မရှိဘူး။ လူအင်အားကလည်း နည်းတဲ့အတွက် ကိစ္စရှိလာပြီဆိုရင် သူတို့တတွေက ပြေးနေရတယ်လို့ပြောတယ်။ အဲဒါကြောင့် သူတို့စခန်းတွေမှာ လုံခြုံရေးအခြေအနေအရ ကြာကြာမနေချင်ကြဘူး၊ ပြောင်းချင်ကြတယ်။ ပြောင်းတဲ့အခါမှာလည်း ရခိုင်တိုင်းရင်းသားတွေနဲ့ နီးစပ်တဲ့နေရာမှာ နေချင်တယ်ပြောတယ်။ သူတို့တွေက သူတို့ရဲ့တောင်ယာအလုပ်တွေလုပ်ဖို့အတွက် တစ်ယောက်ကို လယ်သုံးဧက နှုန်းနဲ့ လိုချင်ကြတယ်လို့ပြောတယ်။

**ဦးနေထက်ဇော်ဝင်း(အဆာဟိရှင်ဘွန်း)**

ကျွန်တော်တို့ ဘူးသီးတောင်ကနေ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ရောက်ရောက်ချင်းပဲ အဲဒီ အနောက်ဘက်မှာ မီးလာရှို့တာတွေ့ရတယ်။ မီးလောင်ချိန်ကတော့ ၁၅ မိနစ်လောက်ပဲ ကြာမယ်ထင်တယ်။ အဲဒီနေရာကို ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့တွေ သွားရောက်ဓာတ်ပုံရိုက်ခွင့်ရပါတယ်။ လုံခြုံရေးလည်း အပြည့်ပေးထားတယ်။ ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့နေရာတွေကိုလည်း သွားခွင့်ရပါတယ်။ ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းက လူငါးဦးကို အစွန်းရောက်အကြမ်းဖက်သမားတွေ သတ်သွားတယ်ဆိုတဲ့ ဖြစ်စဉ်ဖြစ်ထားတယ်။ အဲနေရာကိုလည်း ကျွန်တော်တို့ သွားခွင့်ရပြီး ဒေသခံရွာသားတွေနဲ့လည်း မေးမြန်းခွင့်တွေရပါတယ်။

လုံခြုံရေးလည်း ကောင်းကောင်းပေးထားပါတယ်။ မီးရှို့မှုဖြစ်စဉ်တွေကြောင့် ထွက်ပြေးတိမ်းရှောင်လာကြတဲ့ ရခိုင်တိုင်းရင်းသားတွေအား ယာယီနေထိုင်ဖို့ပေးထားတဲ့ စခန်းတွေကိုလည်း သွားရောက်မေးမြန်းခွင့်၊ ဓာတ်ပုံရိုက်ခွင့်တွေလည်း ရပါတယ်။ နောက်ပြီး ဟိန္ဒူဘာသာဝင်တွေနေထိုင်တဲ့ ယာယီစခန်းတွေနဲ့ မြိုတိုင်းရင်းသားတွေနေထိုင်တဲ့ နေရာတွေကိုလည်း သွားခွင့်ရပါတယ်။ သူတို့အားလုံးကိုကြည့်ရတာ ကြောက်ရွံ့ထိတ်လန့်နေကြတယ်။ ဖြစ်နိုင်ရင် လုံခြုံရေးကို ပိုပြီးချထားပေးစေချင်တယ်။ သူတို့အိမ်တွေကို ပြန်ပြီးနေချင်ပေမယ့် မနေရဲဘူး ဖြစ်နေကြတယ်။ လက်ရှိစားဝတ်နေရေးကလည်း ယာယီစခန်းတွေမှာ သိပ်အဆင်မပြေကြသေးဘူးလို့ ကြားပါတယ်။

**ဦးဇေယျာမော် (မဇ္ဈိမသတင်းဌာန)**

မောင်တောမြို့ပေါ်မှာပဲ ကျွန်တော်တို့ သတင်းယူခွင့်ရပါတယ်။ ပတ်ဝန်းကျင်အခြေအနေမှာ လုံခြုံရေးအရ စိတ်မချရတဲ့အတွက် အပြည့်အဝ သတင်းယူခွင့်တော့ မရခဲ့ဘူး။ တချို့နေရာတွေမှာ လုံခြုံရေးအခြေအနေက မကောင်းသေးတော့ ကျွန်တော်တို့ကိုယ်တိုင်လည်း မသွားရဲသလို သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း မသွားခိုင်းပါဘူး။ နောက်တစ်ခုက ဒေသခံတွေထဲက ပထမဆုံး ရခိုင်တိုင်းရင်းသားတွေ ခေတ္တနေထိုင်ကြတဲ့ ယာယီစခန်းကိုတွေ့ခဲ့ရတယ်။ အဲဒီနေရာမှာ လူပေါင်း ၆၀၀ ကျော်လောက်ရှိမယ်။ အားလုံးက စိုးရိမ်ထိတ်လန့်နေကြပါတယ်။

နှစ်ဖက်အသိုင်းအဝိုင်းမှာလည်း တစ်ဖက်နဲ့တစ်ဖက် မယုံကြည်မှုတွေဖြစ်တော့ သူတို့လည်းမနေချင်ကြဘူး။ မြို့ပေါ်ကို ပြောင်းပေးစေချင်ကြတယ်။ နောက်ထပ် ဟိန္ဒူဘာသာဝင်တွေ ရှိတဲ့နေရာကို သွားတော့လည်း စိုးရိမ်ထိတ်လန့်နေကြတာပါပဲ။ နောက်ပြီး စစ်တွေမြို့ သက္ကေပြင်ကျေးရွာ ဘင်္ဂါလီ ဒုက္ခသည်စခန်းကို သွားရောက်သတင်းယူခဲ့တယ်။ အဲဒီမှာ နေထိုင်တဲ့သူတွေကို မေးကြည့်တဲ့အခါ ဒီလိုအကြမ်းဖက်မှုဖြစ်စဉ်တွေကို သူတို့မလိုလားဘူးလို့ ပြောတယ်။ မောင်တောမှာဖြစ်သလို စစ်တွေမှာလည်းဖြစ်လာမှာကို သူတို့အနေနဲ့ စိုးရိမ်နေကြတယ်။ သူတို့လည်း အေးအေးချမ်းချမ်းပဲ နေချင်ကြတယ်လို့ ပြောကြတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဖြစ်စဉ် စတင်ဖြစ်ပွားချိန်မှာပဲ သတင်းသွားရောက်ယူချင်ပေမယ့် လုံခြုံရေးအရ သွားလို့မရခဲ့ဘူး။ ဖြစ်စဉ်ဖြစ်ပြီး သုံးရက်အကြာမှာ အစိုးရတာဝန်ရှိသူတွေအနေနဲ့ သတင်းယူလို့ရအောင် စီစဉ်ပေးခဲ့ပါတယ်။ သတင်းယူရတာ အပြည့်အဝ ကျေနပ်မှုမရှိဘူးလို့ ဆိုပေမယ့် ကိုယ်တိုင်မြင်တွေ့ မေးမြန်းခဲ့ရသလောက်ကို သတင်းပြန်လည် တင်ဆက်နိုင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေနပ်ပါတယ်။

အဆိုပါ ပြည်တွင်း ပြည်ပမီဒီယာအဖွဲ့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်၊ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယအကြိမ်၊ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ တတိယအကြိမ် သွားရောက်ခဲ့ကြပြီး ယခုအဖွဲ့သည် စတုတ္ထမြောက် သွားရောက် သတင်းရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်ခံနေရသော ဒေသခံရခိုင်တိုင်းရင်းသား၊ နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် လှည့်လည်အလှူခံ

**ရေစကြို စက်တင်ဘာ ၂**- ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်ခံနေရသော ဒေသခံ ရခိုင်တိုင်းရင်းသား၊ နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ရေစကြိုမြို့နယ်ရှိ ပြည်သူများက ကူညီထောက်ပံ့နိုင်စေရန်ရည်ရွယ်၍ ကော်မတီတစ်ရပ်ဖွဲ့စည်းကာ စက်တင်ဘာ ၂ ရက် နံနက်က လူအများစည်ကားရာနေရာများနှင့် ရေစကြိုမြို့ပေါ် ရပ်ကွက်များတွင် ကော်မတီဝင်များနှင့် ပရဟိတလူငယ်များမှ လူစုများခွဲ၍ လှည့်လည်အလှူခံလျက်ရှိရာ မြို့နေပြည်သူများက တတ်အားသရွေ့ လှူဒါန်းကြလျက်ရှိသည်ဟု သိရသည်။

ပြည်သူများမှလှူဒါန်းသော လှူဒါန်းငွေအားလုံးကို အမှန်တကယ် အတိဒုက္ခရောက်နေကြသော ပြည်သူများထံသို့ရောက်ရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီမှသိရသည်။

**အိမွန်ဆွေ(ရေစကြို)**




ARSA အစွန်းရောက်အကြမ်းဖက်သမားများတိုက်ခိုက်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာကာ စုရပ်များသို့ရောက်ရှိနေသော တိုင်းရင်းသားပြည်သူများအတွက် ONE MORE အဖွဲ့မှ ကူညီထောက်ပံ့လှူဒါန်းသော ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို စက်တင်ဘာ ၂ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က မောင်တောခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်စဉ် (သတင်းစဉ်)

# ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ရခိုင်တိုင်းရင်းသားများအတွက် တာချီလိတ်မြို့သူမြို့သားများက ငွေနှင့် ဆန်၊ ဆီလှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများရန်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ရခိုင်တိုင်းရင်းသားများအတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ် မြို့သူမြို့သားများမှလှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ နှင့် ၁၀၂ သိန်းကျော် တန်ဖိုးရှိ ဆန်အိတ် ၄၀၀၊ ဆီဘူး ဒါဇင် ၁၅၀ ကို စက်တင်ဘာ ၂ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများအား တာချီလိတ်မြို့သူမြို့သားများကိုယ်စား ဒေါ်ချောစုဝင်းနှင့် ဒေါ်ရွှေမိုးသူဇာတို့က ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးကျော်လှထွန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်ကြသည်။

**မောင်ယဉ်ကျေး**



**ရှေ့ဖုံးမှ**

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ပန်းတောပြင် အနောက်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ယင်းကျေးရွာရှိ အစ္စလာမ်ဘာသာဝင် ရွာသူရွာသားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမှုများကို ကြည်ဖြူစွာလက်ခံသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ရွာသူရွာသားများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အေးချမ်းစွာ နေထိုင်လိုကြသည့် ပန်းတောပြင် အနောက်ကျေးရွာမှ အစ္စလာမ်ဘာသာဝင် ရွာသူရွာသားများအတွက် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။ **(အောက်ပုံ)**

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ARSA အစွန်းရောက်အကြမ်းဖက်သမားများကိုသာ ရှာဖွေဖော်ထုတ်နေခြင်းသာဖြစ်ပြီး အကြမ်းဖက်မှုကို လက်မခံဘဲ အေးချမ်းစွာနေထိုင်လိုကြသည့် အစ္စလာမ်ဘာသာဝင်များ ဘေးကင်းရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တာဝန်ရှိသူများကလည်း ကျေးရွာများတွင် အေးချမ်းစွာ နေထိုင်လိုသူများ စိုးရိမ်ကြောင့်ကြမှုများ မရှိစေရန်အတွက် "ARSA အစွန်းရောက် အကြမ်းဖက်သမားများကို ထောက်ခံခြင်း၊ ပူးပေါင်းပါဝင်ခြင်းမပြုဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်အရရောက်ရှိလာလျှင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်း၊ ရန်ပြုခြင်းများမပြုကြရန်" အသံချဲ့စက်များဖြင့် သတိပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**




# အစွန်းရောက်အကြမ်းဖက်သမားများကြောင့် ဒုက္ခရောက်နေသည့် ရခိုင်ပြည်နယ်အတွင်းမှ ဒေသခံများအား ထောက်ပံ့ရန် လူငယ်များအလှူခံ

**ပန်းတောင်း စက်တင်ဘာ ၂**

အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင် ခိုလှုံနေကြသည့် ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားများအား ထောက်ပံ့ရန်အတွက် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့မှ ရခိုင်လူမှုကူညီရေးအသင်းမှကြီးမှူး၍ မြို့ခံပရဟိတလူငယ်များနှင့် ပူးပေါင်းကာ အစုအဖွဲ့ခွဲ၍ စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီမှ စတင်ကာ စည်ပင်သာယာဈေးရှေ့၌ တေးဂီတဖျော်ဖြေမှုများနှင့် အလှူခံလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဥသျှစ်ပင်မြို့က ရခိုင်ပြည်နယ်အစပ်မှာရှိပြီး ပြည်-တောင်ကုတ်ကားလမ်းမကြီးရဲ့ရခိုင်ရိုးမတောင်ခြေ မြို့လေးပါ။ အဲဒီမှာ ရခိုင်အများစုနေထိုင်ကြတော့ ရခိုင်လူမှုကူညီရေးအသင်းဖွဲ့ထားတာရှိတယ်။ အခုလည်း မြို့ပေါ်က ဖြူစင်အေးမြပရဟိတအသင်းက လူငယ်တွေနဲ့ပူးပေါင်းပြီး အလှူခံရာမှာ Youth Area Music Band လူငယ်ရပ်ဝန်း တေးဂီတဖျော်ဖြေမှုနဲ့ အလှူခံတာ ဒီနေ့တော့ ငွေကျပ် သိန်း ၂၀ လောက်တော့ ရနေပါပြီ။ ဒီဈေးရှေ့မှာ (၅)ရက်လောက်အလှူခံပြီး တစ်မြို့နယ်လုံးကို တေးဂီတယာဉ်နဲ့အတူ အလှူခံသွားမှာပါ"ဟု ဦးဆောင်သူ ဦးရွှေသန်းဦးက ပြောပြသည်။

ပြည်မြို့ရှိ ရခိုင်လူမှုကူညီရေးအသင်းကလည်း အလှူခံနေရာမှာ ငွေကျပ် သိန်း၂၀၀ ခန့် ရှိနေပြီး ပန်းတောင်းမြို့နယ် ဒေသခံပြည်သူများအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်ခံရသူများအတွက် လှူဒါန်းလိုပါက ဦးရွှေသန်းဦး ဖုန်း- ၀၉-၂၆၀၆၇၈၀၆၄၊ ဦးမောင်အေး-ဒေါ်သိန်းသန်း ဖုန်း-၀၉-၂၆၀၆၇၈၃၆၇ ၊ ဦးမြင့်လွင် ဖုန်း-၀၉-၄၉၉၅၁၆၁၅၂၊ ဦးလှဘန်း ဖုန်း-၀၉-၄၂၃၇၀၉၂၇၄၊ ဦးခင်မောင် ဖုန်း-၀၉-၄၂၃၆၉၄၆၈၅၊ ဦးအောင်ချိုဦး ဖုန်း-၀၉-၇၉၆၉၉၁၅၉၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# ကျွန်တော်တို့က အကြမ်းဖက်မှုကိုလည်း မလိုလားပါဘူး၊ အကြမ်းဖက်သမားတွေကိုဖမ်းပေးဖို့ ကျွန်တော်တို့ရွာမှာ အဖွဲ့တွေ ဖွဲ့ထားပါတယ်

**ဦးအဒူရော်မံ**

မောင်တောမြို့ ကညင်တန်းမြို့မအုပ်စုရှိ အစ္စလာမ်ဘာသာဝင် မိသားစု ၇၀၀၀ ခန့် နေထိုင်လျက်ရှိသည့် မောင်နီကျေးရွာတွင် ဩဂုတ် ၂၉ ရက် နံနက် ၁ နာရီခန့်က ကျေးရွာအတွင်း စိတ်ကြွရူးသွပ်ဆေးပြားများသုံးစွဲ၍ အကြမ်းဖက်မှုများပြုလုပ်ရန် ဓားများကိုင်၍ ဝင်ရောက်လာသည့် လူငယ်နှစ်ဦးကို ကျေးရွာသားများက ဝိုင်းဝန်းဖမ်းဆီးကာ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

မောင်နီကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များသည် အကြမ်းဖက်မှုကိုလိုလားခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လိုကြပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကိုကာကွယ်ရန်အတွက် ကျေးရွာအတွင်း အဖွဲ့အစည်းများဖွဲ့၍ နေ့ညမပြတ်စောင့်ကြည့်ဆောင်ရွက်လျက်ရှိရာ ၎င်းရွာသို့ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များသွားရောက်၍ ကျေးရွာမှတာဝန်ရှိသူတစ်ဦးနှင့် မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။



မောင်နီကျေးရွာတွင် လုံခြုံရေးယူထားသည့် တပ်မတော်သားတစ်ဦးကို တွေ့ရစဉ်



ပြည်တွင်းပြည်ပ မီဒီယာများနှင့် ဦးအဒူရော်မံတွေ့ဆုံစဉ်

**ဦးအဒူရော်မံ**

**ကညင်တန်းမြို့မအုပ်စု မောင်တောမြို့**

**မေး။ ။ မောင်တောမြို့ပေါ်မှာ အစ္စလာမ်ဘာသာဝင်တွေအနေနဲ့ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် လက်ရှိ ဘယ်လိုနေထိုင်နေရတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ဒီရွာမှာ ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်တွေပဲ နေကြပါတယ်။ ကျွန်တော်တို့ရွာက မောင်တောမြို့နဲ့ မိုင်ဝက်လောက်ပဲ ဝေးပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရွာက ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့က အကြမ်းဖက်မှုကိုလည်း မလိုလားပါဘူး။ အကြမ်းဖက်သမားတွေကိုဖမ်းပေးဖို့ ကျွန်တော်တို့ရွာမှာအဖွဲ့တွေ ဖွဲ့ထားပါတယ်။ နေ့ညဆောင်ရွက်နေပါတယ်။

**မေး။ ။ လက်ရှိ ရွာရဲ့အခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ။ ရွာရဲ့အနေအထားက အေးအေးဆေးဆေးရှိပါတယ်။ ဒါပေမယ့် ဈေးတွေဘာတွေ မသွားတာတစ်ခုတော့ရှိပါတယ်။ မြို့ပေါ်ကိုမသွားပေမယ့် ကျွန်တော်တို့ရွာထဲမှာတော့ ဈေးဆိုင်တွေ ဖွင့်ထားပါတယ်။ ကျွန်တော်တို့ရွာမှာက အကြမ်းဖက်မှုကို အားလုံးက မလိုလားပါဘူး။ ရွာသားတွေအားလုံးက အကြမ်းဖက်မှုကို မလိုလားပါဘူးလို့ ကျွန်တော့်ကို လာပြောတဲ့အတွက် အဲဒီအကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးကတစ်ဆင့် ဆင့်ကဲဆင့်ကဲ တင်ပြထားပါတယ်။ ရွာမှာ လူဦးရေ ၇၀၀၀ နီးပါးရှိပါတယ်။ အိမ်ထောင်စုက ၇၀၀ ကျော် ရှိပါတယ်။ အားလုံးအကြမ်းဖက်မှုကို မလိုလားတာပါ။

**မေး။ ။ ရွာမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေနဲ့ ပတ်သက်ပြီး လုံခြုံရေးအခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ တပ်ရော၊ ရဲရော၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ရော အားလုံးကလုံခြုံရေးအတွက် တာဝန်ယူ အကူအညီပေးနေပါတယ်။ ရွာက ပုံမှန်အတိုင်း ရှိနေပါတယ်။ လူတွေအားလုံး ရှိပါတယ်။ ကျွန်တော်တို့ရွာက ရပ်မိရပ်ဖနဲ့ပူးပေါင်းပြီး အကြမ်းဖက်နှစ်ယောက်ကို ကျွန်တော်တို့ ဖမ်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ရွာမှာ ဓားတွေနဲ့ လွှန်ခဲ့တဲ့သုံးရက်လောက်က သောင်းကျန်းနေလို့ပါ။ ဒေသခံတွေက ကျွန်တော်တို့ကို ခြိမ်းခြောက်တာ၊ ရန်ပြုတာ လုံးဝမရှိပါဘူး။ ကျွန်တော်တို့ အန္တရာယ်မရှိပါဘူး။

**မေး။ ။ မတူညီတဲ့သူတွေ အတူတကွ နေထိုင်နိုင်ဖို့အတွက် ဘယ်လိုမျိုး ပြင်ဆင်ထားပါသလဲ။**

ဖြေ။ ကျွန်တော်တို့က ရခိုင်တိုင်းရင်းသားတွေနဲ့လည်း ညီအစ်ကိုလို၊ မိသားစုလို နေထိုင်ကြပါတယ်။ အခုလည်း ကျွန်တော်တို့ကို ဖုန်းတွေဘာတွေ ဆက်ပါတယ်။

ယနေ့ကျရောက်သည့် အစ္စလာမ်ဘာသာဝင်များ၏ အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်) နေ့တွင် မောင်နီရွာရှိ အလယ်ဗလီနှင့်ကာဆိမ်းဗလီတို့တွင် ဗလီတက်ဝတ်ပြုဆုတောင်းခြင်းနှင့် တရားဟောပြောခြင်းတို့ကို လွတ်လပ်အေးချမ်းစွာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား ဆက်လက်ပို့ဆောင်၊ ဒေသခံပြည်သူများ လက်ဝယ်သို့ ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများသည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အနယ်နယ်အရပ်အရပ်မှ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သည့် ထောက်ပံ့ပစ္စည်းများအား စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများတွင် ဆိုလာမီးအိမ် ၉၂ ခု၊ စားသုံးဆီ ၄၈၂ ဘူး၊ တီရှပ်အင်္ကျီ ၁၃၇ ထည်၊ ကော်ဖီမစ် ၂၇ ဖာ၊ ကွေကာ တစ်ဖာ၊ ဆပ်ပြာခရင် ၁၉ ဖာ၊ ဆပ်ပြာ ၁၄၄ ခဲ၊ ငါးသေတ္တာ ၁၉ ဖာ၊ အမယ်စုံထုပ် အထုပ် ၄၀၊ အမျိုးသမီးနှင့်ကလေးများအတွက် အသုံးအဆောင်ပစ္စည်းခုနစ်မျိုး၊ ငါးခြောက်ကြော် ၁၄ ဖာ၊ ခေါက်ဆွဲ ၁၀ ဖာနှင့် ခေါက်ဆွဲခြောက်ဖာ ၃၀၀ တို့ကို ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော် သယ်ယူပို့ဆောင်ရေး Y-8 လေယာဉ်ဖြင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးရာ ညနေပိုင်းတွင် ရောက်ရှိခဲ့သည်။



ထို့အတူ နေရပ်စွန့်ခွာရွှေ့ပြောင်းရောက်ရှိနေသည့် တိုင်းရင်းသားပြည်သူများလက်ဝယ်သို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရာအသီးသီး၌ လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိရာ ဘူးသီးတောင်မြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၉၂ ဦး၊ ခမောင်းဆိပ်ကျေးရွာနှင့် လေမျိုးကေသီကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၉၇ ဦး၊ ဆင်ဖြူတောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၇ ဦးနှင့် အဆိုပါကျေးရွာသို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပိရွက်ကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၀၉ ဦး၊ စိတ္တရကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၆၅ ဦး၊ ငါးရန့်ချောင်းကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၇၁ ဦးနှင့် တောင်ဘဇာရှိ နယ်မြေခံတပ်ရင်း၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူ ၅၉၀ တို့ကို ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာများအတွင်း ရေများဝင်ရောက်လျက်ရှိ

**ရေတာရှည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ကြောင်းတစ်လျှောက်ရှိသည့် ကျေးရွာများတွင် မြစ်ရေမြင့်တက်လာမှုကြောင့် စက်တင်ဘာ ၁ ရက်မှ စတင်ကာ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂ ရက်တွင် မိကျောင်းအိုင်၊ ကဲလင်းဆိပ်၊ သောင်ကြီး၊ ကျွဲရိုင်းပြင်၊ ဆင်ဝှေ၊ အုန်းပင်ကွေ့အစရှိသော ကျေးရွာများတွင် ရေများဝင်ရောက်လျက်ရှိပြီး သောင်ကြီးကျေးရွာမှာ တစ်ရွာလုံး ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ထို့အတူ မြစ်ကြောင်းနှင့်ဆက်စပ်လျက်ရှိသော သီးနှံစိုက်ခင်းများအတွင်း ရေများဝင်ရောက်လျက်ရှိ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော အဖွဲ့က ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး မြစ်ရေ ဆက်လက်မြင့်တက်ခြင်းနှင့် ရွှေ့ပြောင်းမှုအတွက် လိုအပ်ပါက အမြန်ဆုံးဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူ ယနေ့စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး မိုးကောင်းအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စု၊ အလယ်ကျွန်းရွာ၊ တောင်ငူမြို့ အမှတ် (၁၉) ရပ်ကွက် ကြက်လျှာစွန်းရပ်ကွက်၊ အမှတ် (၁၈) မြင်းဖြူအင်းရပ်ကွက်နှင့် မြို့ကြီးရပ်ကွက်များတွင် စစ်တောင်းမြစ်ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အီဒုလ်အသွဟာ (ကုရ်ဘာနီအီးဒ်)နေ့တွင် မောင်တောမြို့ပေါ်ရှိ ဗလီ ၁၆ ခု၌ အစ္စလာမ်ဘာသာဝင်များ ဗလီတက်ဝတ်ပြုခြင်းနှင့် တရားဟောပြောခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ



**မောင်တော စက်တင်ဘာ ၂**

ယနေ့သည် အစ္စလာမ်ဘာသာဝင်များ၏ အီဒုလ်အသွဟာ (ကုရ်ဘာနီအီးဒ်)နေ့ (ဒေသအခေါ် ဘက္ကရီအီးဒ်နေ့) ဖြစ်ရာ ယနေ့နံနက်ပိုင်းက မောင်တောမြို့ပေါ်ရှိ ဗလီ ၁၆ ခု၌ အစ္စလာမ်ဘာသာဝင်များ ဗလီတက်ဝတ်ပြုခြင်းနှင့် တရားဟောခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဝတ်ပြုခြင်းနှင့် တရားဟောခြင်းဆောင်ရွက်လျက်ရှိသည့် ဗလီများမှာ မြို့မကညင်တန်းရပ်ကွက်ရှိ သင်္ချိုင်းဗလီ၊ ဟိုင်းဂျိုက်ဗလီ၊ စုပေါင်းဗလီ၊ အနောက်ရွာဗလီ၊ မောင်နီရွာရှိ သင်္ချိုင်းဗလီ၊ အလယ်ဗလီ၊ ကာဆိမ်းဗလီ၊ မြို့မအနောက်ရပ်ကွက်ရှိ အောက်ရွာဗလီ၊ ဖေဇီဗလီ၊ ရွာသစ်ကေရပ်ကွက်ရှိ အလယ်ပိုင်းဗလီ၊ မြောက်ဗလီ၊ အရှေ့ဗလီ၊ မြို့မတောင်ရပ်ကွက်ရှိ မြို့မငါးခူရကျောက်ဗလီ၊ ဗိုလ်မှူးရွာဗလီ၊ မြို့မငါးခူရသင်္ချိုင်းဗလီနှင့် အာလီရွာဗလီတို့ဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များသည် နံနက် ၈ နာရီမှ ၈ နာရီ ၁၅ မိနစ်အထိ လွတ်လပ်စွာ ဗလီတက်ဝတ်ပြုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ကျောင်းသား ကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေရရှိရန် ရေတွင်းတူးဖော်



**ဖားကန့် စက်တင်ဘာ ၂**

ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းသားကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရေတွင်းများတူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ မွမ်းမံရန်ပုံငွေ ၆ ဒသမ ၀၀၀ သန်း အကုန်ကျခံပြီး အကျယ် ခြောက်ပေ၊ တွင်းအနက် ပေ ၆၀ ရှိလက်လုပ်ရေတွင်းကို တူးဖော်ပေးလျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော်တက်ရောက် ပညာသင်ကြားနေသည့်အတွက် သန့်ရှင်းသောသောက်သုံးရေလုံလောက်မှုမရှိ၍ အခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် လက်လုပ်ရေတွင်းတူးဖော်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသန်းနှင့် အဖွဲ့ဝင်များသည် တူးဖော်နေသည့် လက်လုပ်ရေတွင်း အချိန်မီပြီးစီးရေးနှင့် နွေရာသီကာလတွင် ရေခန်းခြောက်မှု မရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ကြေးနီစီမံကိန်းကုမ္ပဏီများမှ ရေဘေးသင့်ဒေသခံများအား ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ



**ဆားလင်းကြီး စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆားလင်းကြီးမြို့နယ် ကြေးနီစီမံကိန်း(မုံရွာ)အနီးပတ်ဝန်းကျင်ရှိ ရေဘေးသင့်ပြည်သူများအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာယန်စီကုမ္ပဏီတို့မှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက်က ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် ဆားလင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်က အမှာစကားပြောကြားပြီး ဆားလင်းကြီးမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ယခင်ပထမအကြိမ်က ပေးအပ်ထောက်ပံ့ခဲ့သည့် အိမ်ထောင်စုများအနက်မှ စာရင်းပြုစုရက်ကျော်လွန်ပြီးမှ ထပ်မံသိရှိခဲ့ရသော စာရင်းများအရ ကျန်ရှိနေသော ရေဘေးသင့်ကျေးရွာပေါင်း ၄၇ ရွာမှ အိမ်ထောင်စု ၂၁၂၅ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်လေးပြည်နှင့် အခြားကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သော မိုးကာစ ၆၇၃ ချပ်ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တစ်ရွာလျှင် မိုးကာစ ၁၆ ချပ်နှုန်းခန့် ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာဦးပိုင်ကုမ္ပဏီ၊ မြန်မာဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာယန်စီကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းတို့က ရေဘေးသင့်ဒေသခံပြည်သူများအတွက် ဆန်နှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးများအား လွှဲပြောင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

# မြစ်ရေဝင်၍ ပိတ်ထားရသည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှကျောင်းအချို့ပြန်ဖွင့်

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၁၇ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းပေါင်း ၂၈၁ ကျောင်းအနက် ၁၃၂ ကျောင်းကို ဩဂုတ် ၃၁ ရက်က ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ စာရင်းများအရ သိရသည်။

"ရေဝင် ကျောင်းပိတ်တွေအနေနဲ့ ရက်စားအဖြစ် အဖိတ် ဥပုသ်ပိတ်တဲ့ ကျောင်းတွေက အဖိတ်နေ့၊ ဥပုသ် တနင်္ဂနွေပိတ်တဲ့ ကျောင်းတွေက တနင်္ဂနွေနေ့ ပြန်တက်တယ်။ များသောအားဖြင့်တော့ အဲဒီဘက်ခြမ်းတွေက အဖိတ် ဥပုသ်ပိတ်တာများတော့ အားလုံးက အဖိတ်ပဲ။ အဖိတ်နေ့ကို ကျွန်တော်တို့ ပိတ်ရက်အစားပြန်တက်ကြရမယ်။ အဲသည်အတွက် ပိတ်ထားတဲ့ရက်တွေ အဆင်ပြေသွားတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး စီမံဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်တိုးက ပြောသည်။



ဩဂုတ် ၂၇ ရက်က ကျေးရွာတစ်ရွာတွင် မြစ်ရေများဝင်ရောက်နေစဉ်

မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၁၂ မြို့နယ်တွင် မြစ်ရေဝင်ရောက်ခဲ့မှုကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းပေါင်း ၂၈၁ ကျောင်းအနက် ငါန်းဇွန်မြို့နယ်မှ ခုနစ်ကျောင်း၊ တံတားဦးမြို့နယ်မှ ငါးကျောင်း၊ မတ္တရာမြို့နယ်မှ ၃၄ ကျောင်း၊ စဉ့်ကူးမြို့နယ်မှ ၅၃ ကျောင်း၊ ပုသိမ်ကြီးမြို့နယ်မှ ကျောင်း ၂၀ နှင့် အမရပူရမြို့နယ်မှ ၁၂ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၁၃၂ ကျောင်းကို ဩဂုတ် ၃၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန္တလေး တိုင်းဒေသကြီးအတွင်း ဆက်လက်ဖြစ်ပေါ်နိုင်သည့် မြစ်ရေအခြေအနေနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က "မြစ်ရေက လောလောဆယ်ကတော့ ကျနေပါတယ်။ နောက်နှစ်ရက်သုံးရက်အတွင်းတော့ ကျနှုန်းနှေးသွားဖို့ရှိတယ်။ ဘာလို့လဲဆိုတော့ အပေါ်မှာရေက ပြန်ပြီးတော့တက်လာတာရှိတယ်။ မြစ်ကြီးနားက ဒီလောက်မများဘူး။ ဗန်းမော်၊ ကသာပိုင်းမှာတော့ တက်နေတယ်။ ဒါကလည်း အဲဒီဘက်ပိုင်းတွေမှာ မိုးရွာလို့ပါ။ မိုးအခြေအနေအပေါ် မူတည်မှာပဲ။ ဒီတစ်ပတ်အတွင်းကတော့ ဘာမှမဖြစ်နိုင်ပါဘူး"ဟု ပြောသည်။

မန္တလေးမြို့ရှိ ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁၉ ရက်မှစ၍ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ၁၂၉၀ စင်တီမီတာအထိ မြင့်တက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်က မြစ်ရေသည် ၁၃၂၅ စင်တီမီတာအထိ ရောက်ရှိခဲ့ဖူးပြီး ၂၀၀၄ ခုနှစ် ဇူလိုင် ၂၇ ရက်က အမြင့်ဆုံးအနေဖြင့် ၁၃၈၂ စင်တီမီတာအထိ မြင့်တက်ရောက်ရှိခဲ့ဖူးကြောင်း ယင်းဌာန၏ မှတ်တမ်းများအရ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆွာချောင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှုများပြားနေ၍ ရေများလွှတ်ပေးနေ

**ရေတာရှည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ချောင်းဖျား သစ်တောကြိုးဝိုင်းဒေသများ၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေးကားလမ်းဟောင်းမှ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ ဆွာချောင်း ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုပမာဏ မြင့်တက်လျက်ရှိပြီး စက်တင်ဘာ ၁ ရက် နံနက်ပိုင်းအချိန်ထိ ရေပိုလွှဲမှ ရေများ ၁ ဒသမ ၉ ပေခန့်ကျော်ကျလျက်ရှိကြောင်း၊ ထိုသို့ ရေကျော်ကျနေသော်လည်း ဒေသခံများအနေဖြင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

ရေဝင်ရောက်မှုများနေသဖြင့် ရေ Level ညီမျှစေရန် အရေးပေါ် ရေလွှတ်ပေါက်မှတစ်ဆင့် ဆွာချောင်းအတွင်းသို့ နေ့စဉ် ၁၁၀၀ ကေပေရှိ ရေများထုတ်လွှတ်ပေးလျက်ရှိပြီး ဆွာချောင်းဘေးတစ်လျှောက် နေထိုင်ကြသော ဒေသခံ ကျေးရွာများမှ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုရှိကြရန် မလိုပါကြောင်း တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က ပြောကြားသည်။



မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းနေအောင်ကလည်း "ကျွန်တော်တို့က နွေစပါးပြီးကတည်းက ရေကို ပုံမှန်လျှော့လာတာ ဆည်ရဲ့ကန်ရေသိုလှောင်နိုင်မှု ပမာဏက ၂၁၆၃၅၀ ရှိတယ်။ အဲ့ဒီထက်ပိုလာရင် ရေပိုလွှဲက ကျော်မယ်။ ဒီဘက်ကလည်း ဆွာချောင်းထဲကိုပြန်ထည့်တယ်။ ချောင်းရေကတော့ နေ့စဉ်များသလိုရှိနေပေမယ့် ဒေသခံတွေ စိုးရိမ်မှုမရှိအောင်လို့ပါ။ တမံရဲ့ကြံ့ခိုင်မှုလည်း ကောင်းပါတယ်"ဟု ပြောသည်။

ဆွာချောင်းတမံရေပိုလွှဲသည် ကျွန်းတောစုကျေးရွာအနီးတွင် တည်ရှိပြီး ယခု မိုးများသဖြင့် တမံအတွင်းမှ ကျော်ကျလျက်ရှိသည့်ရေများသည် သမယ်ဆယ်ချောင်းငယ်မှတစ်ဆင့် ဆွာချောင်းအတွင်းသို့ စီးဝင်သွားသည်။

**ကိုလွင်(ဆွာ)**

# ရပ်ကွက်အလိုက် လူထုအခြေပြုရဲလုပ်ငန်းများအတွက် Pilot Project ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း လူထုအခြေပြုရဲလုပ်ငန်း (Community Based Policing)ကို ဆောင်ရွက်နေကြသော ရပ်ရွာအခြေပြုအဖွဲ့များအတွက် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ရန်ပုံငွေမှ Pilot Project ပစ္စည်းများ ရပ်ကွက်အလိုက် ခွဲဝေထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက်က မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ရန်ပုံငွေမှ ထောက်ပံ့သည့် ရွက်ဖျင်တဲနှင့် ဘက်ထရီစက်ဘီးအပါအဝင် ကျပ်သိန်း ၅၀တန်ဖိုးရှိ ထောက်ပံ့ပစ္စည်း ၁၆ မျိုးကို ရပ်ကွက် ၁၀ ခုမှ အုပ်ချုပ်ရေးမှူးများထံသို့ ခွဲဝေထောက်ပံ့ပေးအပ်ခဲ့သည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ခင်ဦး စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)အရ သင်ပေါင်းကျေးရွာ၌ ဆောင်ရွက်ခဲ့သော တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်း ပြီးစီးသဖြင့် ဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက တစ်အိမ်သုံး ဆိုလာစနစ်ကို သုံးစွဲရာတွင် သတ်မှတ်ချက်နှင့်အညီ စနစ်တကျသုံးစွဲကြရန်၊ သုံးစွဲရာတွင် အခက်အခဲရှိပါက သို့မဟုတ် အကြံပြုချက်များရှိပါက ဌာနသို့ လာရောက်ဆွေးနွေးပေးကြရန်တို့ကို ပြောကြားသည်။ ထို့နောက် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက တစ်အိမ်သုံးဆိုလာစနစ်မီးလင်းရေးလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါကျေးရွာတွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် သုံးစွဲသူများက ဝပ်အလိုက် အချိုးကျ ငွေထည့်ဝင်ခဲ့ရာ အိမ်ထောင်စု ၁၆ စုက ၃၀ ဝပ်နှင့် အိမ်ထောင်စု ၅၉ စုက ၆၀ ဝပ် တပ်ဆင်အသုံးပြုကြောင်း၊ ဘုန်းတော်ကြီးကျောင်းအတွက် ၁၂၀ ဝပ်၊ စာသင်ကျောင်းအတွက် ၃၈၀ ဝပ်၊ ကျန်းမာရေးဆေးပေးခန်းအတွက် ၁၈၀ ဝပ်နှင့် လမ်းမီးတိုင်ငါးတိုင်တို့တွင် ၇၀ ဝပ်တို့ကို အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ထည့်ဝင်ငွေ၊ ကမ္ဘာ့ဘဏ်မှပံ့ပိုးငွေနှင့် ပြည်သူများထည့်ဝင်ငွေ ၁၀ ရာခိုင်နှုန်းတို့ ပူးပေါင်း၍ လျှပ်စစ်ဓာတ်အားမရသေးသော ဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ကွာဝေးသည့် ကျေးရွာများတွင် ဆိုလာစနစ်အပါအဝင် အခြားနည်းလမ်းများဖြင့် မီးလင်းရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ခင်ဦးစိုးဝေ**

# လူထုဗဟိုပြုစီမံကိန်း နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**မြိတ် စက်တင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း၏ စတုတ္ထနှစ် နှစ်ပတ်လည် မြို့နယ်အဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးနှင့် ဆောင်ရွက်မှုအကောင်းဆုံး ဆုချီးမြှင့်ပွဲကို ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဘေဘီသန်းက အမှာစကားပြောကြားပြီး ကျွန်းစုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဦးက နှုတ်ခွန်းဆက်စကားပြောကြားကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်းက အစည်းအဝေး၏ ရည်ရွယ်ချက်များကို ရှင်းလင်းသည်။ ထို့နောက် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းထွန်းဦးက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် စတုတ္ထနှစ် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာကော်မတီဝင်များက ကဏ္ဍအလိုက် အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ ဆွေးနွေးခဲ့သည်။ ဆက်လက်၍ လုပ်ငန်းများဆောင်ရွက်မှုတွင် အကောင်းဆုံးကျေးရွာအုပ်စုနှင့် ကျေးရွာများကိုလည်း မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အမှတ်ပေးအဖွဲ့များက ရွေးချယ်ခဲ့ပြီး ဆုရသော ကျေးရွာကော်မတီဝင်များကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ကျွန်းစုမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ပထမနှစ် စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၄၉ ရွာတွင် လုပ်ငန်းပေါင်း ၁၄၃ ခုကို ငွေကျပ် ၅၄၇ ဒသမ ၁၂၈ သန်းဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဒုတိယနှစ်စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၆၂ ရွာတွင် လုပ်ငန်းပေါင်း ၁၇၂ ခုကို ငွေကျပ် ၁၃၄၀ သန်းဖြင့်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် တတိယနှစ်စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၆၃ ရွာ၌ လုပ်ငန်းပေါင်း ၁၇၀ ခုကို ငွေကျပ် ၁၅၈၀ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ယခု ၂၀၁၆-၂၀၁၇ ခုနှစ် စတုတ္ထနှစ်စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၆၃ ရွာတွင် လုပ်ငန်းပေါင်း ၁၇၄ ခုကို ကျပ် ၁၆၀၆ သန်းဖြင့် အကောင်အထည်ဖော်ခဲ့ရာ လမ်း၊ တံတား၊ ရေရရှိရေးနှင့် မီးရရှိရေး၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းစသည့် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီး၍ ကျေးရွာများရှိ ဒေသခံပြည်သူများအနေဖြင့် စီမံကိန်းကြောင့် အကျိုးခံစားနေရပြီဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ကျေးရွာနေပြည်သူများအတွက် မြေငှားဂရန်များ ပြုလုပ်ပေးပြီး လက်ရောက်ပေးအပ်

**မော်လိုက် စက်တင်ဘာ ၂**

ကျေးလက်နေပြည်သူများ လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် ရည်ရွယ်၍ မော်လိုက်မြို့နယ် နန်းစောက်စောက်ကျေးရွာမှ ပြည်သူများအား ကျေးရွာမြေငှားဂရန်(မြေငှားစာချုပ်)ပေးအပ်ပွဲကို ဩဂုတ် ၃၁ ရက်က မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ယုက ကျေးရွာမြေငှားဂရန် ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး နန်းစောက်စောက်ကျေးရွာ တိုးချဲ့ရွာမြေ (၈ ဒသမ ၈၄ ဧက)တွင် ပါဝင်သော အိမ်ထောင်စုများမှ စည်းကမ်းချက်များနှင့်ကိုက်ညီသည့် အိမ်ထောင်စု ၃၄ စုအတွက် ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်)များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။ **မော်လိုက်သားလေး**



## မိုးသည်းထန်ပြီး မြေကျွံ၍ ကွန်ကရစ်တံတားတစ်စင်းနိမ့်ကျခဲ့

**မိုင်းဖြတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီခန့်က မိုင်းဖြတ်မြို့တွင်း မိုင်းဖြတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမပေါ်တွင် မြေကျွံကာ အရှည် ပေ ၃၀၊ အကျယ် ၃၄ ပေရှိ ကွန်ကရစ်တံတားတစ်စင်း နိမ့်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားနိမ့်ကျသွားမှုကြောင့် ယာဉ်များဖြတ်သန်းသွားလာမှုကို ခေတ္တပိတ်ခဲ့ရပြီး ခရီးသွားပြည်သူများ အမြန်ဆုံး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိ/စစ်သည်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ သဲ၊ ကျောက်များ ခင်းကျင်းပြုပြင်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် ယာဉ်များ ယာယီသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲ မွန်ပြည်နယ်တွင် ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂**

အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်လျက်ရှိသော မီဒီယာကဏ္ဍတို့ အပြန်အလှန်လေးစားသည့် ဆက်ဆံရေးရှိရန်နှင့် ပြည်သူများသို့ချပြရသော သတင်းအချက်အလက်များ ရယူရာတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်ချက်များဖြင့် မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားရေးဆိုင်ရာ အရာရှိများ၊ ပြည်နယ်အတွင်း မီဒီယာအသီးသီးမှ သတင်းထောက်များတက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူတစ်ဦးက ဒီမိုကရေစီနိုင်ငံအတွက် ဝိုင်းဝန်းဆောင်ရွက်ရာတွင် မဏ္ဍိုင်သုံးရပ်သာမကဘဲ မီဒီယာမဏ္ဍိုင်ကလည်း အထောက်အကူပြု ပူးတွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲကြောင့် မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်တို့ အပြန်အလှန်နားလည်ပြီး လိုအပ်ချက်များကို ဆွေးနွေးကြရန်နှင့် ဆွေးနွေးပွဲမှသည် ပိုပြီးပြေလည်ချောမွေ့သော ဆက်ဆံရေးဖြင့် နိုင်ငံတည်ဆောက်ရေးတွင် ပူးပေါင်းလုပ်ဆောင်နိုင်ကြရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံကလည်း မိမိတို့ မဏ္ဍိုင်သုံးရပ်အနေဖြင့် ပြည်သူများ သတင်းသိခွင့်အတွက် မီဒီယာများ၏မေးမြန်းမှုများကို ဖြေကြားပေးရန်လိုအပ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းကို ကျင့်သုံးဖို့လိုကြောင်း၊ မီဒီယာများဘက်မှလည်း လွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး ကျင့်ဝတ်နှင့်ညီရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းအနေဖြင့် လျှို့ဝှက်ကိစ္စမှအပ ထုတ်ပြန်ပေးရန်လိုအပ်သကဲ့သို့ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများကို ကျော်လွန်ပြီး ဖြေ၍မရသည့် ကိစ္စများအတွက် မီဒီယာများဘက်မှ နားလည်ဖို့လိုအပ်ကြောင်း၊ မိမိအနေဖြင့်လည်း မီဒီယာများနှင့် လစဉ်တွေ့ဆုံနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကြားဖြတ်အနေဖြင့်လည်း မေးခွန်းများ မေးမြန်းခွင့်ပြုထားကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် စတုတ္ထမဏ္ဍိုင်အကြား နားလည်မှုဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ပြီး စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာကောင်စီဝင်များနှင့် သတင်းမီဒီယာသမားများကလည်း မိမိတို့၏ အခက်အခဲများ၊ သတင်းရယူရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။ မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲကို ပြီးခဲ့သည့် ဇွန်လက ရခိုင်ပြည်နယ်တွင် ပထမအကြိမ် ပြုလုပ်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် မွန်ပြည်နယ်တွင် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြတ်မွန်ထွေး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-တင်ထွန်း**

## တောင်ကြီးမြို့၌ ထိုင်းကုန်စည်ပြပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂**

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များက ပထမဦးဆုံးအကြိမ်အဖြစ် လာရောက်ကျင်းပသည့် တစ်ပတ်ကြာ Mini Thailand Week 2017 အသေးစားကုန်စည်ပြပွဲကို စက်တင်ဘာ ၁ ရက်မှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ရန်ကုန်မြို့မှ ထိုင်းစီးပွားရေးသံမှူး Mr Pakainay Leng-EE က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ယခုလို ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် အသေးစားကုန်စည်ပြပွဲ လာရောက်ကျင်းပသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ရှေးယခင်ကပင် ချစ်ကြည်ရင်းနှီးမှုရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကာ နှစ်နိုင်ငံခေါင်းဆောင်များသည်လည်း အပြန်အလှန် ကူးလူးဆက်ဆံမှုရှိကြပြီး မိမိတို့ရှမ်းပြည်နယ်အနေဖြင့်လည်း ကျိုင်းတုံ၊ တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်ဒေသ နယ်စပ်နေ ပြည်သူများအချင်းချင်း စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် အကြံပြုလိုသည်မှာ ယခုအချိန်တွင် မြန်မာနိုင်ငံသည် အစိုးရသစ်နှင့်အတူ ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုပီပြင်စွာ ဆောင်ရွက်နေသဖြင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအဖို့ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း၊ ကုန်စည်ပြပွဲ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်းနှင့် ရှမ်းပြည်နယ်၏ ကုန်သွယ်မှုအခန်းကဏ္ဍ ယခုထက် ပိုမိုအောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ကုန်စည်ပြပွဲကို ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ထိုင်းစီးပွားရေးသံမှူး၊ ရှမ်းပြည်နယ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြပွဲခန်းမအတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသော အရောင်းဆိုင်ခန်း ၄၀ ခန့်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ကချင်ပြည်နယ်၏ စိုက်ပျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် စစ်တမ်းများကောက်ယူမည်

**မြစ်ကြီးနား စက်တင်ဘာ ၂**

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စစ်တမ်းများကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း သီးနှံများစိုက်ပျိုးရာတွင် မည်သို့စိုက်ပျိုးသည်ဆိုသည့်အချက်နှင့် စိုက်ပျိုးသည့် သီးနှံအမျိုးအစားများ၊ ပြည်နယ်အတွက် သီးနှံများစိုက်ပျိုးရာတွင် အသင့်တော်ဆုံးက မည်သည့်သီးနှံဖြစ်သည်၊ ထိုသီးနှံများကို ကုန်ချောဖြစ်အောင် မည်သို့လုပ်ဆောင်သွားကြမည်ဆိုသည့် အချက်များကို ကဆန်ထီကုမ္ပဏီက စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ကဆန်ထီကုမ္ပဏီအနေနဲ့ မြစ်ကြီးနား၊ ဝိုင်းမော်မြို့အပါအဝင် နမ္မတီး၊ ပူတာအို၊ အောင်မြင်သစ်ဒီနေရာ ငါးခုမှာ အောက်တိုဘာလကစပြီး စိုက်ပျိုးရေး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စစ်တမ်းများ ကောက်ယူသွားမှာဖြစ်ပါတယ်"ဟု ကဆန်ထီကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်ထုံဖူးနင်ဒွေးက ပြောသည်။ မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ YMCA ခန်းမတွင် စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သော ပြည်နယ်၏ စိုက်ပျိုးစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။



ပြည်နယ်၏ စိုက်ပျိုးစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုမ္ပဏီအနေဖြင့် ၂၀၁၄ ခုနှစ်မှစပြီး စစ်တမ်းများကောက်ယူခဲ့ကာ သုတေသနပြုမှုများ ဆောင်ရွက်ခဲ့ပြီး ရရှိသည့်အချက်အလက်များအပေါ် မူတည်ကာ စိုက်ပျိုးစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် ပြည်နယ်၌ စိုက်ပျိုးရေး လုပ်ငန်းများမှ ထွက်ရှိသည့် သီးနှံများကို တောင်သူလယ်သမားများအနေဖြင့် ကုန်ချောမထုတ်လုပ်နိုင်ကြဘဲ ကုန်ကြမ်းအနေဖြင့်သာ ဈေးအနိမ့်ဖြင့် ရောင်းချနေရခြင်းများရှိကြောင်း၊ ထို့အပြင် ထွက်ကုန်ဝယ်ယူသည့် ကုမ္ပဏီများက တောင်သူလယ်သမားများနှင့် စာချုပ်ချုပ်ကြသည့်အခါတွင် တောင်သူလယ်သမားများမှာ စာချုပ်၏သဘောတရားများကို နားလည်မှုမရှိကြသည့်အတွက် နစ်နာဆုံးရှုံးရမှုများလည်း ရှိနေသည်ကို တွေ့ရကြောင်း ကဆန်ထီကုမ္ပဏီ ဒါရိုက်တာက ဆက်ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ လူမှုရေးအဖွဲ့အစည်းဝင်များက ရင်းနှီးမြှုပ်နှံရာတွင် စိန်ခေါ်မှုများ၊ စာချုပ်ချုပ်ဆိုရာတွင် ရင်ဆိုင်ရမည့် အခက်အခဲများ၊ ကုန်စည်များပြားမှုနှင့် ဈေးကွက်ပျက်စီးမှု ကွင်းဆက်အခြေအနေ၊ စိုက်ပျိုးစီးပွားရေးကဏ္ဍအကြောင်း၊ ကုန်စည်ထုတ်လုပ်မှုကွင်းဆက်၊ စိုက်ပျိုးစီးပွားရေးတွင် ကျားမပါဝင်မှုကဏ္ဍ စသည့် ခေါင်းစဉ်များဖြင့် နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ရေးမြို့နယ် ကွမ်းသီးဈေးကွက်တွင် ကွမ်းသီးများ ဈေးကျနေ

**ရေး စက်တင်ဘာ ၂**

ယခုရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် နယ်မြေတည်ငြိမ်မှုမရှိသည့် အခြေအနေများကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တင်ပို့နေသော မွန်ပြည်နယ် ရေးမြို့နယ်မှထွက်သည့် ကွမ်းသီးဈေးကွက်မှာ ဈေးနှုန်းများ အကျဘက်သို့ဦးတည်လာလျက်ရှိကြောင်း ရေးမြို့နယ်အတွင်း ကွမ်းသီးရောင်းဝယ်သူများထံမှ သိရသည်။

လက်ရှိအချိန်မှာ ကွမ်းသီးအသစ်များထွက်ရှိချိန်ဖြစ်သည့်အတွက် ပြည်တွင်း ရန်ကုန်ဈေးကွက်မှ ကွမ်းသီးဝယ်လိုအားက အေးနေသည့်အချိန်ဖြစ်ရာ ယခု ဘင်္ဂလားဒေ့ရှ်နယ်စပ် အခြေအနေအရ ကွမ်းသီးဈေးနှုန်း ဆက်လက်ကျဆင်းလာမည်ကို ရေးကွမ်းသီးကုန်သည်အများစုက စိုးရိမ်နေကြောင်း သိရသည်။

ရေးမြို့နယ် ကွမ်းသီးဈေးကွက်တွင် ပြီးခဲ့သည့်နှစ်ပတ်လောက်ကအထိ ကွမ်းသီးဈေး တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ရှိရာမှ ယခု ကျပ် ၅၆၀၀ ခန့်အထိ ကျလာကြောင်း၊ ကွမ်းသီးဈေးကွက်မှာ အများအားဖြင့် သင်္ကြန်ကာလတွင် ဈေးနှုန်းအမြင့် ရရှိတတ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ရာသီဥတု အပူရှိန်ကြောင့် ကွမ်းသီးအထွက်နှုန်း ကျဆင်းခဲ့ပြီး လာမည့် ကွမ်းသီးရာသီတွင်မူ အထွက်နှုန်းကောင်းမည်ဟု ကုန်သည်များက ခန့်မှန်းထားကြောင်း သိရသည်။

ရေးမြို့နယ်ဒေသထွက် ကွမ်းသီးများကို အဓိကအားဖြင့် ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချသည့်အပြင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများအထိလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကွမ်းသီးအခွံ ကုန်ကြမ်းများကိုလည်း တရုတ်နိုင်ငံက အဓိကဝယ်ယူပြီး ဂုန်လျှော်အိတ်နှင့် ကော်ဇောများပြုလုပ်ရာတွင် အသုံးပြုကြောင်း၊ ယခုနှစ်တွင် ရေးမြို့နယ်အတွင်း ကွမ်းသီးစိုက်ဧက ၅၁၆၇၉ ဧကရှိကြောင်း ရေးဒေသခံ ကွမ်းသီးကုန်သည်များထံမှ သိရသည်။

**နေမျိုးထွန်း(ရေး)**



# မတ်ပဲနှင့် ပဲစင်းငုံဈေးကျသော်လည်း ပြည်တွင်းစားသုံးမှုများသည့်ပဲဈေးနှုန်းများ မြင့်တက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**


နိုင်ငံခြားတင်ပို့မှု အကန့်အသတ်ရှိသည့် မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးများကျဆင်းသွားသော်လည်း စားတော်ပဲ၊ ပဲကြီး၊ မြေတောက်ပဲ၊ ပဲဇီးကွက်အစရှိသည့် ပဲများမှာ ယခင်နှစ်က ဈေးနှုန်းများထက် တစ်ဆကျော် ဈေးမြင့်တက်နေကြောင်း မန္တလေးဈေးကွက်မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှ သိရသည်။

ယခုလက်ရှိ မန္တလေးပဲဈေးကွက်တွင် ပြည်တွင်းစားသုံးမှုများပြားသည့်ပဲများဖြစ်သည့် ပဲကြီးသုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀၊ ကျွန်းကြီးစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀၊ မြေတောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ထောပတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ နှင့် ပဲနီပြားတစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ မှ ၉၅၀၀၀ အထိ ဈေးများမြင့်တက်နေကြောင်း သိရသည်။

"အခုလက်ရှိ ပြည်တွင်းစားသုံးမှုများတဲ့ပဲတွေက အခြားနိုင်ငံတွေကို တင်ပို့တာမဟုတ်ဘဲ ဒီနှစ်အတွင်းမှာ ဈေးမြင့်လာတယ်။ ဘာလို့လဲဆိုတော့ စားသုံးမှုများလာတာအပြင် အရင်နှစ်တွေက မိုးကောင်းလွန်းတော့ ပဲထွက်နှုန်းလျော့ကျခဲ့တာရှိတယ်။ အဲဒီအပေါ်မှုတည်ပြီးတော့ ဒီနှစ်ပြည်တွင်း အစားများတဲ့ပဲတွေ ဈေးမြင့်လာတာရှိတယ်။ စားတော်ပဲတို့၊ ပဲကြီးတို့ဆိုတာတွေက မြန်မာ့ အစားအစာတွေမှာလည်း ဟင်းချက်ရမှာလည်း မပါမဖြစ်။ မနက်လင်းပြီဆိုတာနဲ့ ပဲနဲ့လုပ်တဲ့မုန့်တွေကို လက်ဖက်ရည်ဆိုင်တွေမှာ ရနေကြပြီ။ စားတော်ပဲတို့၊ ပဲကြီးတို့၊ စွန်တာနီ၊ စွန်တာပြာတို့လို စားသုံးမှုများပြားတဲ့အတွက် ဒီပဲတွေကတော့ Export မမျှော်ရဘူး"ဟု ၎င်းက ပြောသည်။

ပဲကြီး၊ ပဲနီပြား၊ ပဲထောပတ်တို့သည် ယခင်နှစ်က တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းမှ ခြောက်သောင်းအထိ လည်းကောင်း၊ မြေတောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ခြောက်သောင်းခွဲ၊ ပဲဇီးကွက်တစ်အိတ်လျှင် ငွေကျပ် လေးသောင်းခွဲခန့်သာရှိခဲ့ပြီး ယခင်နှစ်က အထွက်နှုန်းများလျော့ကျမှု အပါအဝင် ပြည်တွင်းစားသုံးမှု များပြားမှုကြောင့် ယခုနှစ်တွင် ဈေးတစ်ဆကျော် မြင့်တက်လာခြင်းဖြစ်ကြောင်း ဦးစိုးဝင်းမြင့်ထံမှ သိရသည်။ **သတင်း - ဇင်ဦး (မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**





# ပျက်ကျ Y -8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ပျက်ကျ Y – 8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများမှ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာတွင် ရထားကြိတ်၍ လူတစ်ဦးသေဆုံးမှုဖြစ်

**မိုးကောင်း စက်တင်ဘာ ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာတွင် စက်တင်ဘာ ၂ ရက်က ရထားကြိတ်မိပြီး သေဆုံးနေသော အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိသဖြင့် ပင်းဘောနယ်မြေရဲစခန်းက သေမှုသေခင်းရေးဖွင့်ထားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ၂ ရက် နံနက် ၅ နာရီ ၅၈ မိနစ်ခန့်က ဦးစိုးနိုင်သည် မိုးကောင်းမြို့နယ် ပင်းဘောဘူတာရုံ၌ ရုံပိုင်ကြီးတာဝန်ထမ်းဆောင်နေစဉ် ပင်းဘောဘူတာနှင့်မင်းကုန်းဘူတာအကြား ရထား မိုင်တိုင်အမှတ်(၆၆၄/၆)နှင့် (၆၆၄/၇) အကြားတွင် အမျိုးသားတစ်ဦး ခန္ဓာကိုယ်နှစ်ပိုင်းပြတ်၍ သေဆုံးနေကြောင်း အမှတ်(၃၇)အဆန်ရထားစက်ခေါင်းမောင်း ဦးမောင်မောင်နိုင်က စာတိုပေးပို့အကြောင်းကြားခဲ့သည်။

ယင်းနောက် ပင်းဘောဘူတာရုံပိုင်ကြီး ဦးစိုးနိုင်သည် ပင်းဘောနယ်မြေရဲစခန်းမှူး ရဲအုပ် နေအောင်ကျော်နှင့် တပ်ဖွဲ့ဝင်များနှင့်အတူ အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မိုးကောင်းမြို့ အင်ကြင်းကုန်းကျေးရွာနေ ဦးတင်ယုဆိုသူဖြစ်ကြောင်းသိရပြီး ပင်းဘောနယ်မြေရဲစခန်းမှ သေမှုသေခင်းရေးဖွင့်ထားကြောင်း သိရသည်။ **(ဝ၆၇)**

# လှိုင်သာယာမြို့နယ်၌ ယာဉ်တိုက်မှုနှစ်ခုဖြစ်ပွားခဲ့ရာ မီးခွက်ဈေးအောက်ထိပ်မီးပွိုင့်အနီးယာဉ်တိုက်မှု၌ ကလေးငယ်တစ်ဦးသေဆုံး

**ရန်ကုန် စက်တင်ဘာ ၂**

စက်တင်ဘာ ၁ ရက်က ဗိုလ်ချုပ်မှတ်တိုင်၌ ယာဉ်နှစ်စီးထိခိုက်မိကာ မီးခွက်ဈေးအောက်ထိပ်မှတ်တိုင် တွင် သဲတင်ကားက အသက် (၁၂)နှစ် အရွယ်ကလေးကို ကြိတ်မိ၍ သေဆုံးသွားကြောင်း သိရသည်။

စက်မှုဇုန်(၄) မင်းကြီးမဟာမင်းခေါင်လမ်းတွင်နေထိုင်သော အသက်(၁၂)နှစ် စတုတ္ထတန်းကျောင်းသား မောင်ဖြိုးဝေအောင်သည် ရန်ကုန်-ပုသိမ်ကားလမ်းကူးကာ မုန့်ဝယ်ပြီးနောက် စက်မှုဇုန်(၄)ရှိ နေအိမ်ဘက်သို့ပြန်လာရာ ကားလမ်းအလယ်၌ ယာဉ်သွားလာမှုရှင်းလင်းရန်စောင့်ဆိုင်းစဉ် ဘီအိုစီမှ ဘုရားလမ်းဆုံသို့ သဲများတင်ဆောင်လာသည့် YGN-3H/----- ကားဖြင့် တိုက်မိ၍ သေဆုံးခဲ့သည်။

အဆိုပါနေ့ မွန်းလွဲပိုင်းကလည်း ဗိုလ်ချုပ်မှတ်တိုင်တွင် စက်မှုဇုန်မီးပွိုင့်မှ ဘုရားလမ်းမီးပွိုင့်ဘက်သို့မောင်းနှင်လာသည့် YBS(20)ယာဉ် YGN-4N/----- နှင့် YGN-1B/----- ယာဉ်တို့ အဆိုပါလမ်းဆုံ၌ တစ်စီးနှင့်တစ်စီး ချိတ်မိသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့သည်။ **(အောက်ပုံ)**



မီးခွက်ဈေး အောက်ထိပ်လမ်းဆုံ ယာဉ်တိုက်မှုကြောင့် သေဆုံးသွားသော မောင်ဖြိုးဝေအောင်အား မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ယာဉ်မောင်း ထွန်းလင်းအောင်(၃၁)နှစ် ထန်းတပင်မြို့နယ်နေထိုင်သူကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း လှိုင်သာယာမြို့မရဲစခန်းမှ သိရသည်။

ဩဂုတ် ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးပထမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် အမှတ်(၁)မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်က လှိုင်သာယာစက်မှုဇုန်များနှင့် ရပ်ကွက်များကို ပိုင်းခြားထားသော ရန်ကုန်-ပုသိမ်ကားလမ်းပေါ်ရှိ ဗိုလ်ချုပ်မှတ်တိုင်၊ အဆင့်မြင့်မှတ်တိုင်နှင့် မီးခွက်ဈေးအောက်ထိပ်မှတ်တိုင်တို့တွင် လူကူးခုံးကျော်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအား မေးမြန်းခဲ့ကြောင်း သိရသည်။ **(၁၆၄)**

# ခရီးသည်တင်ယာဉ်ကိုရှာဖွေရာမှ ဘိန်းစိမ်းများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် နံနက် ၄ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် ဇတန်ခေါင်လွမ်း၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူသုည ဒသမ ၁၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် အိုက်ရီမောင်းနှင်လာသည့် မော်တော်ယာဉ်အားရှာဖွေရာ အိုက်စ် ၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ မအေးလှဲ့(ခ)မဝါ၏ စက္ကူဂျပ်ဖာအတွင်းမှ ဘိန်းစိမ်း ၅ ဒသမ ၅ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ကျောက်တံခါးမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ကျောက်တံခါး စက်တင်ဘာ ၂**

ကျောက်တံခါးမြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ရမ်းတိုလာကျေးရွာနေ ဦးအမီဒီးယား(၃၆ နှစ်)သည် စက်တင်ဘာ ၂ ရက်က နေအိမ်တွင် မိသားစုနှင့်အတူအိပ်နေရာမှ တစ်ရေးနိုးစဉ် တစ်အိမ်တည်းနေ အစ်ကိုဖြစ်သူ ဂျဂ္ဂဒီး (၄၅ နှစ်)က တူဝမ်းကွဲတော်စပ်သူ ဒါမိုဒါး(၁၉နှစ်)အား ငါးကောက်သွားရန်ခေါ်သံကြားရပြီးနောက် နေအိမ်နှင့် တစ်မိုင်ခန့်ဝေးသော လယ်တဲရှိ ဆည်ခံထားသည့်နေရာသို့ ထွက်ခွာသွားကြောင်း၊ နံနက် ၆ နာရီတွင် ဂျဂ္ဂဒီး၏သားဖြစ်သူ မနိဟာလာ (၁၀ နှစ်)က ဆည်ထဲသို့ ထပ်မံလိုက်သွားခဲ့ပြီးနောက် မကြာခင်ရွာသို့ ပြန်လည်ရောက်ရှိကာ ၎င်း၏ ဖခင်ဖြစ်သူမှာ ဆည်ထဲ၌လည်ကုပ် ပြတ်ရှဒဏ်ရာဖြင့် မှောက်လျက်သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ရွာလူကြီးများအား ပြောပြခဲ့သဖြင့် ကျောက်တံခါးမြို့မစခန်းမှူး ဒုရဲမှူး ဇော်ထွန်းနှင့် ရဲအုပ်ကျော်သူထက်တို့ သွားရောက်စစ်ဆေးပြီး အလောင်းအား ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ ယူဆောင်လာခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တောင်ကြီးမြို့၌ ပေါ့ဆမီးလောင်မှုဖြစ်ပွား



**တောင်ကြီး စက်တင်ဘာ ၂**

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် တောင်ကြီးမီးအမည်ဖြင့် မီးပုံးပျံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဆောင်ရွက်နေစဉ် ယနေ့ မွန်းလွဲ ၁ နာရီခန့်က အိမ်အမှတ် (၁၂၈) နှင်းဆီလမ်း ကန်အောက်ရပ်ကွက်နေ ဦးထွန်းလှနေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

တောင်ကြီးမီးအမည်ဖြင့် မီးပုံးပျံဆောင်ရွက်နေသည့် ကိုသားကြီး (ခ) မောင်မောင်သန့်သည် ယနေ့ မွန်းလွဲ ၁ နာရီက မီးပုံးပျံဆောင်ရွက်ရာတွင် အသုံးပြုသည့် ယမ်းမီးခွေအား ကတ်ကြေးဖြင့်ညှပ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ်နှစ်စီး၊ ထော်လာဂျီရေသယ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကြီးကြပ်မှုဖြင့် ပြည်သူများ ပူးပေါင်း မီးငြှိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**



မအေးလှဲ့(ခ)မဝါအား ဖမ်းဆီးရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်

# ဖောင်းပြင်မြို့နယ်၌ ပညာရေးဝန်ထမ်းအယောင်ဆောင်သူအား အမှုဖွင့်စစ်ဆေး

**မုံရွာ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် အင်းတပေါင်းကျေးရွာနှင့် ဖားအောင်ကျေးရွာ စာသင်ကျောင်းများသို့ ကျောင်းစစ်ဆေးရန်အတွက် ရောက်ရှိလာသူအား စိစစ်ရာ ပညာရေးဝန်ထမ်းအယောင်ဆောင်သူဖြစ်နေသည့်အတွက် ဖောင်းပြင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းသည် စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲခန့်က မြို့နယ်ပညာရေးမှူးရုံး၌ ရှိနေစဉ် အင်းတပေါင်းရွာ မူလတန်းလွန် စာသင်ကျောင်း ကျောင်းအုပ် ဦးအောင်ကိုက ၎င်း၏ကျောင်းတွင် ကျောင်းစစ်ဆေးရေးတစ်ယောက် ရောက်ရှိကာ ကျောင်းကို စစ်ဆေးပြီးစီးကြောင်းနှင့် ဖားအောင်ရွာ စာသင်ကျောင်းကို ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း ဖုန်းဖြင့်အကြောင်းကြားရာ ပညာရေးမှူး ဦးမြင့်သိန်းက ဖားအောင်ရွာ မူလတန်းကျောင်းအုပ် ဦးအောင်လွင်ထံ ဖုန်းဆက်၍ ကျောင်းစစ်လာသူကို အမည်နှင့် ဘယ်ကလာစစ်သည်ကို မေးထားရန် အကြောင်းကြားခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဖားအောင်ရွာ ကျောင်းအုပ် ဦးအောင်လွင်က စစ်ဆေးရန်လာသူမှာ ခန္တီးခရိုင်ပညာရေးမှူးရုံးမှ ခေတ္တဒုတိယစစ်ဆေးရေးမှူး ဦးစိုင်းခွန်လွန်းဖြစ်ကြောင်း၊ ၎င်း၏ဓာတ်ပုံကို ဘိုက်ဘာဖြင့် ပို့ပေးခဲ့သဖြင့် ခန္တီးခရိုင်ပညာရေးမှူး ဦးအောင်ကျော်မြင့်ထံ စိုင်းခွန်လွန်း၏ဓာတ်ပုံကို ဘိုက်ဘာဖြင့် ဆက်လက်ပေးပို့မေးမြန်းခဲ့ရာ ခန္တီးခရိုင်ပညာရေး ရုံး၌ စိုင်းခွန်လွန်းဆိုသူမရှိကြောင်းနှင့် စစ်ဆေးရေးလည်း မလွှတ်ကြောင်း ပြန်လည်ပြောပြသဖြင့် စိုင်းခွန်လွန်းဆိုသူကို ဖောင်းပြင်မြို့နယ်ပညာရေးမှူးရုံးသို့ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးမေးမြန်းရာ စိုင်းခွန်လွန်းဆိုသူသည် ဖောင်းပြင်မြို့နယ် ထောမကျေးရွာမှ ကျပန်းလုပ်သူ သန်းစိုးအောင်ဆိုသူဖြစ်ကြောင်း သိရှိရသဖြင့် ပညာရေးဝန်ထမ်းအယောင်ဆောင်သူကို အရေးယူပေးပါရန် မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းက တရားလိုပြုလုပ် တိုင်တန်းသဖြင့် ဖောင်းပြင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ရောဝတီဘဏ်( မိတ္ထီလာဘဏ်ခွဲ)မှ ငွေကျပ်သိန်း ၃၀၀ ကျော်ကို ပိုင်ရှင်မသိဘဲထုတ်ယူသည့် ဘဏ်ဝန်ထမ်းတစ်ဦးကို အရေးယူ

**မိတ္ထီလာ စက်တင်ဘာ ၂**

ရောဝတီဘဏ် ( မိတ္ထီလာဘဏ်ခွဲ )၌ ဘဏ်စုငွေစုသူ သုံးဦး၏ ငွေကျပ်သိန်းပေါင်း ၃၀၀ ကျော်ကို ပိုင်ရှင်မသိဘဲ ထုတ်ယူ အလွဲသုံးစားလုပ်ထားသည့် ဘဏ်ဝန်ထမ်း အမျိုးသားတစ်ဦးကို ဩဂုတ် ၃၁ ရက်က မိတ္ထီလာမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရောဝတီဘဏ် အထွေထွေမန်နေဂျာ ဒေါ်ယဉ်ယဉ်အေးသည် ရောဝတီဘဏ်ရုံးချုပ်၏ နေပြည်တော်ဒေသ ( ၁၂ )တွင် တာဝန်ထမ်းဆောင်နေစဉ် လွန်ခဲ့သည့် သုံးနှစ်ခန့်က ရောဝတီဘဏ်(မိတ္ထီလာဘဏ်ခွဲ) အကြီးတန်းဘဏ်လက်ထောက် (ကတ်ဌာန) တာဝန်ပေးအပ်ခံရသည့် ကျော်စိုးဝင်းသည် ဩဂုတ် ၁၆ ရက်မှစ၍ ခွင့်မဲ့ပျက်ကွက်နေကြောင်းသိရသဖြင့် အကြောင်းစုံကို စုံစမ်းခဲ့သည်။

ကျော်စိုးဝင်းသည် ၎င်းတာဝန်ထမ်းဆောင်နေသော ဩဂုတ် ၁၀ ရက်မှ ဩဂုတ် ၃၀ ရက်အတွင်း ဘဏ်သို့ ငွေအပ်နှံထားသူ ဒေါ်ခင်တိုးတိုး၏ ဘဏ်စုငွေများအနက်မှ ငွေကျပ် သိန်း ၁၀၀၊ ဦးစောလှမင်း၏ ဘဏ်စုငွေများအနက်မှ ငွေကျပ် သိန်း ၁၀၀၊ ဦးမောင်ကျော်၏ ဘဏ်စုငွေများအနက်မှ ငွေကျပ် ၁၆၉၃၃၈၀၀ တို့ကို ဘဏ်စာရင်း ပိုင်ရှင်မသိရှိဘဲ အကြိမ် ၁၀၀ ကျော်ခန့် ATM စက်များအတွင်းမှ ထုတ်ယူသွား ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် ရောဝတီဘဏ် (မိတ္ထီလာဘဏ်ခွဲ)သို့ အပ်နှံထားသော စုစုပေါင်း ငွေကျပ် ၃၆၉၃၃၈၀၀ ကို အလွဲသုံးစားလုပ်ကာ ကိုယ်ကျိုးသုံးစွဲခဲ့သူ ကျော်စိုးဝင်း (၂၅ နှစ်) ပေါက်ချောင်းရပ်ကွက်နေထိုင်သူကို အရေးယူပေးရန် အထွေထွေမန်နေဂျာ ဒေါ်ယဉ်ယဉ်အေးက အမှုဖွင့်တိုင်ကြားသဖြင့် မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ပိတောက်ခားရွေတုံးနှင့် သစ်လုံးများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၀၆ စီး၊ သွင်းကုန် ၃၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀ ၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉ ဒသမ ၃၀၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၈၁ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂ ဒသမ ၀၈၂ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၃၁ ရက်က မူဆယ်သို့သွားရောက်မည့်ယာဉ်များကို သတင်းအရ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများပြုလုပ်စဉ် မိုင်တိုင်အမှတ် ၁၉၃ မိုင်နှင့် ၁၉၆ မိုင် ခြောက်ဖာလုံအနီး၌ ရပ်တန့်ထားသော Super Custom ယာဉ်တစ်စီးနှင့် Howo A7(၂၂)ဘီးယာဉ်တစ်စီးတို့ကို မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခားရွေသစ် ၁၅၁ တုံး (၇ ဒသမ ၇၈၇၂ တန်)၊ ပိတောက်သစ်လုံး ၁၃ လုံး (၁ ဒသမ ၅၁၆ တန်)၊ ပိတောက်တိုင် ၁၈ လုံး (၁ ဒသမ ၃၃၄ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀ ဒသမ ၄၁၁ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခားရွေသစ်၊ ပိတောက်သစ်လုံး၊ ပိတောက်တိုင်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်

# မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ငွေကျပ် သိန်း ၇၅၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တာချီလိတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ကိုယ်ပိုင်မော်တော်ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၇၅၀ ခန့်တန်ဖိုးရှိ အိုက်စ်များ သယ်ဆောင်သူကို စက်တင်ဘာ ၁ ရက်က အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျိုင်းတုံမှ တာချီလိတ်ဘက်သို့ အိုက်ရီ မောင်းနှင်လာသော CELICA ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ အိုက်စ်အလေးချိန် သုံးကီလိုခန့် (တန်ဖိုးငွေကျပ်သိန်း ၇၅၀ ခန့်)နှင့် ဖုန်းတစ်လုံးတို့ တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အိုက်ရီ၏ထွက်ဆိုချက်အရ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများသည် တာချီလိတ်မြို့ဝမ်မုံရွာနေသူ စိုင်းရှဲန်ပန်(ခ)အိုက်ဆိုင်ထံသို့ ပို့ဆောင်ရမည်ဖြစ်ကြောင်း ထွက်ဆိုသဖြင့် ဒုရဲအုပ် အောင်သူမိုး ပါဝင်သောအဖွဲ့သည် ကွင်းဆက်ဖြစ်မှုကျူးလွန်သူ စိုင်းရှဲန်ပန်(ခ)အိုက်ဆိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ အိုက်ရီ (၃၃ နှစ်) ဝမ်အွန်ရွာ မိုင်းခတ်မြို့နေသူနှင့် ထွက်ပြေးတိမ်းရှောင်နေသူ စိုင်းရှဲန်ပန်(ခ) အိုက်ဆိုင် (၃၁ နှစ်) ဝမ်ပုံရွာ မိုင်းကိုးအုပ်စု တာချီလိတ်မြို့နေသူတို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**


**မြန်မာ့သစ်လုပ်ငန်း**

ခွဲသား၊ ဖျဉ်ပါးနှင့်ထင်းများအားအိတ်ဖွင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း ၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိ အမှတ်(၁/၂/၃/၄/၆/၈/၁၀) သစ်စက်များတွင် အောက်ဖော်ပြပါ ခွဲသား၊ ဖျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည် -

| | ခွဲသား(တန်) | ဖျဉ်ပါး(တန်) | ထင်း(တန်) |
|---|---|---|---|
| (က) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) | ၁၇. ၈၃ | ၁၀. ၀၀ | ၄၈၁. ၀၀ |
| (ခ) အမှတ်(၂)သစ်စက်(သန်လျင်) | - | ၃. ၀၀ | ၁၃၅. ၀၀ |
| (ဂ) အမှတ်(၃)သစ်စက်(ဝါးတရာ) | - | ၉. ၀၀ | ၆၀. ၀၀ |
| (ဃ) အမှတ်(၄)သစ်စက်(ဝါးတရာ) | ၅. ၀၀ | ၃. ၀၀ | ၁၀၀. ၀၀ |
| (င) အမှတ်(၆)သစ်စက်(ဝါးတရာ) | ၆. ၀၀ | ၃. ၀၀ | ၃၀. ၀၀ |
| (စ) အမှတ်(၈)သစ်စက် (လှိုင်) | - | - | ၁၁၇. ၀၀ |
| (ဆ) အမှတ်(၁၀)သစ်စက်(သန်လျင်) | - | ၁၂. ၀၀ | ၁၂၀. ၀၀ |

၂။ လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် - ၂၀. ၉. ၂၀၁၇ (ကြာသပတေးနေ့) နံနက်(၉း၀၀)နာရီ

၃။ လေလံတင်ရောင်းချမည့်နေရာ - အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)

၄။ လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့်ရက်နှင့်နေရာ - ၄. ၉. ၂၀၁၇ မှ ၂၀. ၉ - ၂၀၁၇အထိ(ရုံးချိန်အတွင်း) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)၊ကမ်းနားလမ်းနှင့်နတ်စင်လမ်းထောင့်၊ ၀၁-၅၃၄၄၇၀၊ ၀၉-၅၀၁၁၃၄၉

လေလံတင်ရောင်းချရေးအဖွဲ့

**ဖခင်အမည်မှန်**

မြစ်သားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်အေးမင်းကျော်နှင့် ရွှေဘိုမြို့နယ် အထက ဆင်အင်း ဆဋ္ဌမတန်းမှ မောင်မျိုးချစ်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးလှမိုး ၅/ဒပယ(နိုင်)၀၁၀၅၄၀ ဖြစ်ပါကြောင်း။ **ဦးလှမိုး**

**ဖခင်အမည်မှန်**

အထက(၁) ရေစကြို တက္ကသိုလ်ဝင်တန်း(B)မှ မနန်းကလျာမွန်၏ဖခင် ဦးကိုကြီး၏ အမည်မှန်မှာ ဦးလှဒွေး ၈/ရစက(နိုင်)၁၄၈၄၉၄ ဖြစ်ပါကြောင်း။ **ဦးလှဒွေး**

**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ မြေကွက်အမှတ် ၁၄၆၇/ခ၊ မြေကွက်တည်နေရာအမှတ် ၁၄၆၇/ခ၊ပန်းခြံ ၄လမ်း၊ (၁၅)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်(ဦးမြကြိုင် MYGN-၀၀၄၉၀၇) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူဦးကျော့မှူး ၈/မကန(နိုင်)၁၁၉၂၆၇မှ တင်ပြပါမစ်မူရင်းတွင် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတင်ပြ၍ မိသားစုဓာတ်ပုံတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် တင်ပြ၍ နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

အထက(၁) ရေစကြို တက္ကသိုလ်ဝင်တန်း(A)မှ မခင်ဇာသူ၏ ဖခင် ဦးကိုကိုမောင်၏ အမည်မှန်မှာ ဦးကိုမောင် ၈/ရစက(နိုင်)၁၂၄၈၀၉ ဖြစ်ပါကြောင်း။ **ဦးကိုမောင်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ၊ တက္ကသိုလ်ဝင်တန်း(J)မှ မောင်သိန်းစိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စံလွင် ၅/ကလန(နိုင်)၀၁၈၉၄၃ ဖြစ်ပါကြောင်း။

**ဦးအောင်စံလွင်**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဇော်ဝင်းထူး CDC 98322 ၏ PSC & RB လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၉၇၉၇၂၅၆၃၂**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဝေဘာဂီလမ်း၊ မြေကွက်အမှတ်(၇၇၉/ခ) ဦးကျော်မြင့် အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ(၆)ထပ်တိုက်၏ပထမထပ်၊ (၂လွှာ)၊ (၁၈ပေ× ၅၄ပေ)အကျယ်အဝန်းရှိ တိုက်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇော်မင်းထွဋ်(၇/အဖန(နိုင်)၀၅၈၉၉၃)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စန်းမြင့် (၁၂/ဥကမ(နိုင်)၀၈၁၀၄၆) ကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, Dip.CA, WIPO တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, WIPO တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**ကန့်ကွက်နိုင်ပါကြောင်း**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ် ၅၇၈၊ မြေကွက် တည်နေရာအမှတ် ၅၇၈၊ ငမိုးရိပ်(၄)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဦးသိန်းထိုက် ၁၂/ဥကတ(နိုင်)၁၃၈၅၉၉)၊ ဦးစိုးနိုင် ၁၂/သဃက(နိုင်)၀၅၂၉၆၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေ အား အမည်ပေါက် ဦးသိန်းထိုက် ပိုင်ဆိုင်မှုအစုအား ဦးကျော်တင့်မှ (တရားလို)ပြု၍ ဦးကျော်မြင့် ပါ ငါးဦးအား တရားပြိုင်ထားကာ စွဲဆိုခဲ့သော ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမကြီးမှု-၃၀၃/၁၁(၁၂-၅-၁၅)၏စီရင်ချက်၊ တရားမဇာရီမှု၊၁၁၀/၁၆ နှင့် တရားရုံးရောင်းကြောင်း လက်မှတ်စာအရ အရောင်းအဝယ်စာချုပ်-၆/၁၆ (၁၅-၈-၂၀၁၆)ဖြင့် ဝယ်ယူထားသူ ဦးကျော် ဇောသန့် ၁၂/လမတ(နိုင်)၀၃၄၇၆၄နှင့် ကျန်အမည်ပေါက် ဦးစိုးနိုင် ၁၂/သဃက(နိုင်)၀၅၂၉၆၉တို့က ပူးတွဲ၍ အမည်ပြောင်း လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ၌ တစ်ထပ်အဆောက်အအုံတွင် ဦးကျော်ဇောသန့်ရှိပြီး ၃½ထပ်တိုက်တွင် ဦးစိုးနိုင်ထံမှ အပျောက်အခန်းများ ဝယ်ယူထားသူများနေထိုင်၍ မြေပေါ်နေထိုင်သူများနှင့်ပတ်သက်၍ တာဝန်ယူကြောင်းဝန်ခံ ကတိရေးထိုးထားသော ဦးကျော်ဇောသန့်၊ ဦးစိုးနိုင်တို့မှ ပူးတွဲအမည်ပြောင်းတင်ပြ၍ လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/7929 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း**

ကျွန်မ ဒေါ်ဝေဝေထွန်း ၉/ပဥလ(နိုင်)၀၀၈၆၃၁ နှင့် ဦးချမ်းငြိမ်းလင်း ၉/ဝတန(နိုင်)၁၂၀၂၃၅တို့သည် နှစ်ဦးသဘောတူ (၃၁-၈-၂၀၁၇)ရက်က ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ကွာရှင်းပြတ်စဲသည့် အချိန်မှစ၍ ကျွန်မနှင့် ဦးချမ်းငြိမ်းလင်းတို့သည် မည်သို့မျှ ပတ်သက်သက်ဆိုင်တော့ခြင်းမရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေထွန်း ၉/ပဥလ(နိုင်)၀၀၈၆၃၁**
**အမှတ်၃၁/၅၇၊ ဂမုန်းလမ်း၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**

**အမွေစားအမွေခံ ကိတ္တိမသားအဖြစ်မွေးစားခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ဦးမော်ဒင်-ဒေါ်တင်ခင်တို့၏သား ဦးသန်းထွန်းအောင် ၉/မခန(နိုင်)၁၄၃၅၄၆ သည် မြင်းခြံမြို့နယ်၊ ကျောက်ပြုတ်ကျေးရွာနေ ဦးအေးမော်-ဒေါ်ခင်ငြိမ်းမော်တို့၏သား တူဖြစ်သူ မောင်ကျော်ဇေယျာ ၉/မခန(နိုင်)၂၂၄၅၃၀ အား မိမိ၏ အမွေစားအမွေခံ ကိတ္တိမသားအဖြစ် မွေးစားပါကြောင်း။

**ဦးသန်းထွန်းအောင်**
**၉/မခန(နိုင်)၁၄၃၅၄၆**

# အာဆီယံ ယူ-၁၈ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင်အသင်းများသည် စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

အာဆီယံ ယူ-၁၈ ချန်ပီယံရှစ် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စက်တင်ဘာ ၃ ရက်တွင် ဘရူနိုင်းအသင်း၊ စက်တင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအို၊ အရှေ့တီမော၊ ထိုင်း၊ ဗီယက်နမ်အသင်းများ ရောက်ရှိလာမည်ဖြစ်သည်။

အာဆီယံ ယူ-၁၈ ချန်ပီယံရှစ်ပြိုင်ပွဲ အကြိုအစည်းအဝေးနှင့် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ပြီး ကွင်းဝင်ကြေးများအဖြစ် အထူးတန်းငွေကျပ် ၃၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၂၀၀၀ နှင့် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ -MFF**



မလေးရှားအသင်း ရောက်ရှိလာစဉ်

# မိတ္ထီလာ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် လှေအသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်

**မိတ္ထီလာ စက်တင်ဘာ ၂**

မိတ္ထီလာမြို့ (၁၃၄) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်ကို စက်တင်ဘာ ၁ ရက်မှ ၅ ရက်(တော်သလင်းလပြည့်နေ့)အထိကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် လှေအသင်းပေါင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး လှေပြိုင်ပွဲကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"မနှစ်က ဖောင်တော်ဦးစေတီဗုဒ္ဓပူဇနီယပွဲတော်တုန်းက အကြီးတန်းခုနစ်သင်း၊ အငယ်တန်း ၁၄ သင်း စုစုပေါင်း ပြိုင်ပွဲဝင် လှေအသင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဒီနှစ် အကြီးတန်း ခြောက်သင်း၊ အငယ်တန်း ၁၁ သင်း စုစုပေါင်း ပြိုင်ပွဲဝင်လှေအသင်း ၁၇ သင်းသာ ပါဝင်ယှဉ်ပြိုင်ပေမယ့် လှေပြိုင်ပွဲကြည့်ရှုသူတွေနဲ့ ခါတိုင်းနှစ်လို လှေပြိုင်ပွဲက စည်ကားပါတယ်" ဟု နှစ်စဉ် လှေပြိုင်ပွဲ ကြည့်ရှုအားပေးသည့် နန်းတော်ကုန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာ သမိုင်းဝင်ဖောင်တော်ဦးစေတီဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို နှစ်စဉ်မပျက်မကွက် ထည့်သွင်းကျင်းပလေ့ရှိပြီး ၂၀၁၄ ခုနှစ်ကမူ ယခုနှစ်ကဲ့သို့ ဈေးဆိုင်ခန်းများ၊ ပြပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပခြင်းမရှိသကဲ့သို့ လှေပြိုင်ပွဲလည်း ထည့်သွင်းကျင်းပခြင်းမရှိဘဲ လှေဦးတိုက်ခြင်း (လှေလှော်၍ ဘုရားဦးတိုက်ပူဇော်ခြင်း )သာ ပြုလုပ်ခဲ့သည်။ မိတ္ထီလာမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာ ၂၇၉ ရွာမှ ဒေသခံအများစုမှာ မိတ္ထီလာသမိုင်းဝင်ဖောင်တော်ဦးဘုရားပွဲတော်တွင် လှေပြိုင်ပွဲနှင့် လှေဦးတိုက်ပွဲများ နှစ်စဉ်မပျက်မကွက် ထည့်သွင်းကျင်းပမှသာ မိုးလေဝသကောင်းမွန်ပြီး စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်မည်ဟု မိရိုးဖလာအစဉ်အလာအတိုင်း ယုံကြည်ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သထုံ စက်တင်ဘာ ၂**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း မျိုးဆက်သစ်အားကစားသမားကောင်းများပေါ်ထွန်းလာပြီး မြို့နယ်အဆင့်မှ နိုင်ငံလက်ရွေးစင်အဆင့်အထိ တက်လှမ်းနိုင်စေရန်အတွက် စီစဉ်ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲက သထုံမြို့မှ အားကစားကွင်းအတွင်း စတင်ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် လိပ်အင်းရပ်ကွက် ကိုယ်စားပြုအသင်းနှင့် ပေါ်တော်မူကျေးရွာကိုယ်စားပြုအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ ပေါ်တော်မူကျေးရွာအသင်းက အနိုင်ရဗိုလ်စွဲခဲ့ပြီး ပထမဆုရအသင်းအား ဆုဖလား၊ ဆုတံဆိပ်နှင့် ငွေသားများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယဆုရအသင်းအား ဆုတံဆိပ်နှင့် ငွေသားများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ တတိယဆုရအသင်းနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၉ သင်းက ဇူလိုင် ၉ ရက်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ဗလင်စီယာအသင်းသည် စပိန်လာလီဂါ၌ အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီတွင် ဂွိဒက်စ်နှင့် ပီရဲရားတို့ကို အငှားဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ အင်္ဂလန်ပရီမီယာလိဂ်၏ အပြောင်းအရွှေ့ဈေးကွက်သည် ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ပိတ်သိမ်းခဲ့သော်လည်း စပိန်လာလီဂါ၌ အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းရန် နောက်ထပ် ၂၄ နာရီကျန်ရှိနေသေးကြောင်း သိရသည်။ ဗလင်စီယာအသင်းမှ ကစားသမား နာနီသည် လာဇီယိုအသင်းသို့ ပြောင်းရွှေ့သွားပြီးနောက် ပီအက်စ်ဂျီတိုက်စစ်မှူး ဂွိဒက်စ်အပြင် မန်ယူအသင်းမှ ပီရဲရားတို့ကို အသင်းသို့ ခေါ်ယူနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ဘာစီလိုနာလူငယ်တိုက်စစ်မှူး မူနီယာသည် ဒီပို့တီဗိုအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ အသက် (၂၂ နှစ်)အရွယ် လူငယ်တိုက်စစ်မှူးသည် နည်းပြသစ် အာနက်စ်တို ဗယ်လ်ဗာဒီ၏ ပထမအသင်းအစီအစဉ်များတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းစဉ်းစားခံရခြင်းမရှိကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းမှ ရီမီသည် စပိန်ကလပ် လက်စ်ပဲမက်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ ၎င်းသည် လက်စ်ပဲမက်စ်အသင်းနှင့် နှစ်နှစ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ပြင်သစ်လက်ရွေးစင်ကစားသမားသည် ၂၀၁၄ ခုနှစ်တွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့သော်လည်း နှစ်ရာသီတွင် ပရီမီယာလိဂ်ပြိုင်ပွဲကိုးပွဲသာ ကစားခဲ့ရကြောင်း သိရသည်။ လက်ရှိ ရီမီ၏ စာချုပ်သက်တမ်းသည် တစ်နှစ်ကျန်ရှိနေသေးသော်လည်း လာလီဂါကလပ်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းဖြစ်သည်။
- ဂီတာဖေးအသင်းသည် ဆွမ်ဆီးစီးတီးအသင်းမှ ဂျက်ဖာဆန်မွန်တဲရိုးကို တစ်ရာသီအငှားဖြင့် ခေါ်ယူလိုက်ကြောင်း သိရသည်။ အီကွေဒေါ လက်ရွေးစင်ကစားသမားသည် ဆွမ်ဆီးစီးတီးအသင်းနှင့် ပြီးခဲ့သော စက်တင်ဘာတွင် တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ဒဏ်ရာအနာတရများဖြင့် ရုန်းကန်ခဲ့ရကြောင်းလည်း သိရသည်။



- တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အသင်းဟောင်း အက်သလက်တီကိုမက်ဒရစ်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့မည်ဟု သတင်းများကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေသော်လည်း ချယ်လ်ဆီးအသင်းက ၎င်းကို ပရီမီယာလိဂ်ကစားသမားစာရင်းတွင် ထည့်သွင်းထားကြောင်း သိရသည်။

**ဇော်ဇော်**


(၂၂-၈-၂၀၁၇)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ(စာ-၂၄)
တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းတင့်(စဉ်-၂၀၂၀)နှင့်
ဒေါ်ဏီဏီဦး(ခ)FAROZAH MOHAMAD MUSA(နော်ဝေနိုင်ငံသား)တို့၏
ကြေညာချက်အား အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ အမှတ်၇၀၂(ဘီ)တွင် နေထိုင်သူ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသန့် ၁၂/မဘန(နိုင်)၀၇၄၄၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့မိတ်ဆွေ၏ မိဘများဖြစ်သော ဦးညွန့်ဦး-ဒေါ်မြင့်မြင့်တင်(ကွယ်လွန်)တို့တွင်သားသမီးရင်းချာများဖြစ်ကြသည့် (၁)ဦးသန့် (ကျွန်ုပ်တို့၏မိတ်ဆွေ)၊(၂) ဒေါ်ဏီဏီဦး၊(၃)ဒေါ်ဆွေဇင်ဦးတို့ ထွန်းကားခဲ့ပါသည်။ မိခင်နှင့်ဖခင် ကွယ်လွန်ချိန်တွင် အတူနေ ညီမအငယ်ဆုံးဖြစ်သူ ဒေါ်ဆွေဇင်ဦးမှ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ကာယသုခ ၃လမ်း၊ အမှတ် ၁၁၁ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို ကျွန်ုပ်တို့၏မိတ်ဆွေမှ သိရှိသဘောတူလက်ခံခဲ့ပါသည်။ သို့ရာတွင် (၂၂-၈-၂၀၁၇)ရက်စွဲပါ စာမျက်နှာ ၂၄တွင် ကျွန်ုပ်တို့မိတ်ဆွေ ဦးသန့်၏သဘောတူညီမှု၊ လွှဲအပ်ညွှန်ကြားထားမှု လုံးဝမရှိဘဲ တရားလွှတ်တော် ရှေ့နေ ဒေါ်စန်းတင့်မှ ကျွန်ုပ်မိတ်ဆွေ ဦးသန့်၏ ညွှန်ကြားချက်အရဟု ထည့်သွင်းကြော်ငြာခဲ့သည်မှာ ဦးသန့်မှ ညွှန်ကြားခဲ့သယောင် အများသူငါ ထင်ယောင်ထင်မှား ဖြစ်စေအောင် မဟုတ်မမှန် ထည့်သွင်းကြော်ငြာခဲ့သည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန့်အပါအဝင် ညီမအငယ်ဆုံးဖြစ်သူ ဒေါ်ဆွေဇင်ဦးတို့မှာ ဂုဏ်သိက္ခာထိခိုက် ကျဆင်းခဲ့ရပါသည်။ ထို့ကြောင့် အဆိုပါကြေညာချက်အား တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းတင့်နှင့် ဒေါ်ဏီဏီဦးတို့မှ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ကျွန်ုပ်တို့၏မိတ်ဆွေအား တရားဝင်တောင်းပန်ရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးသန့်
၁၂/မဘန(နိုင်)၀၇၄၄၈၉

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းခိုင် LL.B, C.B.L (စဉ်-၁၀၂၀၆)
ဒေါ်ယဉ်မင်းမြင့်ဆွေ LL.B, C.B.L (စဉ်-၁၁၃၂၃)
တရားလွှတ်တော်ရှေ့နေများ
တိုက်အမှတ် ၁၈၁၊ ၄-လွှာ(ယာ)၊ ၄၇လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၄၂၈၀၃၉၇၅၉

**ပျောက်ဆုံးခြင်း**

မောင်သော်ဇင်ပိုင်(ဘ)ဦးဝင်းလှိုင် ၇/ဒဥန(နိုင်)၁၃၆၆၀၁၏ နိုင်ငံကူးလက်မှတ် အမှတ်(M 443575)ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၄၄၄၅၈၆

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/4745 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် CC/4638 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

**ရခိုင်တိုင်းရင်းသားများအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် ရိုင်းပင်းကူညီမှုအပေါ်အထူးပင်ကျေးဇူးတင်ရှိပါကြောင်း**

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးလုံခြုံရေးနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်ရည်ရွယ်လျက် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာစွာ တိုက်ခိုက်သတ်ဖြတ် ခံနေရမှုများကြောင့် အခက်အခဲမျိုးစုံကြုံတွေ့ အတိဒုက္ခရောက်ရှိပြီး နေရပ်စွန့်ခွာ ထွက်ပြေးနေရသော ရခိုင်တိုင်းရင်းသားများအတွက် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၀)၊ ကျောင်းဆင်းအရာရှိများမှငွေကျပ်(၉၀၀၀၀၀/-)(ကျပ်ကိုးသိန်းတိတိ)အား ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ဦးအနီး ရခိုင်ဓမ္မာရုံတွင် ဖွင့်လှစ်လျက်ရှိသော ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ(ရန်ကုန်)သို့ သွားရောက်လှူဒါန်းခဲ့ကြောင်းသိရှိရသည့်အတွက် အရေးကြီးကသွေးနီးပြီး ကျရာတာဝန်များကို ထမ်းဆောင်လျက်ရှိသော တိုင်းရင်းသားညီအစ်ကိုအရာရှိများနှင့် အထက်ဖော်ပြပါအကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခံနေရသူများအား ကူညီအားပေးနေကြသောနေရာဒေသ အသီးသီးမှ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။
**အဝေးရောက်ရခိုင်တိုင်းရင်းသားများ**

**ဖခင်အမည်မှန်**

နေပြည်တော်မြို့နယ်၊ ကျောင်းစုကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ အထက(နေပြည်)တက္ကသိုလ်ဝင်တန်း(E)မှမအိဖြူသော်၊ အထက(ကျောင်းစု)အဋ္ဌမတန်း(A)မှ မောင်ရှိုင်းလင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးလှမျိုး ၁၄/နေဖ(နိုင်)၁၁၀၆၉၂ ဖြစ်ပါကြောင်း။ **ဦးလှမျိုး**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အိုးကုန်း အလက(ခွဲ)Grade-4 မှ မထက်ထက်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း ၇/တငန(နိုင်)၁၀၂၂၄၃ ဖြစ်ပါ ကြောင်း။
**ဦးဇော်ထွန်း**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ တောင်ချိုကျေးရွာ နေ မြစ်ခြေမြို့ CMEC ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းချမ်းကို၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်အေး(ခ) ဦးလှချိန် ၈/ပမန(နိုင်)၀၇၉၉၈၉ ဖြစ်ပါကြောင်း။

**အမည်မှန်**

လားရှိုးမြို့ အထက(၆) တက္ကသိုလ်ဝင်တန်းမှ မဆွတ်ချရီ၏ အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်အရ မဆွတ်ရှုရီ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

လားရှိုးမြို့ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မမေရီဆိုင်းမိုင်၏ ဖခင်အမည်မှန်မှာ ဦးအယ်ဒိဝင်း(ခ) ဦးအယ်ဒွင်း ၂/ဒမဆ(နိုင်)၀၃၂၃၃၀ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ တိုက် အမှတ် ၃၁၁(လေးလွှာ၊ တတိယထပ်)၊ ခေါင်းရင်းဘက်ခြမ်း၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီ ၁၂/မရက(နိုင်)၀၆၇၁၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းပြုံးချို ၁၃/ဆဆန(နိုင်)၀၀၀၅၇၁က အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန် အဆိုပါတိုက်ခန်းတန်ဖိုး၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အဆိုပါတိုက်ခန်းနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်နန်းပြုံးချို
၁၃/ဆဆန(နိုင်)၀၀၀၅၇၁

လွှဲအပ်ညွှန်ကြားခံရသူ
ဦးဟိန်းမင်းဆွေ အထက်တန်းရှေ့နေ စဉ်-၃၃၂၅၈ ဖုန်း-၀၉-၄၂၁၀၅၆၅၂၇
ဦးနေလင်းအေး အထက်တန်းရှေ့နေ စဉ်-၃၃၅၂၄ ဖုန်း-၀၉-၉၇၉၀၀၈၉၈၆
၄၂၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

ပြည်တွင်း/ပြည်ပ – အလုပ်အကိုင်ရှာနေသူများ အတွက်
အလွယ်တကူ အလုပ်အကိုင်ရရှိစေပြီး လစာကောင်းစေဖို့...
အခြေခံအင်္ဂလိပ်ဘာသာသင်တန်း(B.E.C)
(လျှပ်စစ်၊စက်တပ်ဆင်၊ပိုက်ဆက်၊ဂဟေဆက်၊အဲယားကွန်း-(၅) မျိုးပါဝင်သည်။
(5)weeks → တနင်္လာ မှ စနေနေ့ထိ (အချိန်ပြည့်) အလယ်တန်းအောင်အထက် (ကျား)
ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း
(နေ့ဝရိတ်/ညဝရိတ်/သွားဝရိတ်)-ဖြင့် စာတွေ့/လက်တွေ့ကျွမ်းကျင်မှု
အချိန်ပြည့်တစ်လ → ရက် (၃၀) သင်တန်း၊ အလယ်တန်းအောင်အထက် (ကျား/မ)
ဝန်ကြီးဌာန၏တရားဝင်ခွင့်ပြုလိုင်စင်များရရှိထားသော
သုခစံ - အသက်မွေးပညာသင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)။
Ph : (01)377343, 377344, www.tkss.com.mm, Fb-TKSS99

# မာရဝီတောင်ပိုင်းရှိ ကျန်ဒေသများကို ပြန်လည်သိမ်းပိုက်နိုင်ရေး အစိုးရတပ်ဖွဲ့များ ဆက်လက်ထိုးစစ်ဆင်



**မနီလာ စက်တင်ဘာ ၂**
မာရဝီတောင်ပိုင်း ကျန်ရှိနေသည့်နေရာများကို ပြန်လည်သိမ်းပိုက်နိုင်ရေး ထိုးစစ်ဆင်နွှဲမှုများမှာ ပိုမိုပြင်းထန်သည့်အခြေအနေတွင်ရှိနိုင်ကြောင်း ဖိလစ်ပိုင်သမ္မတရိုဒရီကို ဒူတာတေး၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က စက်တင်ဘာ ၂ ရက်တွင် ပြောခဲ့သည်။ အိုင်အက်စ်အစွန်းရောက်များ ကြီးစိုးနေသော နောက်ဆုံးကျေးရွာများကို ပြန်လည်သိမ်းပိုက်နိုင်ရေး အစိုးရတပ်ဖွဲ့များက တိုက်စစ်ကို အရှိန်မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

မာရဝီမြို့၏ အရေးပါသော နေရာများကို အစိုးရလက်အောက်သို့ ဘေးကင်းစွာပြန်လည်ရောက်ရှိနိုင်ရေး အစိုးရတပ်ဖွဲ့များ၏ စွမ်းစွမ်းတမံဆောင်ရွက်မှုများကို သမ္မတ၏ ပြောခွင့်ရပုဂ္ဂိုလ် အားနက်စတိုအက်ဘ်ဘီလာက ချီးကျူးပြောဆိုခဲ့သည်။

အစိုးရတပ်ဖွဲ့များသည် ဘန့်ဂိုလူရှိ ဘာရာဘိုတံတားကို အိုင်အက်စ်အစွန်းရောက်အကြမ်းဖက်သမားများလက်ထဲမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

အဆိုပါတံတားသည် အစိုးရတပ်ဖွဲ့များနှင့် စစ်သွေးကြွများကြားအရေးကြီးသော စစ်ပွဲဖြစ်ပွားရာနေရာဖြစ်ကြောင်း၊ အဆိုပါတံတားကို ပြန်လည်သိမ်းပိုက်နိုင်ရေး တိုက်ပွဲများတွင် အစိုးရတပ်ဖွဲ့မှ ၅၂ ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို သိမ်းပိုက်နိုင်ရုံသာမက အကြမ်းဖက်သမားများ၏ခြေကုပ်ယူရာနေရာများဖြစ်သည့် ဘာသာရေးအဆောက်အအုံများ၊ ကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကိုလည်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်းသိရသည်။

ကျန်ဒေသများကို ဆက်လက်သိမ်းပိုက်နိုင်ရေး အစိုးရတပ်ဖွဲ့များက ကြိုးစားနေကြောင်းသိရသည်။ အကြမ်းဖက်သောင်းကျန်းသူများမှာ ပြည်သူအယောက် ၅၀ ကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း အစိုးရတပ်ဖွဲ့က ပြောခဲ့သည်။ စစ်ပွဲကြောင့်ပျက်စီးနေသော မာရဝီဒေသတွင် တိုက်ခိုက်ရေးသမား အယောက် ၅၀ ခန့်ရှိကြောင်း သိရသည်။ မေ ၂၃ ရက်ကစတင်ခဲ့သော အဆိုပါတိုက်ခိုက်မှုများတွင် လူပေါင်း ၈၀၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ရုရှားတွင်မြေပြိုမှုဖြစ်ပွားရာ လမ်းများပျက်စီးခဲ့သဖြင့် လူ ၇၇၀၀ ပိတ်မိနေ

**မော်စကို စက်တင်ဘာ ၂**
ရုရှားနိုင်ငံအနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့သည့်တောင်ထူထပ်သည့်နေရာများတွင် ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနက မကြာသေးမီတွင် ပြောခဲ့သည်။

မြေပြိုမှုဖြစ်ပွားခဲ့သည့် အယ်လ်ဘရက်စ်ဒေသတွင် နိုင်ငံခြားသားခရီးသွား ၅၂၅ ဦးရှိသည့်အနက် ၂၂၄ ဦးမှာနိုင်ငံခြားသားခရီးသွားအခြေစိုက် စခန်းများတွင် နေထိုင်လျက်ရှိပြီး အခြားသူများက တောင်ပေါ်သို့ ဆက်လက်တက်ရန်ကြိုးစားနေကြောင်း တောင်ပိုင်းဒေသဆိုင်ရာ ရုရှားအရေးပေါ်ဝန်ကြီးဌာနအကြီးအကဲ အစ်ဂေါ်အော်ဒါက ပြောခဲ့သည်။ နိုင်ငံခြားသားခရီးသွားများကို အန္တရာယ်ရှိဇုန်မှ ဘေးကင်းရာသို့ ကယ်ထုတ်ရန် အဆင့်သင့်ဖြစ်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံရှိ တရုတ်သံရုံးက အဆိုပါဒေသတွင် တရုတ်နိုင်ငံသားများမရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

အမ်အိုင်-၈ ရဟတ်ယာဉ်နှစ်စင်း၊ ဘတ်စ်ကားရှစ်စီးအပါအဝင် လူပေါင်း ၃၄၁ ဦးပါဝင်သော အဖွဲ့ ၄၇ ဖွဲ့သည် ကယ်ဆယ်ရေးပစ္စည်းအပြည့်အစုံဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

အယ်လ်ဘရက်စ်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်းရှစ်ပိုင်း ပျက်စီးခဲ့ပြီး ဘက်စ်ကန်မြစ်မှ မြစ်ရေများလည်း မြင့်တက်လာခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့အတူ ဒေသတွင်းဓာတ်ငွေ့ပိုက်လိုင်းများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါ ဒေသတွင်လူပေါင်း ၇၇၀၀ ပိတ်မိနေကြောင်း သိရသည်။ **(ဆင်ဟွာ)**



## ဟူစတန်မြို့ ရေလှောင်ကန်များမှ ရေလွှတ်ခဲ့ရာ အိမ်ခြေ ၂၀၀၀၀ ခန့်ရေဘေး ဒုက္ခခံစားခဲ့ရ




**ဝါရှင်တန် စက်တင်ဘာ ၂**
ဟာရီကိန်းမုန်တိုင်းကြောင့် ရေလှောင်ကန်များတွင် ရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေများလျှံကျခဲ့ရာ ရက်သတ္တပတ် အတော်များများရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ကြောင်း အမေရိကန်နိုင်ငံတောင်ပိုင်း ဟူစတန်မြို့ရှိ အာဏာပိုင်များက ပြောခဲ့သည်။

ဟာရီကိန်းမုန်တိုင်း ဟာဗေးသည် အမေရိကန်နိုင်ငံ တက္ကဆက်ကို ဝင်ရောက်ခဲ့ရာ အတော်များများ ပျက်စီးခဲ့ကြောင်း၊ ယခုအချိန်တွင် အပူပိုင်းမုန်တိုင်းအဖြစ် အားပျော့သွားသော်လည်း မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနေသေးကြောင်း သိရသည်။

ဟာဗေးကြောင့် ဟူစတန်နှင့် အနီးဝန်းကျင်ဒေသများတွင် မိုးရေချိန် စံချိန်တင်ခဲ့ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

အဆိုပါမုန်တိုင်းကြောင့် လူပေါင်း ၃၉ ဦးသေဆုံးခဲ့ပြီး ၄၂၀၀၀ ကိုဘေးလွတ်ရာသို့ သက်ဆိုင်ရာအဖွဲ့အစည်းများက ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

ရေလှောင်ကန်နှစ်ခုမှ ရေများလွှတ်လိုက်မှုကြောင့် အနိမ့်ပိုင်းဒေသများတွင် နောက်ထပ် ၁၅ ရက်ခန့် ရေကြီးမှုဒုက္ခကို ထပ်မံခံစားရနိုင်ကြောင်း ဟူစတန်မြို့တော်ဝန်က ပြောခဲ့သည်။

မုန်တိုင်းကြောင့် ပျက်စီးခဲ့သော အိမ်များမှာ ၁၅၀၀၀ ခန့်ရှိခဲ့ရာ ရေလွှမ်းမိုးမှုကြောင့် စုစုပေါင်း အိမ်ခြေ ၂၀၀၀၀ ခန့် ရေများ နစ်မြုပ်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## အရှေ့တောင်အာရှ အရှည်ဆုံးတံတားအဖြစ် ဗီယက်နမ်၌ဖွင့်လှစ်


**ဟန္နိုင်း စက်တင်ဘာ ၂**
ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုင်ဖွန်မြို့ရှိ တန်ဗူလာ့ချ်ဟူရန်တံတားသည် အရှေ့တောင်အာရှနှင့် ဗီယက်နမ်နိုင်ငံအတွင်းအရှည်ဆုံး ပင်လယ်ဖြတ်ကူး တံတားတစ်စင်းဖြစ်ပြီး ယာဉ်များသွားလာနိုင်ရေးအတွက် စက်တင်ဘာ ၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပို့ဆောင်ရေးတွင် အရေးပါသည့် ၅ ဒသမ ၄ ကီလိုမီတာရှိ အဆိုပါတံတားကို ဗီယက်နမ်ဒေါင် ၁၁၄၄၉ ဘီလီယံအကုန်ကျခံတည်ဆောက်ခဲ့ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က ပြောခဲ့သည်။ ချဉ်းကပ်လမ်း ၁၀ ဒသမ ၂ ကီလိုမီတာရှိ အဆိုပါခြောက်လမ်းသွားတံတားသည် ဟန္နိုင်း-ဟိုင်ဖွန်အဝေးပြေးလမ်းမှသည် လက်ချ်ဟူရန်အပြည်ပြည်ဆိုင်ရာ ရေနက်ဆိပ်ကမ်းသို့တိုင်အောင် ရှည်လျားပြီး ဟိုင်ဖန်ကတ်ဟိုင်ကျွန်းသို့ ဆက်သွယ်ဖောက်လုပ်ထားကြောင်း သိရသည်။ ယခင်က အဆိုပါကျွန်းသို့ ကူးတို့ရေယာဉ်ဖြင့် နာရီပေါင်းများစွာကြာအောင်သွားခဲ့ရာမှ ယခုအချိန်တွင် အချိန်တိုအတွင်း သွားရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပူတင် တက်ရောက်ရန်မသေချာ

**မော်စကို စက်တင်ဘာ ၂**
ရုရှားသမ္မတဗလာဒီမာပူတင်သည် ယခုလ၌ နယူးယောက်တွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်နိုင်လိမ့်မည်မဟုတ်ကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူ၏ပြောကြားချက်ကို ကိုးကား၍ ရုရှားသတင်းဆိုက်များတွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအပေါ် မကြာသေးမီက ဝေဖန်ခဲ့သူအမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် စက်တင်ဘာ ၁၈ ရက်တွင် နယူးယောက် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့အဖွဲ့အစည်းကြီးကို ပြန်လည်ပြင်ဆင်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာထောက်ခံမှုများကို ရှာဖွေသွားမည်ဖြစ်ကြောင်း ၁၉၃ နိုင်ငံသောအဖွဲ့ဝင်နိုင်ငံများအား ပြောခဲ့သည်။ ရုရှားသမ္မတဗလာဒီမာပူတင်အနေဖြင့် အဆိုပါညီလာခံသို့ တက်ရောက်နိုင်မည်လား၊ မတက်ရောက်နိုင်ဘူးလားဆိုသည်ကို ယခုချိန်အထိ ရှင်းလင်းစွာမသိရသေးကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **(ရိုက်တာ)**



## နိုင်ငံတကာ သတင်းတိုထွာ

### အိုင်အက်စ်အကြမ်းဖက်သမား နှစ်ဦးကို ဖမ်းဆီး

**မော်စကို စက်တင်ဘာ ၂**

နိုင်ငံအတွင်းအကြမ်းဖက်မှုကျူးလွန်ရန် ကြံစည်နေသည့် အလယ်ပိုင်းအာရှသား နှစ်ဦးကို ယမန်နေ့က ဖမ်းဆီးလိုက်ကြောင်း ရုရှားနိုင်ငံ ပြည်ထောင်စုလုံခြုံရေးတပ်ဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဖမ်းဆီးထားသူနှစ်ဦးအနက် တစ်ဦးမှာ အင်တာနက်ပေါ်တွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အား သစ္စာခံကြောင်းနှင့် လူများအား ဓားဖြင့်တိုက်ခိုက်ရန် ကြေညာကြောင်း ရုပ်သံဖိုင်ကို အင်တာနက်ပေါ်တွင် လွှင့်တင်ခဲ့ကြောင်း သိရသည်။

အခြားတစ်ဦးက ၎င်းသည် အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ဝန်ခံခဲ့ပြီး အသေခံဗုံးခွဲရန် စီစဉ်ထားကြောင်း သိရသည်။ ထို့အပြင် ဖောက်ခွဲရေးပစ္စည်းများကိုလည်း ၎င်း၏နေအိမ်အတွင်းရှာဖွေတွေ့ရှိခဲ့သည်။

၎င်းတို့နှစ်ဦးသည် မော်စကိုမြို့၌ တိုက်ခိုက်ရန် စီစဉ်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

### နျူကလီးယားစွမ်းအင် အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရေး ဥပဒေတစ်ခု တရုတ်ပြဋ္ဌာန်း

**ပေကျင်း စက်တင်ဘာ ၂**

တရုတ်ထိပ်တန်း ဥပဒေပြုအာဏာပိုင်အဖွဲ့က နျူကလီးယားစွမ်းအင်ကို အန္တရာယ်ကင်းကင်း အသုံးပြုနိုင်ရေးအတွက် နျူကလီးယားအန္တရာယ်ကင်းစင်ရေးဥပဒေတစ်ခုကို စက်တင်ဘာ ၁ ရက်က အတည်ပြုလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါဥပဒေပြဋ္ဌာန်းမှုကို တနင်္လာနေ့မှ သောကြာနေ့အထိ ပြုလုပ်လေ့ရှိသော အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ၏ နှစ်လတစ်ကြိမ်ကျင်းပသော အစည်းအဝေး၌ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

### သီရိလင်္ကာ၌ ပလတ်စတစ်အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်းကို တားမြစ်

**ကိုလံဘို စက်တင်ဘာ ၂**

သီရိလင်္ကာအစိုးရက စက်တင်ဘာ ၁ ရက်က ပလတ်စတစ်ပစ္စည်းများထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းကို တားမြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ပလတ်စတစ်ဖြင့် အစားအစာထည့်သည့် ပစ္စည်းများထုတ်လုပ်ခြင်း၊ ပန်းကန်ခွက်ယောက်များပြုလုပ်ခြင်း၊ ဇွန်းများပြု လုပ်ခြင်းတို့ကို မပြုလုပ်ရန်တားမြစ်လိုက်ကြောင်း သိရသည်။

အဆိုပါ တားမြစ်မှုသည် စက်တင်ဘာ ၁ ရက်မှစတင်ကာ အာဏာတည် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူက သတင်းမီဒီယာသို့ ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဆီးရီးယားနိုင်ငံအပေါ် တဖြည်းဖြည်းဩဇာလွှမ်းမိုးလာနေတဲ့အီရန်

**ကလျာမိုးမြင့်**

**၂၀၁၀ ပြည့်နှစ်မတိုင်မီ စစ်အေးတိုက်ပွဲ ပြီးဆုံးချိန်ကစပြီး သမ္မတဟာဖက်အယ်လ်အာဆတ် ဦးဆောင်အုပ်ချုပ်ခဲ့ပြီးနောက် သားဖြစ်သူ ဘတ်ရှာအယ်လ်အာဆတ် ဆက်ခံခဲ့တဲ့ ဆီးရီးယားနိုင်ငံဟာ အာရပ်ကမ္ဘာထဲမှာ ပြိုင်ဘက်ကင်းလောက်အောင် ပြင်လွယ်ပြောင်းလွယ်တဲ့ ပထဝီနိုင်ငံရေးအခြေအနေမျိုးနဲ့တည်ရှိခဲ့ပါတယ်။**



ဆီးရီးယားနိုင်ငံဟာ အစ္စရေးနိုင်ငံအတွက်တော့ လုံးဝခါးသီးတဲ့ ရန်သူပါ။ ဒါပေမယ့် အစ္စရေးဟာ အဲဒီရန်သူနဲ့တိုက်ရိုက်ညှိနှိုင်းဆွေးနွေးတာမျိုးတွေတော့ လုပ်ခဲ့ပါတယ်။ ပြီးတော့ ဆီးရီးယားဟာ အာရပ်အမျိုးသားလွတ်လပ်ရေးစိတ်ဓာတ်ရဲ့ရှင်သန်နေဆဲနှလုံးသားတစ်ခုလို့ အခိုင်အမာတင်စားခဲ့ကြပါတယ်။

အဲဒီလိုရှိခဲ့ရာကနေ ဆီးရီးယားဟာ ၁၉၉၁ ခုနှစ်မှာတော့ အီရတ်ကို ကူဝိတ်နိုင်ငံကနေ နှင်ထုတ်လိုက်တဲ့ ကုလသမဂ္ဂမဟာမိတ်အဖွဲ့နဲ့ ပူးပေါင်းသွားခဲ့ပါတယ်။ ဒါ့အပြင် အာဆတ်အစိုးရကို အမေရိကန်ပြည်ထောင်စုကလည်း အကြမ်းဖက်မှုတွေကို စပွန်ဆာပေးသူအဖြစ် တံဆိပ်ကပ်ပစ်လိုက်ပါတယ်။ ဒါပေမယ့် အယ်လ်ခိုင်ဒါစစ်သွေးကြွတွေကို နှိမ်နင်းရာမှာတော့ ဆီးရီးယားစစ်ရေးထောက်လှမ်းမှုအေဂျင်စီတွေဟာ အမေရိကန်ကလုပ်ဖော်ကိုင်ဖက်တွေနဲ့ ပူးပေါင်းခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီး ဆီးရီးယားနိုင်ငံရဲ့ ပထဝီနိုင်ငံရေးမှာပြင်လွယ်ပြောင်းလွယ်တဲ့ အနေအထားမျိုးလုံးဝပျောက်ကွယ်သွားခဲ့ရပါတယ်။

အုပ်ချုပ်ရေးစနစ်ကို ထောက်ကန်ပေးထားတဲ့ အစိုးရထောက်ခံသော စစ်သွေးကြွတွေကို စုစည်းဖို့နဲ့ ထောက်ပံ့မှုပေးဖို့ ပြန်လည်တည်ဆောက်ရေးကန်ထရိုက်ရရှိခဲ့မှုကနေ အီရန်ဟာ သမ္မတအာဆတ် ဂရုမစိုက်ဘဲ မနေနိုင်လောက်အောင် နည်းဗျူဟာမျိုးစုံသုံးပြီး ဆီးရီးယားနိုင်ငံထဲကို နက်နက်ရှိုင်းရှိုင်းထိုးဖောက်ဝင်ရောက်လာခဲ့ပါတယ်။ ဩဂုတ် ၂၀ ရက်မှာ ဆီးရီးယားသမ္မတဟာ ပြောင်ပြောင်တင်းတင်းကန့်လန့်တိုက်တဲ့မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့ပြီး အဲဒီမိန့်ခွန်းထဲမှာ ဆီးရီးယားရဲ့ မဟာမိတ်တွေကို အလွန်တရာ ကျေးဇူးတင်ကြောင်း ထည့်ပြောခဲ့ပါတယ်။ ပြီးတော့ သူ့ကို ဆန့်ကျင်ကန့်ကွက်တဲ့ ဘယ်နိုင်ငံနဲ့မှ လုံခြုံရေးအရပူးပေါင်းမှာ မဟုတ်သလို သံတမန်ခင်းအရလည်း အဝင်အထွက်ရှိမှာမဟုတ်ဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ လာမယ့်အနာဂတ်မှာလည်း ဆီးရီးယားဟာ အနောက်နိုင်ငံတွေထက် အရှေ့နိုင်ငံတွေကိုသာ ရှေးရှုသွားမယ်လို့ သမ္မတအာဆတ်က အတိအလင်းပြောခဲ့ပါတယ်။

ဆီးရီးယားရဲ့ဦးဆောင်မှုအတွင်းမှာ အီရန်ကို ထောက်ခံသူ တချို့ကတော့ ဆီးရီးယားရဲ့အုပ်ချုပ်ရေးစနစ်ကို တဖြည်းဖြည်းပျက်စီးလာအောင် ကြိမ်ဖန်များစွာ ကြိုးစားနေတဲ့ အနောက်နိုင်ငံတွေကို ဒေါသထွက်ရုံသာမက အီရန်နဲ့ အနီးကပ်ဆက်ဆံမှုက ဆီးရီးယားရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအဆင့်အတန်းကို မားမားမတ်မတ်ရှိနေအောင် ကျားကန်ပေးထားနိုင်တဲ့အတွက် သမ္မတအာဆတ်ရဲ့ ဆုံးဖြတ်မှုအပေါ်မှာ ကျေနပ်အားရခဲ့ကြပါတယ်။

သို့သော်လည်း သမ္မတအာဆတ် အပါအဝင် ဆီးရီးယားရဲ့နိုင်ငံရေးနဲ့စစ်ရေးဆိုင်ရာ ကျွမ်းကျင်သူအများစုကတော့ အီရန်အပေါ်မှာ လွန်လွန်ကဲကဲမှီခိုအားထားခြင်းက အထူးသဖြင့်စစ်ပွဲပြီးဆုံးတဲ့ အခါ ပြန်လည်တည်ဆောက်ရေးဆောင်ရွက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အနာဂတ်မှာအနောက်နိုင်ငံတွေနဲ့ သံတမန်ရေးအရ ပေါင်းသင်းဆက်ဆံမှုတွေမှာ ဆီးရီးယားနိုင်ငံရဲ့ ပြင်လွယ်ပြောင်းလွယ်ရှိတဲ့အနေအထားကိုထိခိုက်လာစေမှာကို တွေးပူနေကြပါတယ်။

ရုရှားနိုင်ငံရဲ့ ထိပ်တန်းမူဝါဒရေးရာကျွမ်းကျင်သူတစ်ဦးက ဆီးရီးယားနိုင်ငံရေးနဲ့ပတ်သက်ပြီးဒီလိုသုံးသပ်ပါတယ်။

သမ္မတအာဆတ်အတွက်မမျှော်လင့်ဘဲ ဖြစ်လာနိုင်တဲ့ အိပ်မက်ဆိုးတစ်ခုကတော့ စစ်ပွဲအဆုံးသတ်သွားတဲ့အခါကျရင် ဆီးရီးယားမှာ နောက်ထပ်ဘာဖြစ်လာမယ်ဆိုတာကို အီရန်ကလွဲပြီး ကျန်တဲ့ဘယ်နိုင်ငံကမှ ဂရုစိုက်ကြတော့မှာမဟုတ်ဘူးဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ သမ္မတအာဆတ်ဟာ နိုင်ငံရဲ့အလိုက်သင့်အလျားသင့်ပြောင်းလဲတတ်တဲ့ အနေအထားကို ဆက်လက် ထိန်းသိမ်းသွားချင်မှာ သေချာတယ်လို့ သူ့အနေနဲ့ လေးလေးနက်နက်ယုံကြည်နေကြောင်း ၎င်းက ဝေဖန်သုံးသပ်ထားပါတယ်။

တကယ်လို့ သမ္မတအာဆတ်ဟာ အီရန်နဲ့ဆက်ဆံရေးကို အဆုံးသတ်လိုက်ပြန်ရင်လည်း သိပ်ကိုအန္တရာယ်ရှိတဲ့ အခြေအနေဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် အဲဒီလိုဖြစ်လာနိုင်တဲ့ အလားအလာနဲ့ ပတ်သက်ပြီး အစ္စရေးရဲ့ အန္တရာယ်ကို သတိထားရမှာဖြစ်ပါတယ်။ အစ္စရေးဟာ ဂိုလန်ကုန်းမြင့်ဒေသနဲ့ အနီးတစ်ဝိုက်တွေမှာ ဆီးရီးယားအစိုးရကို ထောက်ခံတဲ့ အင်အားစုတွေကို ကြိမ်ဖန်များစွာတိုက်ခိုက်မှုလုပ်ဆောင်နေပါတယ်။ ပြည်တွင်းစစ်ဟာ ဟစ်ဇဘိုလာလို့ ခေါ်တွင်တဲ့ အီရန်ရဲ့ကိုယ်စားလှယ်တွေကို နယ်စပ်မှာလာ ရောက်နေထိုင်ခြင်း မပြုနိုင်အောင် တားဆီးဖို့အတွက် နယ်စပ်တစ်လျှောက်မှာရှိနေတဲ့ ဂျီဟတ်စစ်သွေးကြွတွေအပါအဝင် ဆီးရီးယားကိုဆန့်ကျင်တဲ့အခြားသောအတိုက်အခံအုပ်စုတွေကို အစ္စရေးက အလိုအလျောက် ကူညီထောက်ပံ့မှုပေးပြီးသား ဖြစ်သွားစေပါတယ်။

အကယ်၍ အီရန်နိုင်ငံအပေါ်မှာ မဟာမိတ်အဖြစ် လက်တွဲသွားလိုတဲ့ ဆီးရီးယားရဲ့သဘောထားဟာ မပြောင်းလဲဘဲ ဒီအတိုင်းဆက်သွားနေဦးမယ်ဆိုရင်တော့ အစ္စရေးနိုင်ငံအနေနဲ့ ဂိုလန်ကုန်းမြင့်တွေကို ကျော်ဖြတ်ပြီး ကြည့်လိုက်တဲ့အချိန်တိုင်းမှာ အီရန်ကလည်း ပြန်ပြီးစိုက်ကြည့်နေတဲ့အနေအထားမျိုး ခံစားနေရဦးမှာပါ။ ထရန့်ရဲ့ အစိုးရအဖွဲ့ဟာ အိုင်အက်စ်သွေးကြွတွေရဲ့ရှုံးနိမ့်မှုအတွက် အဖတ်ဆယ်တဲ့အနေနဲ့ ဆီးရီးယားကိုရုရှားလက်ထဲသို့ထည့်ပေးလိုတဲ့ ဆန္ဒရှိပုံပေါ်နေပါတယ်။ သို့ပေမယ့် ဒီလိုပေးလိုက်တာဟာ ဆီးရီးယားကိုအီရန်လက်ထဲထည့်လိုက်တဲ့ အဓိပ္ပာယ်သက်ရောက်တယ်ဆိုတာကို အမေရိကန်အနေနဲ့နားလည်သဘောပေါက်ဖို့လိုမှာဖြစ်ပါတယ်။ ရုရှားဟာ ၎င်းရဲ့စစ်အခြေစိုက်စခန်းတွေကို ဆီးရီးယားမြေပေါ်မှာဆက်လက်ရှိနေစေဖို့ ထိန်းထားလိုတယ်ဆိုတာထက်ပိုပါတယ်။ စစ်ပွဲပြီးဆုံးတဲ့အခါ ရုရှားဟာ အီရန်ကိုဟန်ချက်ညီမျှတဲ့အနေအထားတစ်ခု အမှန်တကယ်ပေးနိုင်မှာမဟုတ်ပါဘူး။


ဆယ်စုနှစ်များစွာကြာအောင် ဆီးရီးယားဟာ အမေရိကန်ကို ဂိုလန်တောင်ကုန်းပေါ်မှာရှိနေတဲ့ အစ္စရေးတွေကို ဖိအားပေးနေတဲ့အရာတစ်ခုအနေနဲ့ရော နိုင်ငံအတွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာဖို့ လမ်းရှင်းပေးနေတဲ့ ကုတ်အားကန်အားတစ်ခုအနေနဲ့ပါ ရှုမြင်ခဲ့ပါတယ်။ ဒီလိုရှုမြင်ထားခဲ့ပေမယ့်လည်း အကယ်၍သာ အမေရိကန်က ဆီးရီးယားနိုင်ငံအရေးကို စိတ်မဝင်စားတော့ဘူးဆိုရင်၊ အကယ်၍ ရုရှားဟာ မူဝါဒရေးရာတွေကိုလျစ်လျူရှုပြီး လုံခြုံရေးကိစ္စရပ်တွေအပေါ်မှာ ဘယ်သူမှ ပါဝင်ပတ်သက်ခြင်း မရှိတော့ဘဲ ဆက်လက် အာရုံစိုက်သွားမယ်ဆိုရင် အီရန်ဟာ ဆီးရီးယားအပေါ်မှာ ဩဇာလွှမ်းမိုးသွားတော့မှာဖြစ်ပါတယ်။

ယနေ့အခါမှာ အရှေ့အလယ်ပိုင်းဒေသဟာ လစ်ဟာနေတဲ့ကွက်လပ်တစ်ခု မဟုတ်တော့ပါဘူး။ အစ္စရေးနိုင်ငံဟာလည်း ဆီးရီးယားနိုင်ငံအပေါ်မှာ အီရန်ကထိန်းချုပ်လာတာကို ဒီတိုင်းရပ်ကြည့်နေမှာ မဟုတ်ပါဘူး။ သမ္မတအာဆတ်မကြာသေးမီက ပြောခဲ့တဲ့ မိန့်ခွန်းတွေက အတိတ်နိမိတ်တစ်ခုဖြစ်လာခဲ့ပြီး သမ္မတအာဆတ်က အီရန်ရဲ့ လွှမ်းမိုးလာမှု ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့ရင်ပေါ့။ ရလဒ်အနေနဲ့ ဆီးရီးယား-အစ္စရေးစစ်ပွဲတစ်ခု ဖြစ်ပွားလာခဲ့မယ်ဆိုရင် အဲဒီစစ်ပွဲဟာ အီရန်-အစ္စရေးစစ်ပွဲဆိုတဲ့အဓိပ္ပာယ်သက်ရောက်လာနိုင်ပြီး အဲဒီရလဒ်ကြောင့်ဖြစ်လာမယ့်အကျိုးဆက်ကို ဆီးရီးယားနိုင်ငံအနေနဲ့လည်း ရှောင်လွှဲလို့ရနိုင်မှာမဟုတ်ပါဘူး။

ဒီလိုမဖြစ်အောင် ကာကွယ်ဖို့ဆိုရင် အမေရိကန်နဲ့ရုရှားက မူဝါဒရေးဆွဲသူတွေဟာ စစ်ပွဲအဆုံးသတ်ဖို့ ဒီထက်ပိုပြီး အားထုတ်သင့်နေပါပြီ။ အနာဂတ်မှာ ကမ္ဘာစစ်ဖြစ်လာနိုင်တဲ့ ဆီးရီးယားရဲ့အခြေအနေတွေကို ပြုပြင်ဖို့ သံတမန်ရေးအရ ဆောင်ရွက်ဖို့လိုအပ်သလို စစ်မက်ဖြစ်ပွားမှုလျော့ချတဲ့ဇုန်တွေကို ဖန်တီးဖို့နဲ့ထိန်းချုပ်စီမံနိုင်ဖို့အကူအညီပေးသင့်ပါတယ်။ ပြင်ပမှာရှိနေတဲ့ လှုပ်ရှားဆောင်ရွက်သူတွေအနေနဲ့ကလည်း အဲဒီမှာရှိနေတဲ့ အစိုးရအဖွဲ့ကို လွှမ်းမိုးနိုင်ဖို့ ဆီးရီးယားနဲ့ စေ့စပ်ဆွေးနွေးမှုပြုလုပ်ရမှာ ဖြစ်ပါတယ်။ အကယ်၍သာ အီရန်ဟာ ဆီးရီးယားနိုင်ငံရဲ့အနာဂတ်မှာ တစ်ဦးတည်းသော ရင်းနှီးမြှုပ်နှံသူဖြစ်လာခဲ့မယ်ဆိုရင် ဖြစ်လာမယ့်အကျိုးဆက်ကတော့ ကျောချမ်းစရာပါပဲ။


**(နယူးယောက်တိုင်းမ်)**


**အုပ်ချုပ်ရေးစနစ်ကို ထောက်ကန်ပေးထားတဲ့ အစိုးရထောက်ခံသော စစ်သွေးကြွတွေကို စုစည်းဖို့နဲ့ ထောက်ပံ့မှုပေးဖို့ ပြန်လည်တည်ဆောက်ရေးကန်ထရိုက်ရရှိခဲ့မှုကနေ အီရန်ဟာ သမ္မတအာဆတ် ဂရုမစိုက်ဘဲ မနေနိုင်လောက်အောင် နည်းဗျူဟာမျိုးစုံသုံးပြီး ဆီးရီးယားနိုင်ငံထဲကို နက်နက်ရှိုင်းရှိုင်းထိုးဖောက်ဝင်ရောက်လာခဲ့ပါတယ်**





မုန့်ဖက်ထုပ် ပူပူလေး!
မလာနဲ့တော့!!




HTOO







# မြန်မာသဒ္ဒါသင်ကြားရေး (၁၈)

**မောင်ခင်မင်(ဓနုဖြူ)**

"ကဲ... နာမ်အကြောင်း ဆက်ရအောင်။ ဆဋ္ဌမတန်း၊ မြန်မာသဒ္ဒါစာအုပ်မှာ အနက်အဓိပ္ပာယ်အရ နာမ်လေးမျိုးခွဲတာကို ပြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ တစ်ဦးဆိုင်နာမ်ရယ်၊ အများဆိုင်နာမ်ရယ်၊ စိတ္တဇနာမ်ရယ်၊ အစုပြနာမ်ရယ်ဆိုပြီး ခွဲပါတယ်"

"ဒီခွဲပုံက အစဉ်အလာအင်္ဂလိပ်သဒ္ဒါစာအုပ်တွေမှာ ခွဲတဲ့နာမ်ငါးမျိုးထဲက တစ်မျိုးချန်ပြီး လေးမျိုးကို ယူထားတာပါပဲ။ ကိုလိုနီခေတ်ဦးမှာပေါ်တဲ့ အင်္ဂလိပ်သဒ္ဒါဩဇာလွှမ်းတဲ့ မြန်မာသဒ္ဒါတွေမှာလည်း အဲဒီလိုခွဲတာပါပဲ"

"ရှင်းပြပါဦးဆရာ"

"ဆရာကိုးကားပြောတဲ့ နက်စဖီး J.C.Nesfield ရဲ့ English Grammar မှာလည်း နာမ်ငါးမျိုးခွဲတယ်လေ။ ကိုလိုနီခေတ်ဦးက မြန်မာသဒ္ဒါစာအုပ်တွေမှာလည်း အဲဒီနာမ်ငါးမျိုးကို မြန်မာလို ဘာသာပြန်ပြီးပြတယ်"

"ဘယ်လိုပါလဲ ဆရာ"

"အင်္ဂလိပ်သဒ္ဒါတွေမှာ Noun တွေကို Proper Noun, Common Noun,Collective Noun,Material Noun, Abstract Noun လို့ပြတယ်။ မြန်မာသဒ္ဒါတွေမှာလည်း အဲဒီဝေါဟာရတွေကို မြန်မာပြန်ပြီး ကေဝိဇနာမ်၊ ဝေါဟာရနာမ်၊ သမူဟ နာမ်၊ ဒဗ္ဗနာမ်၊ စိတ္တဇနာမ်ဆိုပြီးပြတယ်"

"ပါဠိ နာမည်တွေချည်းပဲနော် ဆရာ"

"ဟုတ်တယ်။ အဲဒီတုန်းက မြန်မာသဒ္ဒါတွေ ရေးပုံအတိုင်း ပါဠိစကားလုံးတွေ များများသုံးတာပေါ့။ ပြောရဦးမယ်။ ဆရာတို့ ငယ်ငယ်က မြန်မာသဒ္ဒါသင်ရတုန်းက၊ အဲ... ၁၉၄၈-၄၉ ခုနှစ်လောက်ပေါ့။ အဲဒီတုန်းကတည်းက အဲဒီဝေါဟာရတွေကို အလွတ်ကျက်ခဲ့ရတာလေ။ နောက် အင်္ဂလိပ်စာသင်ရတော့လည်း အဲဒီအင်္ဂလိပ်ဝေါဟာရတွေကို ကျက်ရတော့ ရင်းနှီးနေတာပေါ့ကွယ်"

"သြော်...ဟုတ်ကဲ့ပါ"

"အခု မြန်မာစာအဖွဲ့က ပြုစုတဲ့ မြန်မာသဒ္ဒါမှာကျတော့ Material Noun လို့ခေါ်တဲ့ ဒဗ္ဗနာမ်ကိုချန်ပြီး ကျန်တဲ့ နာမ်တွေကို မြန်မာလို နာမည်ပေးထားတာပါ။ ကေဝိဇနာမ်ကို တစ်ဦးဆိုင်နာမ်၊ ဝေါဟာရနာမ်ကို အများဆိုင်နာမ်၊ သမူဟနာမ်ကို အစုပြနာမ်လို့ ခေါ်ထားတယ်။ အဲ... စိတ္တဇနာမ်ကျတော့ ပါဠိအခေါ်အတိုင်းပဲ ခေါ်ထားတယ်။ အကောင်အထည်မမြင်ရဘဲ စိတ်ထဲမှာသာဖြစ်တဲ့ နာမ်လို့ ဆိုလိုတာပေါ့"

"ဆရာ၊ ကျွန်တော်တစ်ခုတွေးမိလို့ပါ"

"အင်း"

"စိတ္တဇဆိုတာ စိတ်မှာဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတာ မှန်ပေမယ့် 'စိတ္တဇ'လို့ပြောလိုက်ရင် စိတ်ဝေဒနာ၊ စိတ်ရောဂါဆိုတဲ့ အဓိပ္ပာယ်က ပိုပြီး ထင်ရှားနေတာမို့ ဒီစကားလုံးကို ကြားရင် အဓိပ္ပာယ်တစ်မျိုးပေါက်သွားနိုင်တယ်လို့ ထင်ပါတယ်။ ဒီ့ပြင် နာမ်တွေကိုလည်း မြန်မာလိုနာမည်ပေးဖို့ ကောင်းမယ် ထင်တယ်"

"စဉ်းစားစရာပဲပေါ့။ မင်းပြောတာ သဘာဝကျပါတယ်။ အရင်စာအုပ်မှာသုံးတဲ့ 'ဒြပ်မဲ့နာမ်'လို့ သုံးလည်းရမယ်ထင်ပါတယ်"

"ဆရာ၊ ဒဗ္ဗနာမ်ကို ဘာဖြစ်လို့ ချန်ခဲ့တာလဲမသိဘူးနော်"

"အင်္ဂလိပ်သဒ္ဒါမှာတော့ common noun က အများနဲ့ဆိုင်တဲ့နာမ် အများကိုခြုံပြီးခေါ်တဲ့နာမ်၊ 'အိမ်၊ ကျောင်း၊ လူ' ဆိုတာမျိုးပေါ့။ material noun က အသုံးအဆောင်ပစ္စည်းအဖြစ်သုံးရတဲ့ဟာတွေကို ခေါ်တဲ့နာမ်...တဲ့။ စကားလုံးတစ်လုံးတည်းက နှစ်မျိုးစလုံးဖြစ်နိုင်တယ်တဲ့။ 'ငါး'ဆိုတဲ့စကားလုံးကို 'ငါးက ရေထဲမှာနေတယ်'လို့သုံးရင် common noun ပေါ့။ 'ငါးက စားလို့ ကောင်းတယ်' လို့သုံးရင်တော့ material noun တဲ့။ အဲဒီလိုခွဲပြတယ်"

"သြော်"

"မြန်မာသဒ္ဒါပြုစုတဲ့ ပညာရှင်ဆရာကြီးတွေက မြန်မာစကားမှာ အဲဒီနာမ်နှစ်မျိုးခွဲပြောဖို့ မလိုဘူးလို့ ယူဆလို့ မခွဲတာ ဖြစ်မယ်လို့ပဲ စဉ်းစားရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ အရင်အပတ်ကပြောတဲ့ သက်ရှိဒြပ်ရှိနာမ်၊ သက်မဲ့ဒြပ်ရှိနာမ်၊ ဒြပ်မဲ့နာမ်ဆိုတဲ့ ခွဲပုံမျိုးနဲ့ ခွဲပုံချင်း မတူဘူးနော်"

"ဟုတ်ကဲ့ပါ"

"အားလုံးတော့ ပဉ္စမတန်း၊ ဆဋ္ဌမတန်း ကျောင်းသားကလေးတွေအတွက် ဦးနှောက်သုံးစရာတွေ အများကြီးပါပဲ။ ကဲ... ထားပါတော့။ ဆရာထင်ပါတယ်။ ကျောင်းသားတွေကတော့ ဆရာတို့လို ပူပန်နေမှာမဟုတ်ဘူး။ ဆရာဆရာမတွေက ဒါတွေကျက်ဆိုရင်ကျက်ပြီး စာမေးပွဲမှာမေးရင် ဖြေလိုက်ကြမှာပဲလေ"

"ဟုတ်ပါတယ်ဆရာရယ်။ ဒါပေမယ့် ဆဋ္ဌမတန်းနဲ့ သတ္တမတန်းသဒ္ဒါတွေမှာ အနက်အဓိပ္ပာယ်အရ နာမ်လေးမျိုးခွဲတာကိုပဲ အကျယ်ရှင်းပြတာဆိုတော့ ကလေးတွေသဘောပေါက်လောက်တယ်လို့တော့ ထင်ရတာပါပဲ"

"ဟုတ်ပါပြီ။ ကဲ... အဋ္ဌမတန်းသဒ္ဒါမှာ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်လေးမျိုးခွဲတာကတော့ ခွဲပုံခွဲနည်းတစ်မျိုးပေါ့။ ဒီခွဲပုံကိုတော့ ကျောင်းသားက ပိုပြီးနားလည်လွယ်မယ် ထင်ပါရဲ့။ ကဲ... ဘယ်လို ခွဲတယ်ဆိုတာ ပြောပြစမ်းပါဦး"

"ဟုတ်ကဲ့၊ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်ကို ပင်ကိုနာမ်ရယ်၊ ဂုဏ်ရည်ပြနာမ်ရယ်၊ ကြိယာနာမ်ရယ်၊ ပေါင်းစပ်နာမ်ရယ် ဆိုပြီး လေးမျိုးခွဲထားပါတယ်"

"ခွဲပြပုံအရ ပြောရရင် ပင်ကိုနာမ်ဆိုတာက တစ်လုံးတည်း၊ တစ်ခုတည်းရှိတဲ့ နာမ်မို့ ထပ်ပြီးခွဲလို့မရဘူး။ ကျန်တဲ့နာမ် သုံးမျိုးကတော့ ပေါင်းစပ်ထားတဲ့နာမ်တွေမို့ ထပ်ခွဲလို့ရတယ်လို့ နားလည်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ...ပင်ကိုနာမ်ကတော့ ရှင်းပါတယ်။ အရင်းခံကျတဲ့နာမ်ပဲ။ တချို့သဒ္ဒါတွေမှာ 'ရိုးရိုးနာမ်'၊ 'နာမ်ရိုး'ဆိုပြီး ခေါ်ကြတယ်။ 'လူ၊ ခွေး၊ အိမ်၊ ကျောင်း၊ တော၊ တောင်' ဆိုတဲ့နာမ်တွေက အသံတစ်သံပဲပါတဲ့ ပင်ကိုနာမ်တွေပေါ့"

"ဟုတ်ပါတယ် ဆရာ"

"အဲ -သဒ္ဒါစာအုပ်မှာ ပြထားတဲ့အတိုင်း 'စပါး'ဆိုတဲ့နာမ် လည်း ပင်ကိုနာမ်ပဲ။ စပါးက အသံနှစ်သံပါတယ်။ ရှေ့အသံက အသံတစ်ဝက်ပဲ ဆိုရတယ်။ 'စပါး'ကိုထပ်ခွဲရင် 'စ'နဲ့ 'ပါး'ရပေမယ့် 'စပါး'ရဲ့အဓိပ္ပာယ်ကတော့ မဟုတ်တော့ဘူးလေ။ ဒီ့ပြင် အဓိပ္ပာယ်ဖြစ်သွားတာပေါ့။ 'စပါး'ကို အဓိပ္ပာယ်မပြောင်း စေဘဲ၊ မပျက်စေဘဲ ထပ်ခွဲလို့မရဘူးလို့ ဆိုလိုတာပါ။ ကဲ-'စပါး'လိုပဲ 'သတင်း'တို့၊ 'ထမင်း'တို့လည်း ရှေ့အသံတစ်ဝက်ပဲပါတဲ့ အသံနှစ်သံပါတဲ့ ပင်ကိုနာမ်တွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ 'စကား'တို့၊ 'ဖလား'တို့၊ 'ဆရာ' တို့၊ 'တပည့်'တို့လည်း အဲ့ဒီပုံစံမျိုးပါပဲ"

"ဟုတ်တာပေါ့။ 'ကောင်းကင်၊ အာလူး၊ နာရီ၊ လှေကား' ဆိုတဲ့ နာမ်တွေကတော့ နှစ်သံစီပါတယ်။ 'သာလိကာ'တို့၊ 'မာလကာ'တို့၊ 'ကတ္တီပါ'တို့လို သုံးသံစီပါတဲ့ ပင်ကိုနာမ်တွေ လည်းရှိတယ်။ ထပ်ခွဲလို့မရတဲ့ နာမ်တွေပေါ့"

"ဆရာ၊ သဒ္ဒါစာအုပ်ထဲမှာပါတဲ့ 'ပညာ၊ ကရုဏာ၊ ဒုက္ခ' ဆိုတဲ့ ပါဠိစကားတွေ၊ 'ဒရိုင်ဘာ၊ ဒါရိုက်တာ'ဆိုတဲ့ အင်္ဂလိပ်စကားလုံးတွေကိုလည်း ပင်ကိုနာမ်လို့ ယူရမယ်လို့ဆိုထားတယ်နော်။ ဘာဖြစ်လို့ ပင်ကိုနာမ်လို့ ယူရတာလဲဆရာ"

"အဲဒီစကားလုံးတွေက တခြားဘာသာစကားထဲကနေပြီး မြန်မာစကားထဲရောက်လာတဲ့ မွေးစားစကားလုံးတွေလေ။ ပါဠိတို့၊ အင်္ဂလိပ်တို့မှာတော့ တချို့ထပ်ခွဲလို့ ရမှာပေါ့။ ဆိုပါတော့ကွယ် ပါဠိမှာ 'ပညာ'ကို 'ပ'ဆိုတာ အထူးထူးအပြားပြား 'ညာ'ဆိုတာ သိခြင်းဆိုပြီး ခွဲပြတာမျိုးရှိတယ်။ ဒီလိုပဲ အင်္ဂလိပ်မှာ ဒါရိုက်တာကို direct နဲ့ or ဆိုပြီးခွဲလို့ ရတာပဲ မဟုတ်လား။ ဒါပေမယ့် ဒီစကားလုံးတွေက မြန်မာစကားထဲ ရောက်နေပြီဆိုတော့ မြန်မာစကားအနေနဲ့ဆိုရင် ထပ်ခွဲလို့ မရဘူးလေ။ ကျောင်းသားတွေသိရမယ့် အရေးကြီးတဲ့အချက် တစ်ခုပဲ။ ကောင်းပါတယ်"

"အခုဆရာရှင်းပြတော့ ကျွန်မတို့လည်း ပိုပြီးသဘောပေါက်သွားပါတယ်ဆရာ"

"ကဲ... နောက်နာမ်တစ်မျိုးဖြစ်တဲ့ 'ဂုဏ်ရည်ပြနာမ်' ဖွင့်ဆိုချက်ကတော့ ပြဿနာရှိတယ်"

"ဘာပြဿနာပါလဲဆရာ"

"အဲဒီမှာကြည့်လေ။ ဂုဏ်ရည်ပြနာမ်ဆိုတာ ဂုဏ်အရည်အချင်းပြပုဒ်တွေရဲ့ရှေ့မှာဖြစ်ဖြစ်၊ နောက်မှာဖြစ်ဖြစ် ပစ္စည်းဆက်တဲ့နာမ်ကိုခေါ်တယ်လို့ ဖွင့်ထားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဂုဏ်အရည်အချင်းပြပုဒ်ဆိုတာ ဘယ်လိုပုဒ်မျိုးလဲဆိုတာ ကြည့်တော့၊ 'ကောင်း၊ လှ၊ ပျော်၊ နီ၊ ဖြူ၊ အေး၊ ပူ၊ သာယာ၊ ထူးခြား၊ ထင်ရှား၊ ကျော်ကြား၊ ရဲရင့်' ဆိုတဲ့စကားလုံးတွေပြထားတယ်။ ဂုဏ်ရည်ပြပုဒ်လို့လည်းခေါ်တယ်ပေါ့"

"ဟုတ်ပါတယ်ဆရာ"

"ကဲ... ဒီလိုဆိုရင် မေးရဦးမယ်။ ဂုဏ်ရည်ပြပုဒ် ဒါမှမဟုတ်ဂုဏ်အရည်အချင်းပြပုဒ်ဆိုတာ ဝါစင်္ဂကိုးပါးမှာ ဘာဝါစင်္ဂလဲ။ ဝါစင်္ဂ ကိုးပါးထဲမှာ ဂုဏ်ရည်ပြပုဒ်ဆိုတာ ပါလို့လား"

"အင်း... မပါတော့ မပါပါဘူးဆရာ။ ဒါပေမယ့် အဲဒီပုဒ်တွေက နာမဝိသေသနတွေမဟုတ်လားဆရာ"

"ဒါဖြင့် 'နာမဝိသေသန'လို့ ဘာဖြစ်လို့ တိတိကျကျ မဖော်ပြဘဲ ဂုဏ်အရည်အချင်းပြပုဒ်လို့ဖော်ပြရတာလဲ။ ဆဋ္ဌမတန်းနဲ့ သတ္တမတန်း မြန်မာသဒ္ဒါတွေမှာတော့ 'လိမ္မာ၊ ကောင်း၊ မိုက်၊ ချို၊ ခါး၊ ရှည်၊ ရိုင်း၊ ရဲရင့်၊ ကျော်ကြား'ဆိုတဲ့ စကားလုံးတွေကို နာမဝိသေသနလို့ ပြရက်သားနဲ့လေ"

"ဟုတ်တယ်နော်ဆရာ"

"အဲဒီတော့ ဂုဏ်ရည်ပြပုဒ်ဆိုတာ ဝါစင်္ဂကိုးပါးထဲ မပါတဲ့ သီးခြားစကားလုံးအမျိုးအစားတစ်ခုလို့ ထင်စရာဖြစ်နေတာပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဆရာ"

"အဲဒီဂုဏ်ရည်ပြပုဒ်ကို ရှေ့ဆက်ပစ္စည်း အ- ဆက်ရင်ပဲဖြစ်ဖြစ်၊ နောက်ဆက်ပစ္စည်း -မှု-ချက်-ခြင်းတို့ ဆက်ရင်ပဲဖြစ်ဖြစ် ဂုဏ်ရည်ပြနာမ်ဖြစ်လာတယ်လို့ ရှင်းပြတာကတော့ ရှင်းပါတယ်။ 'ဆိုး၊ ကောင်း၊ နီ၊ ဖြူ၊ အေး၊ ပူ' ဆိုတဲ့ အဲဒီ ဂုဏ်ရည်ပြပုဒ်တွေကို အ-ရှေ့ဆက်နဲ့ဆက်ရင် အဆိုး၊ အကောင်း၊ အနီ၊ အဖြူ၊ အအေး၊ အပူဆိုတဲ့ ဂုဏ်ရည်ပြနာမ်တွေဖြစ်တာပေါ့။ အဲဒီလိုပဲ 'ကောင်း၊ ထင်ရှား၊ ထူးခြား' စတဲ့ ဂုဏ်ရည်ပြပုဒ်တွေကို မှု၊ ခြင်း၊ ချက်ဆိုတဲ့ နောက်ဆက်တွေနဲ့ ဆက်ရင်ကောင်းမှု၊ ထင်ရှားခြင်း၊ ထူးခြားချက်ဆိုတဲ့ ဂုဏ်ရည်ပြနာမ်တွေ ဖြစ်တာပေါ့။ အဲဒီလိုနားလည်ရတယ် မဟုတ်လား"

"အဲဒီပုံစံအတိုင်းပဲ ကြိယာနာမ်ဆိုတာကလည်း ကြိယာကို အ-ရှေ့ဆက်ဖြစ်ဖြစ်- ဖွယ်- ချက်- မှု- ခြင်း- စရာ ဆိုတဲ့ နောက်ဆက်တွေဖြစ်ဖြစ်ဆက်ရင် ကြိယာနာမ်ဖြစ်လာတယ်။ 'စား၊ သွား၊ ပြော၊ မြင်'ဆိုတဲ့ ကြိယာတွေက 'အစား၊ အသွား၊ အပြော၊ အမြင်'ဆိုတဲ့ ကြိယာနာမ်တွေဖြစ်လာတယ်။ ကဲ့ရဲ့၊ ပြန်ကြား၊ တီထွင်၊ ခွင့်ပြုပေးဆိုတဲ့ ကြိယာတွေက ကဲ့ရဲ့ဖွယ်၊ ပြန်ကြားချက်၊ တီထွင်မှု၊ ခွင့်ပြုခြင်း၊ ပေးစရာဆိုတဲ့ ကြိယာနာမ်တွေဖြစ်လာတယ်လို့ နားလည်ရတယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် ဂုဏ်ရည်ပြနာမ်နဲ့ ကြိယာနာမ်ခွဲပုံ မပြတ်တာ တွေ့ရတယ်။ ဆက်ပြောကြသေးတာပေါ့"

# ရင်သွေးငယ်အား နို့ချိုတိုက်ကျွေးခြင်းကြောင့် သားအိမ်ပြင်ပတစ်သျှူးများ နာကျင်မှုကိုမဖြစ်စေနိုင်

**ကလျာမိုးမြင့်**

မိခင်တွေအနေနဲ့ မိမိရဲ့ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးခြင်းကြောင့် အင်ဒိုမက်ထရီရောဆစ်(Endometrosis) လို့ခေါ်တဲ့ အပြင်းအထန်နာကျင်ကိုက်ခဲမှုကိုဖြစ်ပွားစေတဲ့ သားအိမ်ပြင်ပတစ်သျှူးများ ကြီးထွားမှုကို လျော့ကျစေနိုင်တဲ့ ဆက်စပ်မှုရှိနေတယ်လို့ လေ့လာမှုအသစ်တွေက ဖော်ပြနေပါတယ်။

အင်ဒိုမက်ထရီရောဆစ်ဟာ အကြောင်းတစ်ခုခုကြောင့် နာတာရှည်ဖြစ်ပွားတတ်တဲ့ဝေဒနာ ဖြစ်ပါတယ်။သုတေသနပြုသူတွေဟာ တစ်ကြိမ်နဲ့ တစ်ကြိမ်ထက်မက ကိုယ်ဝန်ဆောင်ခဲ့ဖူးတဲ့ အမျိုးသမီးပေါင်း ၇၂၃၉၄ ဦးကိုစောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ လေ့လာလိုက်တဲ့အခါမှာ သားအိမ်ပြင်ပတစ်သျှူးများ ကြီးထွားခြင်းကြောင့် အပြင်းအထန်နာကျင်ကိုက်ခဲမှုကိုခံစားရတဲ့သူဟာ ၃၂၉၆ ဦးရှိနေပါတယ်။

မီးဖွားပြီးနောက် လအနည်းငယ်လောက်သာ နို့ချိုတိုက်ကျွေးမှု ပြုလုပ်ခဲ့တဲ့ အမျိုးသမီးတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ ရင်သွေးငယ်ကိုတစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ပိုကြာအောင် နို့ချိုတိုက်ကျွေးတဲ့ အမျိုးသမီးတွေမှာ အင်ဒိုမက်ထရီရောဆစ်ဖြစ်ပွားမှုဟာ ၃၂ ရာခိုင်နှုန်းလောက်အထိ လျော့ကျစေတာကို တွေ့ရှိရပါတယ်။

ဒါပေမယ့်ကလေးမွေးဖွားပြီးနောက် သုံးလလောက်ထပ်တိုးပြီး နို့ချိုတိုက်ကျွေးတဲ့အခါမှာ နာကျင် ကိုက်ခဲမှုဟာ ရှစ်ရာခိုင်နှုန်းလောက် လျော့နည်းသွားစေတယ်လို့ ဖော်ပြထားပါတယ်။ ခန္ဓာကိုယ်အလေးချိန်၊ ဆေးလိပ်သောက်သုံးခြင်း၊ ပင်္ဂသန္ဓေတားဆေးများသုံးစွဲခြင်းနဲ့ တခြားအကြောင်းအရာတွေကိုပါ ထိန်းချုပ်ပြီး ချိန်ထိုးလေ့လာမှုတွေ ပြုလုပ်ခဲ့ပေမယ့် ဒီလိုဖြစ်ပွားမှုဟာ နို့ချိုတိုက်ကျွေးမှုတစ်မျိုးတည်းနဲ့ပဲဆက်စပ်နေတာကိုတွေ့ရှိခဲ့ရတယ်လို့ လေ့လာမှု အဖွဲ့က ဆိုပါတယ်။ ကျန်တဲ့အကြောင်းအရာတွေကတော့ သိပ်ပြီးမသက်ဆိုင်ဘူး လို့သိရပါတယ်။

နို့ချိုတိုက်ကျွေးတာဟာ ပင်္ဂသန္ဓေတားဆေးသုံးစွဲမှုနဲ့ ဆေးလိပ်သောက်တာကို အချိန်ကာလတစ်ခု အထိ ရပ်နားလိုက်တာက သားအိမ်ပြင်ပတစ်သျှူးတွေ ကြီးထွားမှုကြောင့် အပြင်းအထန် နာကျင်ကိုက်ခဲတာကို လျော့ကျသွားစေတယ်လို့ ဆိုထားပြန်ပါတယ်။ ဒါ့အပြင် နို့ချိုတိုက်ကျွေးခြင်းဟာ ရာသီသွေးစီးဆင်းမှု ရပ်နားသွားခြင်းကိုလည်း ပိုမိုအချိန်ကြာမြင့်အောင်အချိန်ဆွဲထားစေနိုင်ပါတယ်။

နို့ချိုတိုက်ကျွေးတာနဲ့ပတ်သက်ပြီး ဘယ်လောက်သိရှိခဲ့သလဲဆိုတဲ့အချက်အပေါ်မှာ ဒီလေ့လာတွေ့ရှိမှုက အခြေခံထားတာဖြစ်ပြီး ကလေးအတွက်ရော မိခင်အတွက်ပါ ကောင်းကျိုးဖြစ်စေမယ့်



အချက်တစ်ခုဖြစ်တယ်လို့ ဘော့စတွန် အမျိုးသမီးဆေးရုံက ဆေးသုတေသန ပညာရှင် လက်စလီဗွိဖာလန်ကပြောကြားခဲ့ပါတယ်။ **(နယူးယောက်တိုင်းမ်)**

# ဆည်မြောင်းဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့် ငွေပမာဏနှင့် စပ်လျဉ်း၍ မကျေနပ်သူသည် ရက်ပေါင်း၃၀ အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ငွေပမာဏနှင့် စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဂ) ခရိုင်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်သည်။

**အခန်း (၁၂)**

**တားမြစ်ချက်များ**

၃၉။ မည်သူမျှဆည်မြောင်း သို့မဟုတ် လယ်ကြား မြောင်းကို ပျက်စီးစေခြင်း၊ ပြောင်းလဲစေခြင်း၊ ချဲ့ထွင်ခြင်း သို့မဟုတ် တားဆီးပိတ်ဆို့ခြင်း မပြုရ။

၄၀။ မည်သူမျှဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်း ရေပေးဝေမှု သို့မဟုတ် ယင်းတို့မှပုံမှန်ရေစီးဆင်းမှုကို နှောင့်ယှက်ခြင်း၊ ပိုမိုများပြားအောင်ပြုလုပ်ခြင်း သို့မဟုတ် ယုတ်လျော့အောင် ပြုလုပ်ခြင်းမပြုရ။

၄၁။ မည်သူမျှ လယ်ကြားမြောင်းမှရေကို အကျိုးမဲ့ဖြစ်စေခြင်း၊ ရေပေးဝေမှုကို နှောင့်ယှက်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရရှိသည့် နည်းလမ်းဖြင့် ရေကိုအသုံးပြုခြင်းမပြုရ။

၄၂။ မည်သူမျှဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်း အတွင်းသို့ဆင်း၍ ရေချိုးခြင်း၊ ပစ္စည်းတစ်ခုခုကို လျှော်ဖွပ် ဆေးကြောခြင်း၊ ငါးပုစွန်ဖမ်းခြင်း၊ ရေကို ညစ်ညမ်းစေခြင်း သို့မဟုတ် တိရစ္ဆာန်များကို ရေတိုက်ခြင်းမပြုရ။

၄၃။ မည်သူမျှခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းအတွင်းသို့ ရေယာဉ်ဖြင့် ဝင်ရောက်ခြင်း၊ သွားလာခြင်း သို့မဟုတ် ရပ်နား ခြင်းမပြုရ။

၄၄။ မည်သူမျှဆည်မြောင်း နယ်နိမိတ်အတွင်း ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၄၅။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းနယ်နိမိတ်တိုင်၊ ရေပြင်အနိမ့်အမြင့်တိုင်းမှတ်တိုင် သို့မဟုတ် ရေတိုင်းမှတ်တိုင်တစ်ခုခုကို ဖျက်ဆီးခြင်း သို့မဟုတ် ရွှေ့ပြောင်းဖယ်ရှားခြင်းမပြုရ။

၄၆။ မည်သူမျှခွင့်ပြုချက်မရှိဘဲ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်း၏ လုပ်ငန်းများ၊ ရေမြောင်းများကို ဖြတ်သန်းခြင်း၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရေယာဉ်များ မောင်းနှင်ခြင်းမပြုရ။

၄၇။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းနယ်နိမိတ် သို့မဟုတ် မြောင်းပေါင်များပေါ်တွင် ယာဉ်များဖြတ်သန်း မောင်းနှင်ခြင်း၊ စက်ယန္တရားတစ်စုံတစ်ရာ တပ်ဆင်အသုံးပြုခြင်းမပြုရ။

၄၈။ မည်သူမျှ မြောင်းပေါင်ပေါ်တွင် တိရစ္ဆာန်များ လွှတ်ကျောင်းစားကျက်ချခြင်း မပြုရ။

၄၉။ မည်သူမျှဆည်မြောင်းပေါ်တွင် ရေတိုက်စားမှုကာကွယ်ရန် ဦးစီးဌာနက ထိန်းသိမ်းထားသော မြက်ပင်၊ ကိုင်းပင်နှင့် အကာအကွယ်ပစ္စည်းတို့ကို ဖျက်ဆီးခြင်း မပြုရ။

**အခန်း (၁၃)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၅၀။ မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၆၊ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်တစ်သိန်းထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၅၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၃။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ)အရ တာဝန်ပေးအပ်ခြင်းခံရသူများသည် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ ရေကို ခွင့်မပြုသောနည်းလမ်းဖြင့် သုံးစွဲမှုနှင့်ရေ ဆုံးရှုံးမှုတို့အတွက် တာဝန်ရှိသူကို တရားစွဲဆိုနိုင်သည့်အပြင် ပုံမှန်ကောက်ခံသော ရေခွန်လည်း စည်းကြပ်ကောက်ခံနိုင်သည်။

၅၅။ The Canal Act.(Burma Act II, 1905.) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လျှင်လေ့ကျင့်ခန်းမှ အသက်ရှင်ခဲ့ကြသော ကလေးငယ်များ

**လှလှအောင်**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၁ ရက် တနင်္လာနေ့ ည ၉ နာရီမတိုင်ခင် ညစာစားသောက်နေချိန် ငလျင်ပမာဏ ၄ ဒသမ ၂၊ အနက် ၉ ဒသမ ၃ ကီလိုမီတာ အီတလီနိုင်ငံ နေပဲလ်မြို့၏ ကမ်းလွန်ကျွန်းပေါ် ရှိ အစ်ချီးယားမြို့၏ မြောက်ဘက်လေးကီလိုမီတာ အကွာ မြောက်လတ္တီကျူတွင် ၄၀ ဒသမ ၇၈၀ ဒီဂရီ၊ အရှေ့လောင်ဂျီကျူတွင် ၁၃ ဒသမ ၉၄၅ ဒီဂရီကိုဗဟိုပြု၍ ငလျင်လှုပ်ခဲ့ကြောင်း သတင်းမီဒီယာများမှ သိရသည်။ သတင်းအရ လူနှစ်ဦးသေဆုံး၍ ၃၉ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆောက်အအုံခြောက်လုံးနှင့် ဘုရားရှိခိုးကျောင်းတစ်ကျောင်း ပျက်စီးခဲ့ရသည်။ ငလျင် ပမာဏမှာ ၄ ဒသမ ၂ သာရှိသော်လည်း ငလျင်အနက် အလွန်တိမ်သောကြောင့် ပျက်စီးမှု အတိုင်းအတာကြီးသည်ဟု ဆိုရမည်။ အစ်ချီးယားမြို့ကလေးသည် ရှေးသမိုင်းဝင်အဆောက်အအုံများပေါများသဖြင့် ကမ္ဘာလှည့် ခရီးသွားခြင်း လုပ်ငန်းဖြင့် စည်ကားသောမြို့ကလေးဖြစ်သည်။ လူဦးရေ ၆၉၀၀၀ သာရှိသည်။ မြို့တည်ရှိရာ ဒေသသည် မြေထဲပင်လယ်အောက်ထဲတွင် တည်ရှိပြီး ငလျင်လှုပ်လေ့ လှုပ်ထရှိသော မြေထဲပင်လယ်ထိုးစိုက်ဇုန်နေရာဖြစ်သည့်အတွက် မြေထဲပင်လယ်ဘေးပတ်လည် တစ်ဝိုက်တွင်လည်း ငလျင်ပမာဏ ၈ ဒသမ ၀၊ ၇ ဒသမ ၅ ကျော် ငလျင်ကြီးများလှုပ်ခဲ့ဖူးသည်။ တစ်ခါတစ်ရံ ဆူနာမီဖြစ်ပေါ်တတ်ကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရှိရသည်။

ဤငလျင်ပမာဏ ၄ ဒသမ ၂ နှင့် လှုပ်သွားခဲ့သောကြောင့် အဆောက်အအုံခြောက်လုံးပြိုကျ၍ အုတ်ပုံကြီးများအောက်တွင်လည်း လူအတော်များများ ပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။ အသက်ကယ်ဆယ်ရေးအဖွဲ့များက အပူတပြင်းရှာဖွေနေဆဲဖြစ်သည်။

ဤသတင်းများတွင် စိတ်ဝင်စားဖွယ်သတင်းလေးတစ်ပုဒ်သည် ဤငလျင်သတင်းနှင့်အတူ လူအများစိတ်ဝင်စားကျော်ကြားသွားခဲ့သည်။ ထိုဖြစ်ရပ်မှာ နှစ်ထပ်တိုက်ကလေးတစ်လုံး ဤငလျင်ကြောင့် အပေါ်ထပ်အခင်းပြိုကျရာ ရေချိုးခန်းထဲရှိ မိခင်မှာ ပြတင်းပေါက်မှ ထွက်ပြေးလွတ်မြောက်သွားပုံ၊ မီးဖိုခန်းထဲတွင်ရှိနေသော ခုနစ်လသားလေး "ပတ်စကွေး" ဆိုသူမှာ အုတ်ပုံများ အောက်ရောက်ရှိပြီး အုတ်ပုံအောက်မှ အောင်မြင်စွာ အသက်ရှင်လျက် ဆွဲထုတ်ယူနိုင်ခဲ့ပုံ၊ အကြီးညီအစ်ကိုနှစ်ဦးဖြစ်သော "ဆာရို"နှင့် "မက်တီရက်စ်" တို့ကိုလည်း ဖခင်ဖြစ်သူနှင့်အတူ အုတ်ပုံများအောက် အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း သတင်းသည် ကမ္ဘာကျော်သွားစေသည့် ဖြစ်ရပ်ကလေးဖြစ်သည်။ မိသားစုဝင်အားလုံး ငလျင်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။ ကံကောင်းလေစွ၊ အဆိုပါ အစ်ချီးယားငလျင်အကြောင်း စီအန်အန်သတင်း၊ ဘီဘီစီသတင်း၊ ပြည်တွင်းသတင်းများထဲမှ သိလိုက်သော သတင်း စကားတစ်ရပ်သည် စာရေးသူအတွက် တအံ့တသြဖြစ်မိသည်။ ယင်းမှာ " The two elder brothers hid under a bed after the first tremor on Monday night" ညီအစ်ကိုသုံးဦးအနက် အငယ်ဆုံးလသားအရွယ် ညီတစ်ဦးမှလွဲ၍ ညီအစ်ကိုနှစ်ဦးမှာ ငလျင်အကြောင်း နားလည်သဘောပေါက်ရုံမက ငလျင်လှုပ်လျှင် မည်သို့ပြုမူ ဆောင်ရွက်ရမည်ကို လျှပ်တစ်ပြက် မှတ်ဉာဏ်တွင်ရှိထားပြီး ဖြစ်လိမ့်မည်။ အခိက ငလျင်မလှုပ်ခင်ရှေ့ပြေးငလျင်ငယ်များ လှုပ်တတ်ကြောင်း၊ သုံးကြိမ်မျှလှုပ်တတ်ကြောင်း သိထားသော

**ငယ်ရွယ်သူကလေးငယ်များကို စာသင်ကျောင်းများမှာ ငလျင်အကြောင်း သင်ကြားနာယူထားစေရုံမက အသိအမြဲ ရှိနေစေသည်မှာလည်း အတုယူစရာဖြစ်နေသည်။ လက်တွေ့လေ့လာမှုများ၊ ငလျင်ဗဟုသုတများ၊ ငလျင်ဖြစ်ရပ်မှန်များကို ဗီဒီယိုရိုက်ချက်၊ ငလျင်လှုပ်ပုံ ပုံစံ၊ ငလျင်လှုပ်ခဲ့သောနေရာ စသည့်လေ့လာမှုများကိုပါ အပြည့်အဝ နားလည်စေရန် သင်ကြားထားပုံရသည်**



အီတလီနိုင်ငံ၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က ငလျင်လှုပ်အပြီး အပျက်အစီးများကို တွေ့ရစဉ်

ကလေးငယ်များသည် ပထမဆုံးသော သိမ့်ခနဲလှုပ်သည်ကို ခံစားလိုက်ရချင်းပင် ခုတင်အောက်သို့ တိုးဝင်ပုန်းအောင်းလိုက်ကြပုံရသည်။ ငလျင်တကယ်လှုပ်သည်နှင့် အပေါ်ထပ်အခင်းပြိုကျ အကျိုးအပဲ့အပျက်စီးများ ၎င်းတို့အပေါ် ကျရောက်ဖုံးအုပ်ခဲ့သော်လည်း ၎င်းတို့၏ အသိတရားဖြစ်သော ခုတင်ကြောင့် အသက်ရှင်ခဲ့ကြကြောင်း ထင်ရှားပေါ်လွင်လှသည်။

ဤဖြစ်ရပ်မှ သင်ခန်းစာယူစေချင်သည်မှာ ငလျင်ကိုကြောက်လျှင် ငလျင်မှ ကာကွယ်စေနိုင်သော ကြိုတင်ပြင်ဆင်ခြင်းလုပ်ဆောင်ချက်ဖြစ်သည်။ ထိုင်ချ-ခိုလှုံ-ငြိမ်နေ (drop -cover-holdon)ဆိုသည့် ငလျင်လေ့ကျင့်ခန်းကို အချိန်ရတိုင်း လေ့ကျင့်ထားသင့်ပါသည်။ ယခုဖြစ်ရပ်မှန်ကို နမူနာယူလေ့ကျင့်စေလိုသည်။ မကြာခဏ သတင်းစာတွင် စာမူရေး၍ဖြစ်စေ၊ TV Media က အသိပေးခြင်းဖြင့်ဖြစ်စေ၊ ငလျင်ဟောပြောပွဲများတွင်ဖြစ်စေ၊ ဤငလျင်လေ့ကျင့်ခန်းအကြောင်းကို ဝိုင်းဖွဲ့၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လေ့ကျင့်သင့်ကြောင်းထည့်သွင်း ပြောလေ့ရှိသည်။ အချို့တုံ့ပြန်မှုတွင် ငလျင်လှုပ်လျှင် ဘာမှမလုပ်နိုင် ထွက်ပြေးဖို့သာ ရှိသည်ဟုလည်း ပြောလေ့ရှိတတ်သည်။ အသက် ၈ နှစ်နှင့် ၁၁ နှစ်ကလေးငယ်များ၏ ငလျင်လေ့ကျင့်မှု၊ ငလျင်အကြောင်း နားလည်သဘောပေါက်မှုသည် လေးစားအတုယူလောက်စရာဖြစ်သည်။

၂၀၀၄ ခုနှစ် ဆူမတြားငလျင်ကြီး လှုပ်စဉ်ကလည်း တီလီစမစ်ဆိုသူ မိန်းကလေးငယ်တစ်ဦး၏ ငလျင်အသိရှိမှုကြောင့် သူနှင့်သူ့ပတ်ဝန်းကျင်မှ လူများဆူနာမီလှိုင်းမှ လွတ်ကင်းခဲ့ရဖူးသည်။ ကျောင်းမှာ သင်ကြားထားသော ငလျင်အကြောင်း၊ ဆူနာမီအကြောင်းများကို နားလည်သဘောပေါက်နေ၍ ဖြစ်သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၂ ရက် ငလျင်သည် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခဲ့သော လူပေါင်း ၃၀၀ ကျော် ဆုံးရှုံးခဲ့သည့်ငလျင်နှစ်ပတ်လည် မရောက်ခင် နှစ်ရက်အလိုတွင် လှုပ်သွားသော ငလျင်ဖြစ်သည်။

ငလျင်ကို လှုပ်စေသော ပြတ်ရွေ့မှာ ၂၀၁၆ ခုနှစ် ငလျင်ကဲ့သို့ သာမန်ပြတ်ရွေ့ (Normal Fault) ၏ အရွေ့ကြောင့်ဟု သိရသည်။

ဤကဲ့သို့ ငယ်ရွယ်သူကလေးငယ်များကို စာသင်ကျောင်းများမှာ ငလျင်အကြောင်း သင်ကြားနာယူထားစေရုံမက အသိအမြဲ ရှိနေစေသည်မှာလည်း အတုယူစရာဖြစ်နေသည်။ လက်တွေ့လေ့လာမှုများ၊ ငလျင်ဗဟုသုတများ၊ ငလျင်ဖြစ်ရပ်မှန်များကို ဗီဒီယိုရိုက်ချက်၊ ငလျင်လှုပ်ပုံ ပုံစံ၊ ငလျင်လှုပ်ခဲ့သောနေရာ စသည့်လေ့လာမှုများကိုပါ အပြည့်အဝနားလည်စေရန် သင်ကြားထားပုံရသည်။

ခ ရီး သွား ဆောင်း ပါး

# ကြို့ပင်ကောက်သို့ တစ်ခေါက်ရောက်ခဲ့ရာဝယ်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန်-ပြည်ကားလမ်းအတိုင်း မောင်းနှင်လာသော ကျွန်တော်တို့ ကားက သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖိုမြို့များ ကျော်ဖြတ်ပြီးနောက် ကြို့ပင်ကောက်မြို့သို့ နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိလာသည်။ ထူးခြားသော မြို့အမည်ကြောင့် ကျွန်တော်စိတ်ဝင်စားနေခဲ့သည်မှာ ကြာပြီ ဖြစ်သော်လည်း တစ်ကြိမ်မျှမရောက်ဖြစ်ခဲ့။ ယခုတော့ ကြို့ပင်ကောက်မြို့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့လေပြီ။

ကြို့ပင်ကောက်မြို့တွင်းသို့ကားဖြင့် ဖြည်းဖြည်းမောင်းရင်း ဝင်ရောက်ခဲ့ရာ ကောင်းမွန်သပ်ရပ်သောအိုးအိမ်ကောင်းများကို တွေ့မြင်ရသည်။ ရှေးခေတ်ဟောင်းအိုးအိမ်အချို့ကိုလည်း တွေ့ရပြီး နေအိမ် တိုက်အသစ်အချို့လည်း မြင်တွေ့ရသဖြင့် ကြို့ပင်ကောက်မြို့က ယခင်ကထက် တိုးတက်ဖွံ့ဖြိုး လာသည်ဟုခံစားမိသည်။ နိုင်ငံတစ်ဝန်းမြို့ရွာ နေရာဒေသအများ အပြားသို့ ကျွန်တော်ရောက်ခဲ့ဖူးသည်ဖြစ်ရာ မြို့များဖွံ့ဖြိုး စည်ပင်လာမှုကို တွေ့မြင်ခဲ့ရသည်ကအမှန်ပင်။

တကယ်တော့ကြို့ပင်ကောက်သည် ယခင်ကကျေးရွာငယ် တစ်ရွာမျှသာဖြစ်သည်။ သာယာဝတီခရိုင်အတွင်းတည်ရှိပြီး ရွာ၌ရှိသည့် ကောက်ကွေးနေသော ကြို့ပင်ကြီးကိုအစွဲပြုကာ ကြို့ပင်ကောက်ရွာဟုခေါ်ခဲ့ခြင်းကြခြင်းဖြစ်ကြောင်း လေ့လာခဲ့ဖူးသည်။ ၁၈၈၈ခုနှစ်တွင်ကျေးရွာအဖြစ်မှ ကြို့ပင်ကောက်မြို့အဖြစ်သတ်မှတ် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကြို့ပင်ကောက်မြို့ကော်မတီကို ဖွဲ့စည်းခဲ့ရာတွင်လည်း ကြို့ပင်ကောက်နယ်ပိုင် ဝန်ထောက်၊ ကြို့ပင်ကောက်မြို့သူကြီး၊ ဝတ်လုံဦးသာမြတ်၊ ပွဲစားဦးရွှေဝိုင်း၊ ကုန်သည်ဦးအောက်ချင်း၊ ဦးတိုးနှင့် ဦးအိုတို့ဖြစ်ကြောင်း သမိုင်းမှတ်တမ်းတစ်ခု၌ လေ့လာခဲ့ဖူးသည်ကို ပြန်အမှတ်ရနေမိသည်။ ကြို့ပင်ကောက်မြို့ မြူနီစီပယ်အဖွဲ့ကို ၁၉၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်ကိုလည်း အမှတ်ရမိသည်။

ကျွန်တော်တို့ကြို့ပင်ကောက်မြို့အရှေ့ဘက်တွင် မဟာလောကသီရိဘုရားကြီးနှင့် မြို့အနောက်ဘက်၌ မဟာစန္ဒာသီဟဘုရားကြီးတို့ကို သွားရောက်ဖူးမြော်ရန်ထွက်လာခဲ့ကြသည်။ မကြာမီအချိန်အတွင်း ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် အရှေ့ဘုရားကြီးလမ်းတွင်ရှိသော မဟာစန္ဒာသီဟဘုရားသို့ ရောက်ရှိခဲ့သည်။ စုလစ်မွမ်းချွန်းပြာသာဒ်သုံးဆင့်၊ ပြာသာဒ်သုံးခုကို အဝင်မုခ်ဦးဝအပေါ်၌ပင် တွေ့မြင်ရသည်။ ရွှေရောင်နှင့် နီညိုရောင်ဖြင့် ဆေးသုတ်ခြယ်သထားသဖြင့် တွေ့ရသည်နှင့် မျက်စိပသာဒရှိလှသည်။

တန်ဆောင်းအတိုင်းဝင်ရောက်လာသော ကျွန်တော်တို့က မဟာစန္ဒာသီဟဘုရားကြီးရှေ့အရောက်တွင်ရှိခိုးဖူးမြော်လိုက်သည်။ မဟာစန္ဒာသီဟ ဘုရားကြီးမှာ ၁၈၉၈ခုနှစ် မတ် ၁၄ ရက်တွင် ဘုရားဒကာ ဦးရွှေဖူး၊ ဒေါ်ရှုတ်တို့က ကြေးအလေးချိန် ၆၀၀၀ ပိဿာ၊ တန်ဖိုးကျပ် ၁၈၀၀၀ ဖြင့်သွန်းလောင်းခဲ့သည်။ ကြည်ညိုသပ္ပာယ်စရာကောင်းသော ဗုဒ္ဓဆင်းတုတော်ဖြစ်ပြီး ဉာဏ်တော် ၁၂ တောင်၂မိုက်ရှိသဖြင့် ဖူးမြော်ရသည်မှာ ကြည်ညိုသဒ္ဓါပွားများစိတ်ဖြစ်ရသည်။ ကျွန်တော်တို့ရောက်ချိန်တွင် ဘုရားဖူးလာသူအချို့ကိုတွေ့ရသဖြင့် မေးကြည့်ရာ ကြို့ပင်ကောက် မြို့သူမြို့သားများဖြစ်ကြောင်း သိရသည်။ ပွင့်လင်းရာသီတွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးများလာရောက်ကြသည်ဟုဆိုသည်။ မြန်မာနိုင်ငံတစ်ဝန်း မြို့တိုင်းရွာတိုင်း၌ စေတီ၊ ပုထိုးမရှိသည့် မြို့ရွာမရှိသဖြင့် ဗုဒ္ဓဘာသာတိုးတက်ထွန်းကားပြန့်ပွားရေးအတွက် ခေတ်အဆက်ဆက်ကြိုးစား ဆောင်ရွက်သွားရမည်မှာ ယနေ့ခေတ်လူငယ်များ တာဝန်လည်းဖြစ်ကြောင်း တွေးနေမိပြန်သည်။

အတန်ကြာဖူးမြော်ကြည်ညိုပြီးနောက် မဟာလောကသီရိဘုရားကြီးတည်ရှိရာသို့ ကျွန်တော်တို့ထွက်လာခဲ့ကြသည်။ လမ်းတွင် ကြို့ပင်ကောက်မြို့ သူမြို့သားများ၏ သွားလာလှုပ်ရှားမှုများကိုတွေ့ရသည်။ စိုက်ပျိုးရေးအခြေခံလုပ်ကိုင်ကြသည်ဖြစ်ရာ စိုက်ပျိုးသီးနှံထွက်ရှိမှုလည်း ကောင်းကြောင်း၊ ယခုနှစ် မိုးမှန်သည်ဖြစ်ရာ တောင်သူများအခြေအနေကောင်းနိုင်ကြောင်း သတင်းစကားကြားခဲ့ရသည်။

ကြို့ပင်ကောက်မြို့အဝင် ရန်ကုန်-ပြည်ကားလမ်းအနီးတည်ထားသော မဟာလောကသီရိဘုရားကြီးသို့ ရောက်ရှိလာခဲ့သည်။ ကြေးပိဿာချိန် ၇၀၀၀၊ ငွေဒင်္ဂါး နှစ်သောင်းကျော်အကုန်အကျခံကာ ဘုရားဒကာ ဦးအောင်ချင်း၊ ဒေါ်ဘုံတို့ ၁၈၉၇ခုနှစ် ဇူလိုင် ၁၃ ရက်က သွန်းလုပ်လှူဒါန်းခဲ့သော ဗုဒ္ဓရုပ်ပွားတော်ဖြစ်ရာနှစ်ပေါင်း ၁၂၀ကျော်ရှိပြီဖြစ်သော ဘုရားကြီးလည်းဖြစ်သည်။ ရန်ကုန်-ပြည်ကားလမ်းအနီး တည်ရှိသောကြောင့် ဘုရားဖူးများအလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်လေသည်။ ဘုရားဖူးလာသူရှင်းနေသဖြင့် ဖူးမြော်အာရုံပြုရသည်မှာ စိတ်အေးချမ်းမှုဖြစ်ရသည်။ ရှေးခေတ်ငွေကြေးတတ်နိုင်သူများက သဒ္ဓါတရားထက်သန်စွာ တည်ထား လှူဒါန်းခဲ့ကြခြင်းဖြစ်ရာ သာခုခေါ်မိသည်။

**တကယ်တော့ကြို့ပင်ကောက်သည် ယခင်ကကျေးရွာငယ် တစ်ရွာမျှသာဖြစ်သည်။ သာယာဝတီခရိုင်အတွင်းတည်ရှိပြီး ရွာ၌ရှိသည့်ကောက်ကွေးနေသောကြို့ပင်ကြီးကိုအစွဲပြုကာ ကြို့ပင်ကောက်ရွာဟုခေါ်ခဲ့ခြင်းကြခြင်းဖြစ်ကြောင်း လေ့လာခဲ့ဖူးသည်။ ၁၈၈၈ခုနှစ်တွင် ကျေးရွာအဖြစ်မှ ကြို့ပင်ကောက် မြို့အဖြစ်သတ်မှတ်တည်ထောင်ခဲ့ခြင်းဖြစ်သည်။**

ကျွန်တော်တို့ မဟာလောကသီရိဘုရားကြီးအား ဖူးမြော်ပြီးခေတ္တထိုင်ကာလေ့လာမိသည်။ ကြို့ပင်ကောက်မြို့ရှိ အထင်ကရဘုရားကြီးဖြစ်သော မဟာလောကသီရိဘုရားကြီးအား ထိုခေတ်၊ ထိုအခါကာလက တော်ရုံ သဒ္ဓါတရားဖြင့် သွန်းလုပ်လှူဒါန်းနိုင်ရန်မလွယ်။ ငွေကြေးအင်အား၊ စိတ်စေတနာ၊ ကုသိုလ်ဒါနပြုစိတ်တို့ ကြီးမားမှသာဖြစ်နိုင်မည်ဟု တွေးနေမိသည်။ ရန်ကုန်နှင့်ကြို့ပင်ကောက်မြို့တို့မှာ ကားလမ်း ၁၂၂ မိုင်ရှိပြီး ရထားလမ်း ၁၁၉မိုင်ရှိသဖြင့် ခရီးမဝေး၊ ရန်ကုန်-ပြည်ကားလမ်းက ကောင်းမွန်ချောမွေ့သည်ဖြစ်ရာ ခရီးလမ်းပန်းသွားလာရေး အဆင်ပြေသောမြို့လည်းဖြစ်ကြောင်း သတိပြုမိသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့်ပင် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့မြှင့်တင်လုပ်ကိုင်လာသည်ကို ကြို့ပင်ကောက်မြို့တွင် တွေ့ခဲ့ရသည်။ ကျွန်တော်တို့ ကြို့ပင်ကောက် မြို့တွင်းသွားလာစဉ် ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံကို ထည်ထည်ဝါဝါတည်ဆောက်ထားသည်ကို တွေ့ရသည်။ အထူးကုဆရာဝန်ကြီးများက လာရောက်ကုသပေးလျက်ရှိကြောင်းသိရသဖြင့် မြို့နေလူထုနှင့်အနီးဝန်းကျင်မှ ကျေးလက်နေပြည်သူများအတွက် အစိုးရပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံတို့ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်လျက်ရှိသည်။

ကြို့ပင်ကောက်မြို့အကြောင်းတွေးနေရာမှ ကြို့ပင်ကောက်ဇာတိထင်ရှားသူအချို့ကိုသတိရမိပြန်သည်။ နိုင်ငံရေးသမားကြီးဘကြီးဘဘော၊ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မင်းခေါင်၊ သတင်းဆရာ ဦးယုမောင်၊ ပြည်သူ့ရဲဘော် ဥက္ကဋ္ဌဗိုလ်မှူးဖိုးကွန်းတို့မှာ တိုင်းပြည်အတွက် တတ်စွမ်းသမျှအကျိုးပြုခဲ့သူများဖြစ်ရာ ကြို့ပင်ကောက်မြို့က အစဉ်အလာကောင်းသည့် မြို့လည်းဖြစ်သည်။

ကျွန်တော်တို့မဟာသီရိလောက ဘုရားပေါ်တွင် ထိုင်နေစဉ် အနီးတွင် အသက် ၇၅နှစ်အရွယ်အဘိုးတစ်ဦး ထိုင်နေသည်ကို သတိပြုမိသဖြင့် ကြို့ပင်ကောက်မြို့ဝန်းကျင်တွင် စိတ်ဝင်စားစရာနေရာများရှိမရှိ မေးမြန်းကြည့်ရာ "ရှိတာပေါ့ သာယာဝတီမြို့ဟောင်းရှိတယ်လေ"ဟု ဆိုသဖြင့် စိတ်ဝင်စားသွားသည်။ ကျွန်တော်တို့သွားလို့ရမလား ဘယ်လောက်ဝေးပါသလဲ"ဟု မေးမြန်းရာ ရှစ်မိုင်ခန့်ဝေးကြောင်း၊ သွားလျှင် အချိန်နည်းနည်းကြာနိုင်ကြောင်း ပြောပြသည်။ အတူလိုက်ပါလာသော ကိုသိန်းထွန်းတို့ကို ဆန္ဒယူကြည့်ရာ ရန်ကုန်အပြန်မိုးချုပ်နေမည်၊ နောက်တစ်ခေါက်မှ သာယာဝတီမြို့ဟောင်းကိုသီးသန့်လာရောက်မည်ဟုဆိုသဖြင့် သွားရောက်သည့်အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

သာယာဝတီမြို့ဟောင်းနှင့် ပတ်သက်ပြီးအဘိုးအားသိလိုသည်များကို မေးမြန်းခဲ့ရာ အဘိုးဦးရင်မောင်က စိတ်ရှည်စွာ ပြောပြခဲ့သည်ကိုမှတ်သားခဲ့ရသည်။ သာယာဝတီမြို့ဟောင်းက စိတ်ဝင်စားစရာကောင်းသလို လူသိနည်းသည့်မြို့ဟောင်းတစ်ခုလည်းဖြစ်နေသည်။ သာယာဝတီမြို့ဟောင်းမှာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့အရှေ့ဘက် ရှစ်မိုင်ခန့်အကွာတွင် တည်ရှိကာ ယခုမြို့တွင်းရွာအနီး၌ ရှိနေခြင်းဖြစ်သည်။ မြို့တွင်းရွာသည်လည်း သာယာဝတီမြို့ဟောင်းအတွင်းတည်ရှိကာ နန်းဦးစေတီတော်မှာမြို့တွင်းရွာအနီးတွင် တည်ရှိကြောင်းသိရသည်။




သာယာဝတီမြို့ဟောင်းများမှာ အေဒီ ၁၂၉၄ ခုနှစ်၌ ပုဂံပြည်တွင် နရသီဟပတေ့မင်းနန်းတက်ခဲ့ပြီး ၂၉နှစ်အကြာတွင် တရုတ်တို့နှင့် စစ်မက်ဖြစ်ပွားခဲ့ရာ ကျစွာမင်းမှဆင်းသက်လာသော ညီအစ်ကိုဝမ်းကွဲမင်းသားတစ်ပါးကျဆုံးခဲ့သည်။ ထိုမင်းသားတွင် သားသမီး ငါးဦးကျန်ရစ်ခဲ့ရာ မောင်မောင်ကြီး၊ မောင်မောင်လတ်၊ မောင်မောင်ငယ်၊ မယ်စောလှနှင့် မယ်စောမှန်တို့ ဖြစ်ကြသည်။ မောင်မောင်ကြီးမိသားစုမှာ ရောဝတီဖြစ်ကြောင်း အတိုင်းအောက်ပြည်သို့ စုန်ဆင်းလာရာ တောင်ညိုဒေသသို့ရောက်ရှိခဲ့သည်။ တောင်ညိုဒေသဥတရာမြို့အနီး ခေတ္တစခန်းချကာ ပျူအမျိုးအနွယ်များနှင့် ပြန်ဆုံတွေ့ခဲ့ကြသည်။

စခန်းချရာနေရာသည် သာယာအေးချမ်းပြီးလုံခြုံမှုရှိသဖြင့် ပထမဦးစွာသာယာဝတီရွာကို တည်ထောင်ခဲ့ရာမှ နောက်ပိုင်း သာယာဝတီ နန်းမြို့ကိုတည်ထောင်ခဲ့ခြင်းဖြစ်သည်။ မောင်မောင်ကြီးလည်း သတိုးနော်ရထာအမည်ဖြင့် တောင်ညိုမြို့ ကျောက်စောင်းမြို့နှင့်သာယာဝတီ နန်းမြို့တို့ကို ပူးပေါင်းအုပ်ချုပ်ခဲ့သဖြင့် သုံးမြို့ရှင်ဘွဲ့ခံယူခဲ့ကြောင်းသိရသည်။ ဤသို့ဖြင့်သာယာဝတီနန်းမြို့တော်နှင့် သာယာဝတီမင်းဆက် စတင်ခဲ့ခြင်းဖြစ်သည်။

သာယာဝတီမင်းဆက်သည် မင်းဆက်ပေါင်း ၂၅ ဆက်အထိ ရှည်လျားခဲ့သည်။ သာယာဝတီမြို့ဟောင်းမှာမြို့ရိုးနှင့် အနောက်မြို့ရိုးအကွာမှာ ပေ ၇၀၀၀ ခန့်ရှိပြီး အနောက်ဘက် ပေ ၂၉၅၀၊ အရှေ့ဘက်တွင် ပေ ၄၀၀၀ နှင့် တောင်မြောက် အကျဉ်းဆုံးနေရာမှာ ပေ ၁၃၅၀ ပေ ရှိကြောင်းသိရသည်။

သာယာဝတီမြို့ဟောင်း မြို့ရိုးအတွင်း ဧရိယာသည် ၃၉၅ဧကခန့်ရှိပြီး စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့မှုအနေအထားရှိကြောင်း၊ လက်ရှိ အချိန်အထိ နန်းဦးစေတီတော်ကြီးတည်ရှိနေလျှက်ရှိရာ စိတ်ဝင်စားစရာကောင်းလေသည်။

ယခုအချိန်အထိ ရှေးခေတ်အုတ်ချပ်ကြီးများ၊ ရှေးဟောင်းအုတ်ခွက်ဘုရားများ၊ ရှေးဟောင်းစေတီငယ်များကိုလည်း တွေ့မြင်နေရဆဲဖြစ်ရာ သမိုင်းသုတေသနပြုသူများ၊ စိတ်ဝင်စားသူများအတွက်သာမကခရီးသွားဧည့်သည့်များအတွက် ခရီးစဉ်သစ်တစ်ခုဖြစ်လာမည့်နေရာတစ်ခုပင် ဖြစ်သည်။

စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဖော်ထုတ်မှုများပြုလုပ်နိုင်ပါက အကျိုးကျေးဇူးများနိုင်သည့် မြို့ဟောင်းတစ်ခုပင်ဖြစ်သည်။ အမှတ်သညာကောင်းစွာဖြင့် ပြောပြပေးနေသော အဘိုးဦးရင်မောင်အား နှုတ်ဆက်ကန်တော့ပြီးနောက် ကျွန်တော်တို့ ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။

မြန်မာနိုင်ငံတစ်ဝန်း သမိုင်းဝင်မြို့ဟောင်းများစွာရှိနေသည်။ အချို့က တူးဖော်ရန်စီစဉ်ဆဲ၊ အချို့ကတူးဖော်ဆဲ ဖြစ်သည်။ အချို့သော ရှေးမြို့ဟောင်းများ ကတိမ်မြုပ်ပျောက်ကွယ်နေဆဲဖြစ်ရာ သုတေသနပြုရှာဖွေဖော်ထုတ်နိုင်လျှင် ကောင်းမည်ဟုတွေးမိသည်။

အပြန်ခရီးစဉ် တစ်လျှောက်သာယာဝတီမြို့ဟောင်းကား အတွေးထဲတစ်ရစ်ဝဲဝဲဖြစ်လျက် .....။



# စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးနှင့် သိက္ခာအတွက် အခြေခံအုတ်မြစ်

ရေးသူ - တက္ကသိုလ်ပွင့်သူအောင်

လွန်ခဲ့သော ၁၉၆၅ခုနှစ် စက်တင်ဘာ ၈ ရက်က အီရန်နိုင်ငံတီဟီရန်မြို့၌ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (A World Literacy Congress) တစ်ရပ်ကို ၁၂ ရက်တိုင်တိုင် အောင်မြင်စွာကျင်းပခဲ့သည်။ ဤကဲ့သို့ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့သော စက်တင်ဘာလ ၈ ရက်နေ့ကို အကြောင်းပြု၍ အထိမ်းအမှတ်အဖြစ် ၁၉၆၅ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို - UNESCO) ချုပ်ကြီးက နှစ်စဉ်နှစ်တိုင်းကျရောက်သည့် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (INTERNATIONAL LITERACY DAY) အဖြစ် တညီတညွတ်တည်း သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ရာ ယခု ၂၀၁၇ခုနှစ်စက်တင်ဘာလ ၈ရက်နေ့၌ ၅၂နှစ်ရှိခဲ့ပြီဖြစ်သည်။

အထူးသဖြင့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်ကို ၁၉၆၅ခုနှစ်၌ ကျင်းပခဲ့ပြီးနောက်ပိုင်းတွင် ယူနက်စကိုအဖွဲ့ချုပ်ကြီး၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် နိုင်ငံတကာတွင် စာတတ်မြောက်ရေးကို အထူးအလေးမူလျက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိုကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးပမ်းအားထုတ်ကြသော နိုင်ငံတကာစာတတ်မြောက်ရေးကို ထပ်မံ၍တွန်းအားပေးသည့်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀ ရာစုမကုန်မီ ၁၀ နှစ်ခန့်ကာလဖြစ်သော ၁၉၉၀ပြည့်နှစ်ကို နိုင်ငံတကာစာတတ်မြောက်ရေးနှစ် (INTERNATIONAL LITERACY YEAR) အဖြစ် သတ်မှတ်ပေးကာ နိုင်ငံတိုင်း စာတတ်မြောက်ရေးကို အလေးထား ဆောင်ရွက်စေခဲ့သည်။ ထို့အပြင် ၁၉၉၀ပြည့်နှစ်၌ ထိုင်းနိုင်ငံ ဂျွန်တီယန်မြို့တွင် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ ဖြစ်ကြသော ယူနီဆက်အဖွဲ့၊ ယူအန်ဒီပီအဖွဲ့၊ ယူနက်စကိုအဖွဲ့၊ ကမ္ဘာ့ဘဏ်အဖွဲ့ကဦးဆောင်၍ “လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီး”(World Conference on Education For All) တစ်ရပ်ကို ၁၉၉၀ပြည့်နှစ် မတ် ၅ရက်မှ မတ်လ၉ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုညီလာခံကြီးသို့ ကမ္ဘာ့နိုင်ငံပေါင်း (၁၅၅)နိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် တက်ရောက်သူအပေါင်း ၁၅၅၀ တို့က တညီတညွတ်တည်း “လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်းကြီး” (World Declaration on Education For All) ကို ထုတ်ပြန်ကြေညာခဲ့သည်။ယင်းကြေညာစာတမ်းကြီးတွင် “ လူတိုင်းအတွက် ပညာရေး၊ ခရစ်နှစ် ၂၀၀၀ မှာ” (Education For All by the Year 2000) ဟူသော ဆောင်ပုဒ်နှင့်အညီ လူတိုင်းအတွက် ပညာရေး လုပ်ငန်းအစီအမံအရပ်ရပ်၌ လူတိုင်း စာတတ်မြောက်ရေးလုပ်ငန်းကိုပါ တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ထည့်သွင်းချမှတ်ခဲ့သည်။

ထို့အပြင် စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးနှင့် သိက္ခာအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်အလျောက် လူတိုင်းအတွက် ပညာရေး (Education For All-EFA)တွင် လူတိုင်းလူတိုင်းအခြေခံအားဖြင့် ရရှိစေမည့် ပညာရေးကို အနည်းဆုံးအခြေခံပညာ မူလတန်းအဆင့်ဖြစ်ရမည်ဟူ၍ မျှော်မှန်းခဲ့ကြသည်။ ထို့အတူ လူတိုင်းလူတိုင်း အခြေခံအားဖြင့် ရရှိစေမည့် သက်ကြီးစာတတ်မြောက်မှုကို ၁၉၉၀ ပြည့်နှစ်တွင် ရှိနေသော စာမတတ်မြောက်မှု ၂၂ ရာခိုင်နှုန်းမှ ထက်ဝက်ဖြစ်သည့်၁၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးကို မျှော်မှန်းဆောင်ရွက်ရန် လျာထားခဲ့သည်။ စာရင်းအထောက်အထားများအရ ၁၉၉၀ ပြည့်နှစ်တွင် ၁၅ နှစ်အထက် သက်ကြီး စာမတတ်သူဦးရေသည် သန်းပေါင်း ၉၆၀ ရှိနေသဖြင့် လူတိုင်းအတွက် ပညာရေး (EFA)အစီအမံအရ လူတိုင်းစာတတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်မှုကြောင့် ၂၀၀၀ ပြည့်နှစ်တွင် အသက် ၁၅ နှစ်အထက် သက်ကြီးစာမတတ်သူဦးရေသည် သန်းပေါင်း ၈၀၀ ဖြစ်လာခဲ့၍ ဆယ်စုနှစ်ကာလအတွင်း သက်ကြီးစာမတတ်သူဦးရေ သန်း ၁၂၀ ခန့် လျှော့ကျခဲ့သည်။

ထို့နောက် အာဖရိကတိုက် ဆီနီဂေါနိုင်ငံ ဒါကာမြို့၌ “ ကမ္ဘာ့ပညာရေး ညီလာခံကြီး” (World Education Forum) ကို ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ရာ နိုင်ငံပေါင်း၁၄၆ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ထိုညီလာခံကြီးမှ ၁၉၉၀ ပြည့်နှစ်က ချမှတ်ပေးခဲ့သည့် လူတိုင်းအတွက် ပညာရေး(EFA)ဆိုင်ရာမျှော်မှန်းချက်များ၊ ဦးတည်ချက်များအရ ဆောင်ရွက်နိုင်ခဲ့မှုများ၊ အောင်မြင်ခဲ့မှုများစသည်တို့ကို ပြန်လည်သုံးသပ်ခဲ့သည်။ ယင်းမှတစ်ဆင့် “ လူတိုင်းအတွက် ပညာရေးဒါကာလုပ်ငန်းအညွှန်းဘောင်” (The DAKAR Frame Work For Action )ကို ညှိနှိုင်းချမှတ်နိုင်ခဲ့သည်။ ယင်းလူတိုင်းအတွက် ပညာရေးဒါကာလုပ်ငန်းအညွှန်းဘောင်ရည်မှန်းချက် (၆)ရပ်ကို ချမှတ်ခဲ့ပြီး ရည်မှန်းချက် (၆)ရပ်အနက် ရည်မှန်းချက် (၄)၌ “ အရွယ်ရောက်ပြီးသူများ (အထူးသဖြင့်အမျိုးသမီးများ)စာတတ်မြောက်မှုအဆင့်အတန်းကို ၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း တိုးတက်ကောင်းမွန်စေရေးနှင့် အရွယ်ရောက်ပြီးသူတိုင်းအတွက် အခြေခံပညာနှင့်စဉ်ဆက်မပြတ်သင်ယူနိုင်မည့် အခွင့်အလမ်းများတန်းတူညီမျှ ရရှိရေး” ဟူသော ရည်မှန်းချက်ကို အတိအကျ ချမှတ်ထားခဲ့သည်။ ထိုဒါကာ ရည်မှန်းချက်များနှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့၌ ကျင်းပခဲ့သည့် (၅၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ဆုံးဖြတ်ချက် (၅၆/၁၁၆)ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်ကို “ ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်” (Aunited Nations Literacy Decade) အဖြစ် တညီတညွတ်တည်းဆုံးဖြတ်သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ယနေ့ မျက်မှောက်ကာလ၌ ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်အနက် စာတတ်မြောက်သူဦးရေ သတ်မှတ်ထားသော လူဦးရေမှာ သန်းပေါင်းလေးထောင်ရှိပြီး အနိမ့်ဆုံးစာတတ်မြောက်မှုစွမ်းရည် (The Minimum Literacy Skills) (စာဖတ်၊ စာရေး၊ တွက်ချက်မှုစွမ်းရည်)မရှိသေးသည့် စာမတတ်သောလူဦးရေမှာ ၇၉၆ သန်းခန့်ရှိသည်။ ထိုစာမတတ်သူဦးရေ ၇၉၆ သန်းခန့်အနက် ၇၅၉ သန်းခန့်သည် စာမတတ်သူ အမျိုးသမီးဦးရေဖြစ်ကြပြီး ကျေးလက်ဒေသများ၌ နေထိုင်လျက်ရှိသူများလည်းဖြစ်သည်။ ထို့အပြင် ကလေးသူငယ် ၇၅ သန်းခန့်သည် စာသင်ကျောင်းပြင်ပ၌ ကျောင်းမနေသူများဖြစ်ကြ၍ ကလေးသူငယ် များစွာသည် ကျောင်းမှန်မှန်မတက်၊ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်ခဲ့ကြသည်။ နိုင်ငံပေါင်း ၃၅ နိုင်ငံခန့်သည် စာတတ်မြောက်မှု ၅၀ ရာခိုင်နှုန်းကျော်ထက် နည်းကြပြီး ကမ္ဘာ့စာမတတ်သူ ၈၅ ရာခိုင်နှုန်းသည် ထိုသို့သော နိုင်ငံများတွင် နေထိုင်လျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာဆောင်ရွက်ကြရာ၌ အဓိကသွင်ပြင်သုံးမျိုးရှိရာ ကျန်းမာရေးကို “ လူ့ဘဝမျှော်မှန်းသက်တမ်း” (Life expectany )ဖြင့် လည်းကောင်း၊ ပညာရေးကို “ သက်ကြီးစာတတ်မြောက်နှုန်း” (Adult Literacy Rate)ဖြင့်လည်းကောင်း၊ လူနေမှုအဆင့်အတန်းကို “ တစ်ဦးကျဝင်ငွေ” (GNP Ber Capital)ဖြင့် လည်းကောင်း အသီးသီး တိုင်းတာကြသည်။ သက်ကြီးစာတတ်မြောက်မှုနှုန်းအရ ကမ္ဘာပေါ်တွင် သက်ကြီး ငါးဦးအနက် တစ်ဦးသည် စာမတတ်သူများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုသမိုင်းကို ပြန်လည်လေ့လာကြည့်ပါက ရှေးမြန်မာမင်းများလက်ထက် စာတတ်မြောက်ရေးနှုန်းသည် ၈၅ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ချိန်တွင် စာမတတ်ပေမတတ်ကြက်ခြေခတ်ဘဝဆိုးထဲသို့ ကျရောက်၍ မျက်ခြည်ပြတ်ခဲ့ရသည်။ ထိုအခါ မြန်မာနိုင်ငံသားများ၏ စာတတ်မြောက်ရေးနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

ထို့နောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၁၇ သန်းအနက် စာမတတ်သူဦးရေမှာ ၁၀ သန်းရှိခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ နွေရာသီ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပထမပိုင်းကာလတွင် လည်းကောင်း၊ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဒုတိယပိုင်းကာလတွင် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ် အခြေခံစာရင်းဇယားများအရ၊ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၈၀ ဒသမ ၈၄ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့နောက် ၁၉၉၆ ခုနှစ်မှစ၍ လူတိုင်းအတွက် ပညာရေးစီမံကိန်း ရေးဆွဲဆောင်ရွက်ခဲ့မှုကြောင့်၊ ၂၀၀၀ ပြည့်နှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့သည်။ ၂၀၁၂ ခုနှစ်၌ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၅ ဒသမ ၀၈ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၅ ဒသမ ၁၃ ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေးညီလာခံကြီးက ၂၀၁၅ ခုနှစ်၌ စာတတ်မြောက်မှုနှုန်းကို ၂၀၀၀ ပြည့်နှစ် အခြေအနေမှ ၅၀ ရာခိုင်နှုန်း လျှော့ချရန် အဆိုပြုထားရာ မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်မှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် ၉၅ ဒသမ ၅၀ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် စာတတ်မြောက်ရေးကြိုးပမ်းရာ၌ ၂၀၁၃ ခုနှစ်က နွေရာသီအခြေခံ စာတတ်မြောက်ရေး လုပ်ငန်းကို မြို့နယ်ကိုးမြို့နယ်တွင် တက္ကသိုလ် ၁၀ ခုမှ လုပ်အားပေးကျောင်းသား ကျောင်းသူပေါင်း ၁၉၈၅ ဦး၏ လုပ်အားဒါနပါဝင်မှုဖြင့် စာမတတ်သူဦးရေ ၂၂၄၁၇ ဦးအား အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ မြို့နယ် ၂၉ မြို့နယ်ကို ရွေးချယ်ကာ စာမတတ်သူပေါင်း ၄၆၄၇၉ ဦးကို စာသင်ဝိုင်းပေါင်း ၄၄၄၇ ဝိုင်းဖွဲ့စည်း၍ လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦး၊ တက္ကသိုလ်ဆရာ ဆရာမ ၄၀၃ ဦး စုစုပေါင်းလုပ်အားပေး ၄၆၆၄ ဦးတို့နှင့်အတူ ဒေသခံလုပ်အားပေးများကလည်း တစ်တပ်တစ်အားပါဝင်ပြီး အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်းကို ကမ္ဘာပေါ်ကပါ ချီးကျူးဂုဏ်ပြုခဲ့ရသည်ကို ၁၉၇၁ ခုနှစ်က ယူနက်စကို အဖွဲ့ချုပ်ကြီးက ချီးမြှင့်ခဲ့သော “မိုဟာမက်ရီဇာပါလာဗီဆု” နှင့် ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ချုပ်ကြီးကပင် ထပ်မံချီးမြှင့်ခဲ့သည့် “နိုမာဆု” ဆုတို့က အထင်အရှားသက်သေပြုခဲ့သည်။ ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့လူဦးရေသည် များစွာ သိသိသာသာ တိုးပွားလျက်ရှိကြောင်း၊ သို့သော် စာတတ်မြောက်မှုအရည်အသွေးမရှိဘဲ အရွယ်ရောက်လာသည့် လူငယ်အရေအတွက်မှာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်များအတွင်း ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါကြောင်း၊ အမျိုးသမီးများ၏ စာတတ်မြောက်မှုအခွင့်အရေးများကို မြှင့်တင်ပေးသည့် လှုပ်ရှားမှုများ ရှိခဲ့ပါကြောင်း၊ နိုင်ငံ ၄၃ နိုင်ငံတွင် ကျား/မတန်းတူရည်တူခံစားခွင့်သည် သိသာစွာ တိုးတက်မှုများရှိကြောင်း တွေ့ရပါကြောင်း၊ လှုပ်ရှားမှုအားလုံးအတွက် တစ်ကမ္ဘာလုံး ပညာရေးသည် ပို၍ အပြုသဘောဆောင်သော ပြောင်းလဲမှုသို့ ဦးတည်နေပါကြောင်း စသည်ဖြင့် နှစ်(၅၀)မြောက် နိုင်ငံတကာစာတတ်မြောက်ရေးအခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ၌ ဖော်ပြထားသည်။ ထို့အပြင် ယူနက်စကိုအဖွဲ့ကြီးက ရိုးရှင်းသော ဝါကျတစ်ကြောင်းကိုပင် မဖတ်နိုင်၊ မရေးနိုင်သော အရွယ်ရောက်လူဦးရေမှာ ၂၀၁၆ ခုနှစ်အထိ သန်း ၇၅၀ အထိ ရှိနေကြောင်း၊ ယင်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်ကြောင်း ဆိုသည်။

ထိုစာမတတ်သူဦးရေတွင် ပါဝင်သော အမျိုးသား အမျိုးသမီးတို့သည် ကျန်းမာရေးချို့တဲ့ခြင်း၊ အမြတ်ထုတ်ခံရခြင်း၊ လူ့အခွင့်အရေးအလွဲသုံးစားပြုခံရခြင်းတို့ကို ပိုမိုခုခံနိုင်ခြင်းမရှိသည့်အပြင် ၎င်းတို့တွင် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် လုပ်ခနည်းနည်းရခြင်း စသည်တို့ဖြစ်နိုင်ဖွယ်အခြေအနေ ပိုမိုများပြားခဲ့သည်။ အထူးသဖြင့် စာမတတ်ခြင်း၊ စာမရေးတတ်ခြင်းတို့ကြောင့် ၎င်းတို့၏ လုပ်အားစွမ်းရည်ကို အပြည့်အဝမရနိုင်သည့် အခြေအနေသို့ ရောက်ရပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးသည် အကြမ်းဖက်မှုနှင့် ပဋိပက္ခ များဖြစ်ပေါ်စေသည့်အခြေအနေရှိသော ဆင်းရဲခြင်း၏ ကြောက်မက်ဖွယ်ကောင်းသည့် အဝန်းအဝိုင်းအတွင်း ပိတ်လှောင်ခြင်း ခံထားရသကဲ့သို့ ရှိနေသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်သော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် ရည်မှန်းချက် (၁၇)ခုတွင်ပါရှိသော “လူတိုင်းလူတိုင်း ဘဝတစ်သက်တာသင်ယူမှုအခွင့်အရေးမြှင့်တင်ရန်နှင့် အရည်အသွေးရှိသော ပညာရေးကို လူတိုင်းတန်းတူညီမျှရရှိစေရန်” ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် အထူး အရေးကြီးလာသည်။ သို့မှသာ စာတတ်မြောက် ရေးသည် လူ့အခွင့်အရေးနှင့် သိက္ခာအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် ပိုမို၍ တည်တံ့ခိုင်မြဲလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးနှင့် သိက္ခာအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်အလျောက် လူတိုင်းအတွက် ပညာရေး (Education For All-EFA)တွင် လူတိုင်းလူတိုင်းအခြေခံအားဖြင့် ရရှိစေမည့် ပညာရေးကို အနည်းဆုံးအခြေခံပညာ မူလတန်းအဆင့်ဖြစ်ရမည်ဟူ၍ မျှော်မှန်းခဲ့ကြသည်။ ထို့အတူ လူတိုင်းလူတိုင်း အခြေခံအားဖြင့် ရရှိစေမည့် သက်ကြီးစာတတ်မြောက်မှုကို ၁၉၉၀ ပြည့်နှစ်တွင် ရှိနေသော စာမတတ်မြောက်မှု ၂၂ ရာခိုင်နှုန်းမှ ထက်ဝက်ဖြစ်သည့် ၁၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးကို မျှော်မှန်းဆောင်ရွက်ရန် လျာထားခဲ့သည်။ စာရင်းအထောက်အထားများအရ ၁၉၉၀ ပြည့်နှစ်တွင် ၁၅ နှစ်အထက် သက်ကြီး စာမတတ်သူဦးရေသည် သန်းပေါင်း ၉၆၀ ရှိနေသဖြင့် လူတိုင်းအတွက် ပညာရေး (EFA)အစီအမံအရ လူတိုင်းစာတတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်မှုကြောင့် ၂၀၀၀ ပြည့်နှစ်တွင် အသက် ၁၅ နှစ်အထက် သက်ကြီးစာမတတ်သူဦးရေသည် သန်းပေါင်း ၈၀၀ ဖြစ်လာခဲ့၍ ဆယ်စုနှစ်ကာလအတွင်း သက်ကြီးစာမတတ်သူဦးရေ သန်း ၁၂၀ ခန့် လျှော့ကျခဲ့။**

# တိကျမှန်ကန်သော စာရင်းအင်းများ၏ တန်ဖိုးနှင့် အကျိုးဆက်

မောင်သန်းဝင်းရွှေ

နိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီး၏ လုပ်ဆောင်ချက်များကိုလည်းကောင်း၊ ထုတ်လုပ်၍ရသော ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုတို့ကို စားသုံးမှု၊ အရင်းစုဆောင်းမှု စသည်တို့တွင် မည်သို့ခွဲဝေသည်တို့ကို ဖော်ပြရန် အဓိကလိုအပ်သော သရုပ်ဆောင်မှာ တိကျမှန်ကန်သော စာရင်းအင်း (Statistics) များ ထွန်းပေါ်စေရေးဖြစ်ပါသည်။ ထိုစာရင်းအင်းများဖြင့် စီးပွားရေးကဏ္ဍ အချင်းချင်းဆက်သွယ်ပုံကို လေ့လာနိုင်ပေသည်။ လုပ်ငန်းအသီးသီး၏ တိုးတက်မှုအခြေအနေကိုစိစစ်ခြင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် အနာဂတ်ကာလရည်မှန်းချက်များ၊ သတ်မှတ်ချက်များ ပြုပြင်ခြင်းတို့တွင် စာရင်းအင်းသည် လွန်စွာအရေးပါလှပါသည်။ Economics without statistics is blind,statistics without economics is barren ဟူသော ဆိုရိုးမှာ ယနေ့ထက်တိုင် မရိုးသေးပါ။ ယင်းဆိုရိုးစာသားကို မြန်မာပြန်ရပါက "စာရင်းအင်းပေါ် အခြေမခံသော ဘောဂဗေဒသည်ကန်း၏။ ဘောဂဗေဒမပါသော စာရင်းအင်းသည် မြုံ၏ဟု ဆိုလိုချက်ဖြစ်ပါသည်။ ထို့ကြောင့် စာရင်းအင်းနှင့် ဘောဂဗေဒသည် အပြန်အလှန်တည်မှီဆက်စပ်နေသည်ဟူသော အယူအဆမှာ ယနေ့အထိ တည်မြဲနေဆဲပင်ဖြစ်ပါသည်။ အချို့သော အရှေ့တိုင်းဘောဂဗေဒပညာရှင်များက စာရင်းအင်းဖြင့် ရုပ်လုံးမဖော်သော ဘောဂဗေဒ သုံးသပ်ချက်၊ ဘောဂဗေဒသီအိုရီကို မကိုးကားသော စာရင်းအင်းကောက်ချက်သည် ဆားမပါသော ဟင်းနှင့် တူသည်ဟု ခိုင်းနှိုင်းကြသည်။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများ ဆောင်ရွက်ရာ၌ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးအတွက် အခြေခံမူဘောင် Framework for Economics and Social Reforms (FESR) အရ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းအင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးသည် အခြေခံစီးပွားရေးမူဘောင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး ချမှတ်ဆောင်ရွက်ခဲ့သည့် နှစ်နှစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းချက်အတွက် အဖွဲ့ငါးရပ်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြစဉ်ကလည်း စာရင်းအင်းအကြောင်းအရာ ရှာဖွေရေးအဖွဲ့ကို ရှေ့တန်းတင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (၁၉၅၂ ခုနှစ် အက်ဥပဒေအမှတ် ၃၄)မှာ မြန်မာနိုင်ငံတွင် ယနေ့အထိ ပြဋ္ဌာန်းထားဆဲပင်ဖြစ်ပါသည်။ ယင်းဥပဒေအရ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေးနှင့် စီးပွားရေးဌာနကို ဖွဲ့စည်းခဲ့သည်။ ထိုမှတစ်ဖန် အုပ်ချုပ်ရေးစနစ် ပြောင်းလဲမှုအရ မျက်မှောက်ကာလ၌ ဗဟိုစာရင်းအင်းအဖွဲ့ဦးစီးဌာန Central Statistical Organization (C.S.O)အဖြစ် ရပ်တည်လျက်ရှိပါသည်။

ဗဟိုစာရင်းစစ်တမ်းကောက်ယူရေးနှင့် စီးပွားရေးဌာနသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် ဖြစ်ပေသည်။

(က) လူတို့၏ နေထိုင်ရေးနှင့် စီးပွားရေးဝါဒစည်းမျဉ်း၊ အကျိုးထိရောက်သော စီမံကိန်းနှင့် အုပ်ချုပ်မှုတို့ကို ဖြစ်ရန်အလို့ငှာ၊ ပြည့်စုံကောင်းမွန်ကျန၍ စိတ်ချနိုင်လောက်သည့် စာရင်းစစ်တမ်းဆိုင်ရာ စနစ်တစ်ရပ်ရေးဆွဲခြင်း။

(ခ) စာရင်းစစ်တမ်းကောက်ယူရေးအတွက်ဖြစ်စေ၊ အုပ်ချုပ်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စများအတွက်ဖြစ်စေ၊ ဆောင်ရွက်သည့်အစိုးရ၏ စာရင်းစစ်တမ်းဆိုင်ရာ လုပ်ငန်းဟူသမျှတို့ကို ပြန်လည်စိစစ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း။

(ဂ) စာရင်းစစ်တမ်းများနှင့် စာရင်းစစ်တမ်းဆိုင်ရာ လုပ်ငန်းများကိုညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း။

(ဃ) စာရင်းစစ်တမ်းကောက်ယူရေးနှင့်စပ်လျဉ်း၍ အမြင့်ဆုံးအဆင့်အတန်း တီထွင်ပြဋ္ဌာန်းခြင်းနှင့် ထိုအဆင့်အတန်း တည်မြဲစေခြင်း။

(င) ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးအတွက် လိုအပ်သော အချက်များကို ထောက်ရှု၍ လူတို့၏ နေထိုင်မှုနှင့် စီးပွားရေးဆိုင်ရာ စာရင်းများ ကောက်ယူရေး၊ သို့တည်းမဟုတ် စုံစမ်းရေး ပြုလုပ်မှုကို စနစ်တကျ ရေးဆွဲထားသော အခြေခံမူအရဖြစ်စေ၊ တိုတောင်းသော အချိန်အတွင်း ကြိုတင်ပြင်ဆင်မှုမရှိဘဲဖြစ်စေ လိုအပ်သည့် အလျောက် စီစဉ်ဆောင်ရွက်လုပ်ကိုင်ခြင်း။

စာရင်းအင်းကိန်းဂဏန်းစီးပွားရေးစစ်တမ်းများသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသည်နှင့်အမျှ တိုင်းပြည်ဝင်ငွေစာရင်းအင်းဖြင့် စီးပွားရေး စီမံကိန်းရေးဆွဲမှု၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို ရုပ်လုံးဖော်ရန် ၁၉၅၁ ခုနှစ်တွင် အမျိုးသားစီမံကိန်းဝန်ကြီးဌာနက အောက်စဖို့ တက္ကသိုလ်မှ စီးပွားရေးပညာရှင်များအားဖိတ်ခေါ်၍ လေ့လာတင်ပြစေခဲ့ပါသည်။ ၎င်းတို့၏ အကြံပေးမှုအပေါ် အခြေပြု၍ ၁၉၅၁ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ နှစ်စဉ်တိုင်းပြည်ဝင်ငွေစစ်တမ်းနှင့် စီးပွားရေးစစ်တမ်းတို့ကို ထုတ်ပြန်ခဲ့ပါသည်။ ၁၉၆၃-၆၄ ခုနှစ်မှစ၍ ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ ပြည်သူသို့ အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်ခဲ့ပေသည်။ ထို့အတူ စိုက်ပျိုးရေးကဏ္ဍ၏ အသေးစိတ်စာရင်းများကို နှစ်အလိုက် ထုတ်ပြန်ခဲ့သော စာရင်းအင်းတစ်စောင်မှာလည်း ပေါ်ထွက်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။

> **မျက်မှောက်ကာလသည် စာရင်းအင်း (Statistics) အလွန်အရေးပါသည့် ကာလဟု ဆိုရပေမည်။ အထူးသဖြင့် သတင်းအချက်အလက်များ ပြည့်စုံစွာဖြင့်အချိန်မီ သိရှိနိုင်ရေးကို ခေတ်မီနည်းပညာများဖြင့် စွမ်းဆောင်နေသည့်ကာလဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံး၌ လိုအပ်သော သတင်းအချက်အလက်များ၊ စာရင်းအင်းကိန်းဂဏန်းများကို ချက်ချင်း သိရှိရမှသာလျှင်ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်**

မျက်မှောက်ကာလ၌ Selected Monthly Econo -mics Indicators စာအုပ်၊ Myanmar Statistical Year Bookများ အချိန်ကာလများအလိုက် ထုတ်ပြန်လျက်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာအုပ်ဖြင့် အများပြည်သူတို့ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် အလွယ်တကူသိရှိစေရေးအတွက် နားလည်လွယ်အောင် စာရင်းအင်းများ ဖော်ပြထားသည်ကို တွေ့ရပေသည်။

မျက်မှောက်ကာလသည် စာရင်းအင်း (Statistics) အလွန်အရေးပါသည့် ကာလဟုဆိုရပေမည်။ အထူးသဖြင့် သတင်းအချက်အလက်များ ပြည့်စုံစွာဖြင့်အချိန်မီ သိရှိနိုင်ရေးကို ခေတ်မီနည်းပညာများဖြင့် စွမ်းဆောင်နေသည့် ကာလဖြစ်ရာကမ္ဘာတစ်ဝန်းလုံး၌ လိုအပ်သော သတင်းအချက်အလက်များ၊ စာရင်းအင်းကိန်းဂဏန်းများကို ချက်ချင်းသိရှိရမှသာလျှင် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများတွင် ဈေးကွက်အခြေအနေအရပ်ရပ်ကို အချိန်တိုကာလအတွင်း အချက်အလက် စာရင်းအင်းမှန်ကန်စွာရယူ၍ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပုဂ္ဂိုလ်ရေးအတွက်လည်းကောင်း၊ အဖွဲ့အစည်းအတွက်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။ ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှု၏ ပြဒါးချိန်တွင် အချိန်မီ အကျိုးရှိသော သတင်းအချက်အလက် စာရင်းအင်းကိန်းဂဏန်း ရရှိနိုင်မှုပင်ဖြစ်သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်း အောင်မြင်တိုးတာရေးကို စီးပွားရေးပညာရပ်ဆိုင်ရာ နည်းပညာအသွယ်သွယ်ဖြင့် သရုပ်ဖော်နိုင်သည်။ အထူးသဖြင့် မျက်မှောက်ကာလ၌ စက်စာရင်းပြုစုခြင်း၊ သတင်းနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို အခြေခံ၍ ဖော်ထုတ်ကြရာတွင် စာရင်းအင်းပညာ နည်းလမ်းတစ်ရပ်ဖြစ်သော လုပ်ငန်းခွင်သုတေသနနည်းလမ်း (Operational Research Method)သည်လည်း အတိုင်းအတာ နည်းလမ်းတစ်ရပ် ဖြစ်ပေသည်။ ယင်းလုပ်ငန်းခွင် သုတေသနနည်းလမ်းကို အသုံးပြု၍ မိမိရင်းနှီးမြှုပ်နှံမှု ပြုမည့်လုပ်ငန်း၏ အဖိုးတန်စာရင်းအင်းကိန်းဂဏန်းကဖော်ပြသော အဖြေများဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည်များအတွက် လိုအပ်သော စိစစ်ချက်ပြု၍ ရင်းနှီးမြှုပ်နှံသောအဖြေများဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် ရင်းနှီးမြှုပ်နှံမှုကို ရုပ်လုံးဖော်နိုင်ကြမည်ဖြစ်သည်။ အရေးပါသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်နိုင်ကြမည်ဖြစ်သည်။

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအများစုတွင် အမျိုးသားစာရင်းအင်းစနစ်ကို ကျင့်သုံးဆောင်ရွက်မှုပြုလာသည်ကို တွေ့ရပါသည်။ အမျိုးသားစာရင်းအင်းစနစ်ဟူသည် စာရင်းအင်းများ ပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့်အချက်အလက်များ၊ အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများနှင့် အခြားစာရင်းအင်းဆိုင်ရာပြုစုထားရှိမှုများမှ မူလအချက်အလက်များကို ရည်ညွှန်းကိုးကား၍ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်သောစနစ်ဖြစ်သည်။ ထို့အတူ မျက်မှောက်ကာလ၏ စာရင်းအင်းဟူသော စကားရပ်အနက်အဓိပ္ပာယ်ကို အချက်အလက်များအား ကောက်ယူစုစည်းပြုစုခြင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်သုံးသပ်ခြင်းနှင့် သက်ဆိုင်သော သင်္ချာဆိုင်ရာသိပ္ပံပညာရပ်ဟု ဖွင့်ဆိုကြပေသည်။ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သမဝါယမဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်းကုမ္ပဏီ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများကို ဆိုလိုသည်။ ဤသည်တို့မှာ မျက်မှောက်ခေတ်၏ ခေတ်သစ်စာရင်းအင်းပညာ (Modern Statistics)၏ ဆန်းသစ်လာသော အသုံးအနှုန်းများပင် ဖြစ်ပေသည်။

အရည်အသွေးပြည့်ဝ၍ ပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရန် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များသည် အောက်ပါ အခြေခံစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည်။

(က) အရည်အသွေးပြည့်ဝသည့် စာရင်းအင်းဖြစ်ပေါ်လာစေရန် တည်ဆဲဥပဒေများ၊ ကုလသမဂ္ဂ၏ အခြေခံစည်းမျဉ်းများနှင့် ကိုက်ညီရမည်။

(ခ) စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် အမှန်တကယ် တည်ရှိနေသည့် အခြေအနေနှင့် ကိုက်ညီစေရန် အနီးစပ်ဆုံး တိတိကျကျ ဖော်ပြရမည်။

(ဂ) တူညီသော စာရင်းအင်းအချက်အလက်များကို ထပ်မံကောက်ယူခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။

(ဃ) အမျိုးသားစာရင်းအင်းနှင့် စပ်လျဉ်း၍ အများပြည်သူယုံကြည်လက်ခံနိုင်မှု ရရှိစေနိုင်ရေးအတွက် စာရင်းအင်းပြုစု ဆောင်ရွက်ရာတွင် နည်းလမ်းတကျ စီမံဆောင်ရွက်မှုနှင့် အချက်အလက်များ ဖြန့်ဝေရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်။

(င) စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကောက်ယူထားသော စာရင်းအင်းများ လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် အချက်အလက်များကို တိကျစွာ ထိန်းသိမ်းစောင့်ရှောက်ရမည်။

(စ) လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာလျက် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဖြန့်ဝေရမည်။

(ဆ) အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများကို တရားဝင် စာရင်းအင်းများအတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်ရမည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျေးလက်ဒေသများအတွက် ထိရောက်သော စီမံကိန်းရေးဆွဲရန် ခိုင်လုံ၍ အသုံးဝင်သော စာရင်းအင်းများရရှိရေးသည် အခက်အခဲတစ်ခုဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမူဝါဒ (Development Policy)အတွက် ရှေ့ပြေးဆောင်ရွက်ချက်များတွင် စာရင်းအင်းအချက်အလက်များ ကောက်ယူခြင်းနှင့် စိစစ်သုံးသပ်မှုများကို အဆင့်မြင့်ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်လာပါသည်။ စာရင်းအင်းအချက်အလက်များ ကောက်ယူမှုနှင့် စိစစ်သုံးသပ်မှု အဆင့်မြင့်မားစေရေးမှာ အမျိုးသားအဆင့် ထိန်းကျောင်းကြပ်မတ်မှုစနစ်အပေါ်အခြေခံသည့် နည်းနိဿယများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သို့မှသာ ဒေသဆိုင်ရာစီမံကိန်း (Regional Plan)နှင့် ကဏ္ဍဆိုင်ရာစီမံကိန်း (Sectoral Plan) အကြား အခြေခံစာရင်းအင်း အချက်အလက်များ ချိတ်ဆက်အသုံးပြုသည့် တိကျသောစနစ်ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းလိုလိုသာမန်အတွေးအခေါ်များတွင် Business နှင့် Economics ဟူသော ဝေါဟာရကို မကွဲပြားဘဲဖြစ်နေသလို စာရင်း (Account)နှင့် စာရင်းအင်း (Statistics)ကိုလည်း ကွဲကွဲပြားပြား မသိရှိဖြစ်နေသည်ကိုလည်း ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသွားရန်အတွက် အထောက်အပံ့တစ်ရပ်ဖြစ်ပေသည်။

လူမှုဘဝပြည့်စုံမှု သတ်မှတ်ချက်အဖြစ် ဒေသအလိုက်ဖွံ့ဖြိုးမှုနှင့် ကဏ္ဍအလိုက်ဖွံ့ဖြိုးမှုများ၏ ဆီလျော်ညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုတို့ဖြင့် ရုပ်လုံးဖော်ပေးမည့် အဓိက ဇာတ်ကောင်မှာ တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်းများဖြစ်ပေသည်။ ထို့အတူ နေထိုင်မှုအဆင့်အတန်းလိုအပ်ချက်၊ သယံဇာတခွဲဝေမှုများတွင် ပိုမို၍တိကျမှန်ကန်သော အခြေအနေအရပ်ရပ်အား မလွဲမသွေဖော်ဆောင်ပေးနိုင်မည်ဖြစ်ပေသည်။ ထိုသို့သော အခြေအနေကို ဖန်တီးနိုင်ရေးအတွက် အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်ရေးသည် မျက်မှောက်မြန်မာ့စီးပွားရေးစနစ်တွင် အထူးလိုအပ်ချက်တစ်ရပ် ဖြစ်ပေသည်။

တိကျမှန်ကန်၍အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများ ပြုစုနိုင်ခြင်းဖြင့် မူဝါဒချမှတ်ရာတွင်လည်းကောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများ စောင့်ကြပ်ကြည့်ရှု၍ အကဲဖြတ်ရာတွင်လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင်လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေမည်မှာ မလွဲမသွေဖြစ်ပေသည်။ ထို့အတူ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သော စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးပိုင်းနှင့် ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်မည်လည်း ဖြစ်ပေသည်။

"ခေတ်ရေစီးကြောင်းလည်း အလိုက်သင့်မျှောမယ်၊ တို့ရိုးရာလည်း တို့ထိန်းမယ်" ဟူသော ကြွေးကြော်ချက်သည် မျက်မှောက်ကာလ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဖြစ်စဉ် (Substainable Development Process) တွင် နေရာယူလာပြီဖြစ်ပေသည်။ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေကို ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်ဖြစ်ရာ မျက်မှောက်ကာလတွင် နှစ်ပေါင်း ၆၅ နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည်။ ခေတ်သစ်စာရင်းအင်းပညာနည်းလမ်းများ ထွန်းကားသလို မျက်မှောက်ကာလသည်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများသည် အံ့မခန်းတိုးတက်လျက်ရှိရာ လွန်ခဲ့သော ၆၅ နှစ်ကာလနှင့် များစွာကွာခြားနေပြီဖြစ်သည်။ ထို့ကြောင့်ပင် တစ်ခေတ်ဆန်းသစ်၍ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုအထောက်အကူပြုမည့် "စာရင်းအင်း ဥပဒေသစ်" အား ပြဋ္ဌာန်းရန်အတွက် ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်း၊ နေ့စဉ်ထုတ်နိုင်ငံပိုင် သတင်းစာများ၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာလလယ်ခန့်တွင် ထုတ်ပြန်ကြေညာ၍ ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖိတ်ခေါ်ချက်ပြုထားပြီးလည်း ဖြစ်ပေသည်။

ခေတ်နှင့်အညီ၊ စနစ်နှင့်အညီ ရေးဆွဲထားသော စာရင်းအင်းဥပဒေကြမ်းသည် "သံသယပျောက်ပါစေ၊ အမှန်ဘဝရောက်ပါစေ" ဆိုသော သီချင်းစာသားနှင့်အညီ လိုက်လျောညီထွေမှုရှိသော စာရင်းအင်းဥပဒေတစ်ရပ်ဖြစ်ပါ၍ ဒေသအလိုက်၏ ပကတိအခြေအနေ၊ ကဏ္ဍအလိုက်၏ အမှန်တကယ်အရှိအခြေအနေ (Actual Condition)များကို တိတိကျကျ သရုပ်ဖော်၍ မျက်မှောက်ကာလ၏ "ပြည်သူနှင့်အတူ" ဟူသော ကြွေးကြော်သံကို ကေန်မလွဲ အထောက်အကူ ပြုနိုင်မည်ဖြစ်သည့် အမျိုးသားစီးပွားရေးဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်ဟု သုံးသပ်ရပေသည်။




## THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY
## NATIONAL ELECTRIFICATION PROJECT
### Invitation for Bids

**Date: 1st September, 2017**

**SPECIFIC PROCUREMENT NOTICE**

**IDA Credit No. : 5727-MM**

**Contract Title: Steel Parts and Accessories for National Electrification Project**

**Reference No. : C1-G7**

1. The Ministry of Electricity and Energy has received financing from the World Bank toward the cost of the National Electrification Project, and intends to apply part of the proceeds toward payments under the contract for Steel Parts and Accessories for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of Steel Parts and Accessories to be delivered in 2018 to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods will be grouped into 7 lots and bidders may submit bid for any one or more lots.

3. For quick reference, some of the key qualification requirements include:
- The minimum average annual turnover (or annual sales volume) of the last three years shall be shown in the table column (b) below.
- The bidder should have past experience of having satisfactorily completed during the last 5 years at least **two contracts** for supply of similar goods, with the value of each such contract should be greater than the minimum amount shown in the table column (c) below.
- The details of the qualification requirements are seen in the bidding documents.

| Lot no. and description | Amount in USD (million) | Amount in USD (million) |
|---|---|---|
| (a) | (b) | (c) |
| Lot 1 - Steel Parts package for Yangon | 2.0 | 1.5 |
| Lot 2 - Steel Parts package for Mandalay | 5.0 | 4.0 |
| Lot 3 - Steel Parts package for Kayin,Mon | 1.5 | 1.3 |
| Lot 4 - Steel Parts package for Kachin, Kayah,Chin,Sagaing,Naypyitaw | 12.0 | 9.5 |
| Lot 5 - Steel Parts package for Bago(E) | 7.0 | 5.8 |
| Lot 6 - Steel Parts package for Ayeyarwaddy | 7.0 | 5.7 |
| Lot 7 - Steel Parts package for Rakhine, Shan (E), Shan (N), Shan (S), Magwe, Bago (W) | 20.0 | 16.8 |

4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised in July 2014] ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to the paragraphs 1.6 and 1.7 setting for the World Bank's policy on conflict of interest.

5. Interested eligible bidders may obtain further information from Project Manager, Project Management Office, Office No.(27), Ministry of Electricity and Energy, nep.pmomoep@gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours Myanmar time at the address given below.

6. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only. In case of any difficulty in obtaining the bidding documents, interested parties may contact in writing:

| | |
|---|---|
| Director General, | Department of Electric Power Planning |
| Office No(27), | Ministry of Electricity and Energy |
| City: | Nay Pyi Taw |
| Country: | The Republic of the Union of Myanmar |
| Email: | nep.pmomoep@gmail.com |

7. Bids must be delivered to the address below on or before **October 27, 2017**, 10:00 hrs (10:00 am) Myanmar time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below on **October 27, 2017**, 10:00 hrs (10:00 am) Myanmar time.

8. All bids must be accompanied by a Bid Security as stated in ITB 19.1 Bid Data Sheet of the bidding document.

9. The address referred to above is:

**Attention** : Director General Office, Department of Electric Power Planning
Office No (27), Ministry of Electricity and Energy, Nay Pyi Taw
The Republic of the Union of Myanmar
**Telephone** : +95 67 410203
**Facsimile** : +95 67 410077
**E-mail** : nep.pmomoep@gmail.com
**Web site** : http://www.moep.gov.mm

## ဖခင်အမည်မှန်
တောင်တွင်းကြီးမြို့၊ မိုးထိ အထက(ခွဲ) အဌမတန်းမှ မနဒီပိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးညွန့်ထွေး ၈/တတက(နိုင်)၁၆၆၇၃၅ ဖြစ်ပါကြောင်း။ **ဦးမျိုးညွန့်ထွေး**

## ဖခင်အမည်မှန်
ခနုဖြူမြို့နယ်၊ ရေကြည်ရွာမနေ ခနုဖြူ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မခင်ရတနာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ဝင်း ၁၄/ခနဖ (နိုင်)၁၃၁၄၄၉ ဖြစ်ပါသည်။ **ဦးလှိုင်ဝင်း**

## မိဘအမည်မှန်
ဇမ္ဗူသီရိမြို့၊ အထက-၅၊ တက္ကသိုလ်ဝင်တန်း (B) မှ မရွှယ်ဆိုင်း၏ မိဘအမည်မှန်မှာ ဦးနော်မိုင် ၁/မစန(နိုင်)၀၂၁၉၀၆ နှင့် ဒေါ်ဝင်းရွှေ ၁/ဗမန(နိုင်)၀၃၀၀၇၆ ဖြစ်ပါကြောင်း။ **ဦးနော်မိုင်-ဒေါ်ဝင်းရွှေ**

## အမည်မှန်
ဦးထွဲဝါ၏သမီး ဗန်းမော်မြို့ အထက -၂၊ တက္ကသိုလ်ဝင်တန်း E မှ မထွယ်ဇဉ်၏အမည်မှန်မှာ မထွယ်ဇင် ၁/မစန(နိုင်)၀၆၀၂၂၉ ဖြစ်ပါကြောင်း။ **မထွယ်ဇင်**

## ဖခင်အမည်မှန်
မြို့သစ်မြို့ အထက(၂)တက္ကသိုလ်ဝင်တန်း (င)မှ မအိဖြူဖွေး၏ဖခင်အမည်မှန်မှာ ဦးအောင်မြတ်ကျော် ၈/မသန(နိုင်)၀၅၇၉၆၂ ဖြစ်ပါကြောင်း။

## အမည်မှန်
ဆောမြို့နယ်၊ လောင်းရှည်ကျေးရွာနေ (ဘ)ဦးထွန်း၏သား လောင်းရှည်အထက နဝမတန်း (B) မှ မောင်ဇော်မျိုးဝင်း၏ အမည်မှန်မှာ မောင်ဇော်မျိုးထွန်း ၈/ဆမန (နိုင်)၀၆၇၂၆၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း
ကန်ပက်လက်မြို့နယ်၊ မှန်တောင်ကျေးရွာနေ (ဘ) ဦးမနားကွီး၏ သား မှန်တောင်ကျေးရွာအထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ထန်းမနား ၄/ကပလ (နိုင်)၀၁၇၃၄၃ နှင့် မောင်အောင်ကျော်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
မင်းဘူးခရိုင်၊ စကုမြို့နယ် စကာရွာနေ စကုအထက နဝမတန်း(င)မှ မပန်ဇာလီဝေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၈/ပဖန(နိုင်)၀၁၂၄၉၄ ဖြစ်ပါကြောင်း။

## အမည်မှန်
ဦးကျော်အောင်လင်း၏ သမီး ဒိုက်ဦးမြို့၊ အထက(၂)စတုတ္ထတန်းမှ မအေးမိုးမိုးကျော်၏ အမည်မှန်မှာ မအေးမို့မို့ကျော် ဖြစ်ပါကြောင်း။ **မအေးမို့မို့ကျော်**

## ဖခင်အမည်မှန်
ကြံခင်းမြို့၊ ထူးချွန်ကိုယ်ပိုင် အထက တက္ကသိုလ်ဝင်တန်း (A) မှ မမြတ်သဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအုန်းကျော်မြင့် ၁၄/ကခန(နိုင်) ၀၆၃၆၂၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်
အထက ကြံခင်း တက္ကသိုလ်ဝင်တန်း (E) မှ မခင်ရတနာဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဆွေ ၁၄/ကခန(နိုင်) ၀၀၂၈၄၁ ဖြစ်ပါသည်။ **ဦးဇော်နိုင်ဆွေ**

## ပျောက်ဆုံးကြောင်း
ကျွန်တော် စောအောင်သိန်း ၃/ကကရ (နိုင်)၀၇၉၈၂၆ (ဘ) ဦးစောသိန်းဇော် ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၆၆၇၃၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၃ဟ/၃၂၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ချင်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ကုန်းမြင့်လယ်ယာမြေ ဧက(၃၀၀)ဖော်ထုတ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၉-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်** - ၄-၁၀-၂၀၁၇ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းလွဲ ၂နာရီ

**စက်မှုလယ်ယာဦးစီးဌာန**
**အမှတ်(၃)ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး**
**ချင်းပြည်နယ်-ဟားခါးမြို့**
**ဆက်သွယ်ရန်ဖုန်း-၀၇၀-၂၁၆၃၇၊ ၀၉-၂၄၅၁၀၅၈**

## ကချင်ပြည်နယ်အတွင်းရှိ အဆင့်မြင့်ပညာဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ အဆောက်အအုံများဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း
၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနသို့ လုပ်ငန်းအပ်နှံထားသည့် ကချင်ပြည်နယ်အတွင်းရှိ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (တက္ကသိုလ်ကျောင်းသူအိပ်ဆောင်၊ ထမင်းစားဆောင်)များအား လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနမှ (ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဝန်ထမ်းအိမ်ရာ)၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အဆောက်အအုံများအား Lot အလိုက် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်နိုင်ရန် ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များအား ၇-၉-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးမည်။ သို့ဖြစ်ပါ၍ သတ်မှတ်ရက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူးရုံး၊ အဆောက်အအုံဦးစီးဌာန၊ မြစ်ကြီးနား ဖုန်း-၀၉-၅၁၄၉၆၄၉၊ ၀၉-၄၀၀၀၀၇၇၃၀ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

(၁) **တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူးရုံး အဆောက်အအုံဦးစီးဌာန၊ မြစ်ကြီးနားမြို့
(၂) **တင်ဒါအဆိုပြုလွှာပိတ်မည့်ရက်** - ၁၁-၁၀-၂၀၁၇ ရက် ညနေ ၄း၃၀နာရီ
(၃) တင်ဒါဖွင့်မည့်ရက်၊ အချိန်အား ထပ်မံကြေညာပေးပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ Japan ODA Loan မှ ကျခံပြီး Hydraulic Excavator (6 to 7 Ton)(10) Units အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၉-၂၀၁၇ရက်မှ ၂၈-၉-၂၀၁၇ရက်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၉-၉-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၉-၉-၂၀၁၇ရက်၊ မွန်းလွဲ၁၃း၀၀နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ရုံးအမှတ် ၄၃၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေးဌာနခွဲ(၁) နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်မည့် ဖိအားမြင့်ပိုက်ကွေးအလုပ်ရုံ (Penstock Fabrication Workshop) တစ်လုံး (ဆက်စပ်လုပ်ငန်းများအပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊အချိန်** - ၄-၉-၂၀၁၇ရက်၊ ၀၉း၃၀နာရီ
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊အချိန်** - ၁၁-၉-၂၀၁၇ရက်၊ ၁၆း၃၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊အချိန်** - ၁၂-၁၀-၂၀၁၇ရက်၊ ၁၅း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀/-နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (င) မှ မသက်မှူးအောင်၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၇/လပတ (နိုင်)၁၁၁၂၂၂ ဖြစ်ပါသည်။ **ဦးကြည်စိုး**

## ပျောက်ဆုံးကြောင်း
ကျွန်မ နော်ဖောစေး ၃/ကကရ (နိုင်)၁၈၃၉၆၈ (ဘ)ဦးစောပန်းအေး၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် **ဖုန်း-၀၉-၇၉၁၅၆၆၇၃၀**


BAYER
Supradyn®
No.1 Brand in Europe
EMP
ISO 9001 : 2015
Coenzyme Q10 ပါဝင်တဲ့
Supradyn New Formula
ဂျာမဏီ နိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ
ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn®
2106AA9517
စွမ်းအင်ပြည့်တင်း စွပ်ရှာဒင်း
အားဆေး


Nestlé
LACTOGEN 3 Growing-up Milk (ပွံ့ဖြိုးစကလေးနို့မှုန့်)
World #1 in Toddler Nutrition
Celebrating 150 Years
From 2 years
၂နှစ်အထက်
NEW
Nestlé
LACTOGEN
Growing-up Milk
Grow
3
Lcomfortis®
HappyNutri™
DHA
150 g
Net weight
၁၅၀ဂရမ်ဘူးသေး ကို
နီးစပ်ရာဆိုင်များတွင်
ဝယ်ယူရရှိနိုင်ပါပြီ။
/lactogen3myanmar
call center 09 73232462




## အမည်မှန်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ သင်္ဂဟ ၂-လမ်း၊ အိမ်အမှတ်(၃၃) နေ ဦးအောင်ဌေးလွင် - ဒေါ်စိမ့်စိမ့်သူတို့၏သမီး မသက်ထားလွင် ၁၀/မလမ(နိုင်)၂၄၀၀၈၂ ၏အမည်မှန်မှာ မသက်ထား ဖြစ်ပါကြောင်း။

**မသက်ထား**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(C) ခန်းမှ မကေသီခိုင်နှင့် ဆဠမတန်းမှ မောင်ခိုင်ဇော်သူတို့၏ မိဘအမည်မှန်မှာ ဦးမြဟန် ၉/ညဥန (နိုင်) ၁၄၅၂၁၅ နှင့် ဒေါ်မာဆန်း ၉/ညဥန (နိုင်)၁၇၄၂၆၄ ဖြစ်ပါကြောင်း။

**ဦးမြဟန်နှင့်ဒေါ်မာဆန်း**

## တစ်အိတ်ဝယ်ရင် ပို့ပေးပါသည်

ရန်ကုန်မြို့တွင်းအိမ်အရောက်ပို့ပေးပါသည် ။

09-73077733 01-682844

09-73077744 01-682944

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

## အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြေညီ မုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊

09254009334, 09254009335, 09254009336

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း / နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-250095114

09-421041338

09-73224763

## ဆရာသန်းနိုင် (IELTS)

Ph: 09 5136158, 09 965136158

သင့်အနာဂတ်ပညာရေးအတွက် ကျော်လွှားရမည့် စာမေးပွဲအတွက် ပြင်ဆင်ထားလိုပါသလား ...

Intermediate Level ရှိထားသူများအတွက် Exam Preparation (၃) လ။

Cambridge 1-12 စာအုပ်များဖြင့်သင်မည်။

အခြေခံမရှိသူများအတွက် Foundation (၃) လ ပညာဒါနတန်းခွဲများရှိသည်။ အိမ်လိုက်သင်သည်

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာ အထက (ခွဲ) ဝင်းက တက္ကသိုလ်ဝင်တန်း (က)မှ မဟေမာန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၁၀/ဘလန(နိုင်)၀၉၂၉၆၂ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးမြင့်အောင်၏သား ဇမ္ဗူသီရိမြို့နယ်၊ ပညာလွင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲထက်၏ အမည်မှန်မှာ မောင်ရဲထက်အောင် ၉/တကန (နိုင်) ၂၁၃၈၉၂ ဖြစ်ပါကြောင်း။ **မောင်ရဲထက်အောင်**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ - (ခွဲ)၊ လ - (၃) ၊ တက္ကသိုလ်ဝင်တန်းမှ မအေးစန္ဒီအောင်၏ ဖခင်အမည်မှန်မှာ ဦးတက်စိန် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ-(ခွဲ)၊ လ-(၃)၊ တက္ကသိုလ်ဝင်တန်းမှ မဟေဒီစိုး၏ ဖခင်အမည်မှန်မှာ ဦးဘိုမှူး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (C)မှ မနှင်းဝတ်ရည်၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၈/မကန (နိုင်) ၂၃၆၈၉၇ ဖြစ်ပါကြောင်း။ **ဦးအေးလွင်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (C)မှ မောင်ထွေးအောင်၏ မိဘအမည်မှန်မှာ ဦးဝင်း ၉/ညဥန (နိုင်) ၀၄၇၉၆၃ နှင့် ဒေါ်မြထွေး ၉/ညဥန (နိုင်)၀၄၇၈၇၀ ဖြစ်ပါကြောင်း။

**ဦးဝင်းနှင့်ဒေါ်မြထွေး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာ၊ ရွှေနှင်းဆီ(၂)လမ်း၊ အမှတ် J/၅၇နေ ဒေါ်လျောင်ကွေဖိန်း (ဘ) ဦးဝင်းမြင့် ၉/မကန(ဧည့်)၀၀၀၃၇၄ မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။




IV - ၉၀၃၁/၂၀၁၇ (၂၁-၈-၂၀၁၇)

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများအားအသုံးပြုပြီး ရွှေ၊ ပလက်တီနမ်၊ ငွေတို့ဖြင့်ပြုလုပ်သော လက်ဝတ်ရတနာများ၊ စိန်နှင့် အဖိုးတန်ကျောက်မျက်များဖြင့် ပြုလုပ်သော လက်ဝတ်ရတနာအမျိုးမျိုးတို့အား ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ပြုလုပ်ရောင်းချခြင်းတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိရပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော် LL.B,D.B.L.D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

| | | |
|---|---|---|
| **ဦးသန်းဦး** | **ဦးဟိန်းသူကောင်း** | **ဦးကောင်းမြတ်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၈၇၅)** | **(စဉ်-၃၆၂၆၇)** | **(စဉ်-၁၂၇၉၂)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မြေဧရိယာ ၀ဒသမ၁၁၀ဧက၊ မြေကွက်အမှတ် (ပ-၂၀၃၁၀)၊ ဒေါ်လွယ်လွယ်ဦး ၉/မခန (နိုင်) ၀၆၈၆၅၃ (ဘ) ဦးတင်ဦး အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို ဦးအောင်ဇော်မင်း ၉/မသန(နိုင်)၀၀၇၃၅၂ (ဘ) ဦးချစ်လှိုင်မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ် (၅၅/၁၁-၈-၂၀၁၇) တင်ပြ၍ မြေကွက်အမည်ပေါက်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅၊ ရမ္မာဝတီအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၉၊ ၁၀၊ ၁၂၊ ၁၃ ပါမစ်အမည်ပေါက် ဦးငြိမ်းချမ်းမောင် ပိုင်ဆိုင်သော မြေကွက် ၄ကွက်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နန်းမူဖောင် ၁၂/မရက(နိုင်)၀၁၉၁၀၁မှ မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၀၊ နေပြည်တော်**

## သြဋ္ဌာရိကသုခမ တိုင်းရင်းဆေးဆရာကြီး ကွယ်လွန်သူ ဦးအောင်ဒင် ရေးသားခဲ့သည့် တိုင်းရင်းဆေးကျမ်းစာအုပ်များ၏ မူပိုင်ခွင့်ရှိသူများနှင့် ဆေးပညာရပ် တည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်သူများဖြစ်ကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပထမစံပြရပ်ကွက်၊ သြဘာလမ်း၊ အမှတ်(၅)တွင် နေထိုင်သူ ဒေါ်စုအိသီဂီ ၁၂/မဂဒ(နိုင်)၁၂၆၆၉၆ နှင့် ဒေါ်စုအိခိုင်စိုး ၁၂/မဂဒ(နိုင်)၁၂၆၆၉၅ တို့သည် သြဋ္ဌာရိက သုခမတိုင်းရင်းဆေးဆရာကြီး(ကွယ်လွန်သူ) ဦးအောင်ဒင်၏ မြေးအရင်းများဖြစ်ကြပြီးလျှင် ဆရာကြီးဦးအောင်ဒင်ရေးသားထုတ်ဝေခဲ့သည့် ဗုဒ္ဓနည်းကျအခြေခံသြဋ္ဌာရိကသုခမဓာတ်ကျမ်းလင်္ကာစာအုပ်၊ နရသုခိကျမ်းအဖွင့်ကျိုးကြောင်းဆက်ဓာတ်ကျမ်းစာအုပ်နှင့် နရသုခိအဖြေသစ်ကျမ်းအပါအဝင် ဆေးကျမ်းစာအုပ်များ၊ ဆေးကုသနည်းများ၊ ဆောင်းပါးများစသည်တို့ကို ဆရာကြီး ဦးအောင်ဒင် ကွယ်လွန်သည့် (၈-၈-၁၉၈၀) ရက်မှစ၍ စာပေမူပိုင်ခွင့်ဥပဒေနှင့်အညီ မူပိုင်ခွင့်ရရှိထားသူများဖြစ်ကြောင်းနှင့် အဆိုပါ ဆေးကျမ်းစာအုပ်များပုံနှိပ်ထုတ်ဝေလိုပါက မူပိုင်ရှင်ဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ (၁) ဒေါ်စုအိသီဂီနှင့် (၂) ဒေါ်စုအိခိုင်စိုးတို့၏ ခွင့်ပြုချက်ရယူကြပါရန်နှင့် ခွင့်ပြုချက်မရှိဘဲ ပုံနှိပ်ထုတ်ဝေရောင်းချခြင်းမပြုလုပ်ရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

၂။ ထို့ပြင် သြဋ္ဌာရိကသုခမ တိုင်းရင်းဆေးဆရာကြီး ကွယ်လွန်သူ ဦးအောင်ဒင်၏ ဆေးပညာရပ်များတည်တံ့ပြန့်ပွားရေးအတွက် ဆရာကြီး၏တပည့်များဖြစ်သူ (၁) သြဋ္ဌာရိကသုခမဆေးဆရာကြီး ဦးရန်အောင် ၁၂/သကတ(နိုင်)၀၃၅၉၉၄ အမှတ် ၂၈၄၊ ဇင်မလမ်း၊ (၆)ရပ်ကွက်/အနောက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် (၂)ဦးကျော်မြင့် ၁၂/မရက(နိုင်)၀၁၂၃၅၀ အမှတ် ၂၇/ဘီ၊ သာယာအေး ၃လမ်း၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်/စာတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့သည် ဆရာကြီးဦးအောင်ဒင်၏ သတ္တဝါမှာအစာ(အစာလည်းဆေး၊ ဆေးလည်းအစာ)ဟူသော ဆောင်ပုဒ်နှင့်အညီ သြဋ္ဌာရိကသုခမဆေးပညာကို ဆက်ခံထိန်းသိမ်းစောင့်ရှောက်လက်တွေ့ကုသပြန့်ပွားပေးနေသူများဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကြည်ထွန်း (စဉ်-၆၁၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၃၁/၅၇၊ သြဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၅၁၇၁၊ ၀၁-၄၃၀၅၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၄၂၅)၊ ဧရိယာ ၀ဒသမ၁၄၆ဧက၊ ဒေါ်နွယ် (ဘ) ဦးချစ်လှိုင် ၁၂/သကတ(နိုင်)၀၆၄၈၂၇ အမည်ပေါက် ပါမစ်မြေကွက်အား ဦးသန်းနိုင် (ဘ) ဦးမောင်စောဦး ၁၁/မဥန(နိုင်)၀၃၅၀၇၅မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၆၉**

ဒေါ်ဇာဇာဝင်း **နှင့်** ၁။ ဦးအောင်သွင်ကျော်
၂။ ဦးသောင်းဌေး

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ(၂)တရားပြိုင် ဦးသောင်းဌေး၊ အမှတ် ၆၊ ပုဂံလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ဇာဇာဝင်းက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်အမှတ်(၅၃၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးထွန်းကြိုင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်တင်နီလာကျော် ၉/ခအဇ (နိုင်) ၀၁၆၅၈၆ (ဘ) ဦးစိန်ကျော်မှ ပျဉ်းမနားမြို့မြေတိုင်းချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းတွက်တန်ဖိုးငွေသွင်းပြေစာမူရင်း အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# တောင်ကျရေကြောင့် တာချီလိတ်ခရိုင်အတွင်း တံတားနှင့် လမ်းများပျက်စီး

**မြင့်မိုရ်(တာချီလိတ်)**

**တာချီလိတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်းရှိ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်နှင့် ကျိုင်းလပ်မြို့နယ်ခွဲတို့၌ စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတား ငါးစင်းပျက်စီးဆုံးရှုံးခဲ့သည်။

စက်တင်ဘာ ၁ ရက်မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးအုပ်စု နမ့်ဟချောင်းအတွင်း တောင်ကျချောင်းရေနှင့်အတူ မျောပါလာသော သစ်တုံးများ အရှိန်ဖြင့်တိုက်မိ၍ စက်တင်ဘာ ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် တာလေ-ကျိုင်းလပ်သွားကားလမ်းမပေါ် မိုင်တိုင်အမှတ် (၃၁/၃၂ ကီလိုမီတာ)ကြား၊ ဝမ်ပုံကျေးရွာနှင့် နမ့်ကိုင်းကျေးရွာကြားရှိ နမ့်ဟချောင်းပေါ်၌ တည်ဆောက်ထားသော အရှည်ပေ ၂၀ ခန့်၊ အကျယ် ၁၅ ပေ ကွန်ကရစ်တံတားတစ်စင်း ပျက်စီးသွားခဲ့သည်။

ယင်းတံတားပျက်စီးမှုကြောင့် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ လူများသွားလာမှု ခေတ္တပြတ်တောက်ခဲ့ကာ နံနက် ၆ နာရီတွင် ရေများဆက်လက်စီးဆင်းမှုကြောင့် တံတားအပါအဝင် လမ်းအရှည်ပေ ၅၀ ခန့်၊ အကျယ် ၁၅ ပေခန့် ပျက်စီးသွားခဲ့ရာ အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများက လူသွားလာရန်အတွက် ယာယီဝါးတံတားပြုလုပ်ထားကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁*



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းရေတိုက်စား၍ ပြတ်တောက်နေသည်ကို တွေ့ရစဉ်

## ဝေါ်မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် သာပေါင်းမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် နောက်သုံးရက်အတွင်း သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝေါ်မြစ်ရှိ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ယနေ့ မာ တိ ကာ

ရောဝတီဘဏ် (မိတ္ထီလာဘဏ်ခွဲ)မှ ငွေကျပ်သိန်း ၃၀၀ ကျော်ကို ပိုင်ရှင်မသိဘဲ ထုတ်ယူသည့် ဘဏ်ဝန်ထမ်းတစ်ဦးကို အရေးယူ — စာ » ၁၂

ဆီးရီးယားနိုင်ငံအပေါ် တဖြည်းဖြည်း ဩဇာလွှမ်းမိုးလာနေတဲ့ အီရန် — စာ » ၁၅

လျှောင်လေ့ကျင့်ခန်းမှ အသက်ရှင်ခဲ့ကြသော ကလေးငယ်များ — စာ » ၁၉

# မိုးရာသီဖိတ်ခေါ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မိုးရာသီဖိတ်ခေါ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု Man Sport physique ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာယဗလမောင်ပြိုင်ပွဲတွင် ကီလို ၆၀၊ ၆၅၊ ၇၀၊ ၇၅ နှင့် ၇၅ ကီလိုအထက်ဟူ၍ ခွဲခြားထားပြီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ၌ ငါးပေ သုံးလက်မအောက်နှင့် ငါးပေ သုံးလက်မနှင့်အထက်၊ အငယ်တန်းနှင့် အကြီးတန်းဟူ၍ သတ်မှတ်ထား၍ အိမ်ထောင်ရှင်အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဆက်သွယ်မေးမြန်းနိုင်**

Man Sport physique ပြိုင်ပွဲတွင် ၁၇၀ စင်တီမီတာအောက်နှင့်အထက်ဟူ၍ သတ်မှတ်ထားပြီး ကာယဗလမောင် အကောင်းဆုံးဆုကိုလည်း ချီးမြှင့်မည်ဖြစ်ပြီး စက်တင်ဘာ ၉ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၄၅၀၀၂၅၈၆၈၊ ၀၉-၄၄၆၆၁၁၀၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

# မြန်မာ ယူ-၁၈ အသင်း အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် စက်တင်ဘာ ၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၈ အသင်းသည် အောင်မြင်မှုရရှိရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို အာဆီယံဒေသတွင်း ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာယူ-၁၈ အသင်းသည် အောင်မြင်မှုရရှိရန် ရေပန်းစားလျက်ရှိသည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တီမော၊ လာအို၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ)တွင်

*စာမျက်နှာ ၅ ကော်လံ ၄*




မြန်မာ ယူ-၁၈ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်